
www.burmeseclassic.com

မြရည်ကံသာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com











BURMESE CLASSIC .com

## အခန်း(၁)

## မြန်မာ့ရိုးရာလက်ဝှေ့သမား "ဏံသာ"

ဆရာဝန်ကြီးဦးမြဖူးသည် တာဝန်ချိန် ကုန်ဆုံး၍ ဆေးရုံမှ ပြန်ခဲ့ပြီးလျှင် သမီးဖြစ်သူအား ကျောင်းတွင် ဝင်၍ကြို၏။

ထို့နောက် အိမ်သို့ ကားကို ဖြည်းဖြည်း မောင်းကာ ပြန်ခဲ့လေ၏။ တစ်နေရာသို့ အရောက်တွင် ကားသည် စက်သေ၍ ထိုးရပ်သွား၏။ ထိုအခါ ဦးမြဖူးက –

"ခက်တာပဲ သမီးရေ ...၊ တွန်းပေးမှ ထွက်တော့မှာ ...၊ သမီးတစ်ယောက်တည်း ဘယ်





www.burmeseclassic.com

www.burmeseclassic.com



လိုလုပ်ပြီး တွန်းမလဲ . . .'' ဟု ညည်းညူလိုက်လေ၏။ ထိုအခါ သမီးဖြစ်သူက –

''နေဦး ဖေဖေ . . .၊ ဟောဟိုဝါးထရံတွေကာထားတဲ့ ရုံကြီးထဲမှာ သမီးတို့ခြဘေးက အစ်ကိုမင်းညိုက ကျောင်းဆင်းရင် အိမ်ကို တန်းပြီးမပြန်ဘူး . . .၊ အဲဒီကိုဝင်ပြီး မြန်မာ့လက်ဝှေ့လေ့ကျင့်သေးတယ် . . .၊ သမီး သူ့ကိုသွားပြီး အကူအညီတောင်းမယ် . . .'' ဟု ဆိုကာ ကားပေါ်မှဆင်း၍ ပြေးသွားလေ၏။

လက်ဝှေ့လေ့ကျင့်နေသော ရုံသို့ရောက်လျှင် ပထမဆုံးတွေ့သော လက်ဝှေ့သမားအား –

''ဒီမှာ လက်ဝှေ့လေ့ကျင့်တဲ့ အစ်ကိုမင်းညိုနဲ့ တွေ့ချင်လို့ပါ . . .'' ဟု ပြောလိုက်ရာ ထိုသူက –

''ဒီမှာကျင့်တဲ့အထဲမှာ မင်းညိုဆိုတဲ့ နာမည်မရှိပါဘူး . . .'' ဟု ပြောလိုက်လေ၏။ ထိုအခါ လက်ဝှေ့ရုံကြီး၏ အစွန်ဘက်ကျကျတွင် သဲအိတ်ကို ခြေထောက်ဖြင့် ကန်နေသော မင်းညိုက ကြား၍သွားသဖြင့် –





''ရှိတယ် . . . ရှိတယ် . . .၊ ကိုယ့်ကိုမေးတာ'' ဟု ပြောလိုက်လျှင် ပထမတွေ့သော လက်ဝှေ့သမားက –

''မင်းနာမည်က ကံ့သာမဟုတ်လား . . .၊ ဘယ်လိုကနေ မင်းညို ဖြစ်သွားပြန်တာတုံး . . .'' ဟု မေးလိုက်လေ၏။

''ကိုယ့်နာမည်က မင်းညိုပါ . . .၊ ကံ့ဆိုးလွန်းလို့ လက်ဝှေ့ထိုးတဲ့အခါ ကံ့သာအောင်ဆိုပြီး ဆရာဦးဖိုးလှိုင်စိန်ကိုယ်တိုင် 'ကံ့သာ'လို့ ပြောင်းပေးထားတာပါ . . .'' ဟု ဆိုကာ မိန်းကလေးထံသို့သွားလေ၏။ အနီးသို့ရောက်လျှင် မင်းညိုခေါ် ကံ့သာက –

''ဆို . . . ဘာကိစ္စလဲ မြမြ'' ဟု မေးလိုက်လျှင် မြမြက –

''မြမြတို့ကားလေး စက်သေပြီး ရပ်သွားလို့ နည်းနည်းကူတွန်း ပေးဖို့ပါပဲ . . .'' ဟု ပြောလိုက်လေ၏။ ထိုအခါ မင်းညိုခေါ် ကံ့သာက –

''အပေါင်းအသင်း ရောင်းရင်းတို့ရေ . . .၊ မုန့်ဟင်းခါးစားတဲ့ဟော့ . . .'' ဟု လှမ်းခေါ်လိုက်ရာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





လက်ဝှေ့လေ့ကျင့်နေသော လက်ဝှေ့သမား (၇) ယောက်သည် ၎င်းတို့၏ နောက်မှ လိုက်ပါလာလေ၏။ ကံသာနှင့် မြမြသည် ရှေ့မှ ခပ်သုတ်သုတ်သွားကြလေ၏။

ထိုသို့သွားရင်း မြမြက –

“အစ်ကိုမင်းညိုရဲ့ နာမည်က လက်ဝှေ့ရုံမှာ ကိုကံသာနော် ...” ဟု မေးလိုက်လေ၏။

“ဟုတ်ပါ့ မြမြရယ် ...၊ အစ်ကိုတို့ကို လက်ဝှေ့သင်ပေးတဲ့ လက်ဝှေ့ဆရာကြီးဦးဗိုလ်စိန်က ကံကောင်းအောင် ကံသာလို့ ပေးထားတာ ...၊ ဒီမှာတော့ မင်းညိုလို့မေးရင် ဘယ်သူမှမသိကြဘူး ...၊ ကံသာလို့ပဲ သိကြတယ် ...” ဟု ကံသာက ပြောလိုက်လျှင် မြမြသည် ခစ်ခနဲရယ်လိုက်၏။

“အစ်ကိုမင်းညို ...၊ အဲ ... အဲ ... ယောင်လို့ ...၊ အစ်ကို ကံသာ ...၊ မြမြကလည်း ပြောရဦးမယ်၊ မြနာမည်က မြမြမဟုတ်ဘူးနော် ...၊ နာမည်အမှန်က ‘မြရည်’ တဲ့ ...၊ ဒယ်ဒီကိုယ်တိုင် မှည့်ပေးထားတာ ...၊ အစ်ကိုကံသာက







မြမြလို့ နားကြားလွဲပြီးခေါ်နေတာ ...” ဟု မြရည်က ပြောလိုက်လေ၏။ ထိုအခါ ကံသာ က –

“အမှန်ကိုသိရတော့လည်း ပြောင်းပြီးခေါ်ရတာပေါ့ မြရည်ရယ် ...၊ ဒါမခက်ပါဘူး ...” ဟု ပြောလိုက်လေ၏။

ထိုအချိန်၌မှာပင် ကားဆီသို့ ရောက်သွားကြပြီဖြစ်၏။ ဆရာဝန်ကြီး ဦးမြဖူးသည် လက်ရုံးလက်မောင်းများဖုထစ်ကြွဖောင်းနေသော လက်ဝှေ့သမား (၇)ဦးကိုမြင်လျှင် လွန်စွာအားရ၍သွားလေ၏။

“များလှချေလား ...၊ ဒီလောက်တောင် မလိုပါဘူး ...” ဟု ပြောလေ၏။ သို့ရာတွင် လက်ဝှေ့သမား (၇)ဦးသည် ဦးမြဖူး၏ ကားကို စ၍တွန်းနေကြပြီဖြစ်၏။ မြရည်သည် ကားပေါ်သို့ ဇွေ့ခနဲတက်၍ ထိုင်လိုက်ပြီဖြစ်၏။ ဦးမြဖူးက ကံသာအား –

“လူကလေး ...၊ မင်းလည်းပဲ လေ့ကျင့်ခန်းပြီးလို့ ပြန်လိုက်ချင်ရင် တစ်ခါတည်းလိုက်ခဲ့လေ ...” ဟု ခေါ်လေ၏။ ထိုအခါ ကံသာက –



www.burmeseclassic.com

www.burmeseclassic.com



"ပြီးပါပြီ အန်ကယ် ...၊ ကျွန်တော် အကျီအဝတ်အစား သွားဝတ်လိုက်ဦးမယ် ..." ဟု ဆိုကာ လက်ဖွေလေ့ကျင့်ရုံသို့ ပြေးလေ၏။

ထို့နောက် ပုဆိုးနှင့်အကျီကို လက်တစ်ဖက်တွင်ကိုင်၍ ကျောင်းလွယ်အိတ်ကို ပုခုံးတစ်ဖက်တွင် လွယ်ကာ အပြေးပြန်ရောက်လာလေ၏။

ကားမှာ စက်နိုးသွားပြီဖြစ်၏။ ကံသာလည်း လေ့ကျင့်ဘက် သူငယ်ချင်းများကို နှုတ်ဆက်ကာ ဦးမြဖူး၏ ထိုင်ခုံဘေးတွင် ဝင်၍ ထိုင်လိုက်လေ၏။ ဦးမြဖူးသည် ကားကို စတင်မောင်းရင်း –

"အဲဒီ ဝါးထရုံတွေကာထားတဲ့ ရုံကြီးဟာ မင်းတို့ လက်ဖွေကလပ်လား ..." ဟု မေးလေ၏။

"ဟုတ်ပါတယ် အန်ကယ် ...၊ ကျွန်တော်တို့ရဲ့ မြန်မာ့လက်ဖွေကလပ်ပါ ...၊ 'မြန်မာပြည်သားကလပ်' လို့ ခေါ်ပါတယ် ..." ဟု ကံသာက ပြန်၍ ဖြေလိုက်လျှင် ဦးမြဖူးက –

"ဘောက်ဆင်မဟုတ်ဘူးလားကွဲ့ ..." ဟု မေးလေ၏။





"မဟုတ်ပါဘူး ခင်ဗျာ ...၊ မြန်မာ့လက်ဖွေ စစ်စစ်ပါ ...၊ လက်ဖွေသမား ဝါရင့် ဦးဗိုလ်စိန်ဆိုတဲ့ ဆရာကြီးက ကျွန်တော်တို့ရဲ့ နည်းပြဆရာပါ ...၊ မြန်မာ့လက်ဖွေကျင့်တာပါ ..."ဟု ကံသာက ပြန်၍ ဖြေလိုက်လေ၏။

"ကောင်းကွာ ...၊ မြန်မာ့လက်ဖွေကို အန်ကယ်လည်း သဘောကျတယ်ကွ ...၊ လက်ခမောင်း ခတ်သံကြားရင် စိတ်ကို ကြွကြွသွားတာပဲ ...၊ မင်းကော လက်ခမောင်း ကောင်းကောင်း ခတ်တတ်ပြီလား ..." ဟု ဦးမြဖူးက မေး၏။ ထိုအခါ ကံသာက –

"ခတ်တတ်ပါပြီ အန်ကယ် ...၊ အန်ကယ် ခွင့်ပြုရင် ကျွန်တော် ခတ်ပြပါ့မယ် ..." ဟု ပြောလိုက်ရာ ဦးမြဖူးက –

"ခတ်ပါ မောင်ရင်ရယ် ...၊ ခတ်ပါ ..." ဟု ဆိုလိုက်သဖြင့် ကံသာလည်း ဘယ်ဘက်လက်မောင်းကိုကွေး၍ ညာဘက်လက်ဝါးဖြင့်အုပ်ကာ တဖြောင်းဖြောင်း လက်ခမောင်းခတ်ပြလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com





ထိုအခါ ဆရာဝန်ကြီးဦးမြဖူးက –

''မင်းဟာ တကယ်ယောကျ်ားပီသတဲ့ကောင်ပဲ၊ ကိုယ့်ကိုယ်ကို ကာကွယ်နိုင်ပြီကွ ...၊ မင်းရှေ့မှာ မတရားမှုဖြစ်နေတာတွေ့ရင်လည်း မင်းအနေနဲ့ ဝင်ပြီး ကာကွယ်လို့ရပြီ ...၊ မြန်မာ့လက်ဝှေ့က ဒူးတွေ၊ ခြေထောက်တွေ၊ တံတောင်တွေလည်း သုံးရတယ်မဟုတ်လား ...'' ဟု မေးလေ၏။

''ဟုတ်ပါတယ် ခင်ဗျာ ...၊ တစ်ယောက်နဲ့တစ်ယောက် ချုပ်ရ၊ ဖမ်းရတာတွေလည်း ပါပါတယ်၊ လက်ဝှေ့စာဆိုမှာတော့ 'အချုပ်အသိုင်းမှန်ရင် လုပ်တိုင်းခံသွားရမယ်' တဲ့ ...၊ ပြီးတော့ ဒီမှာ သူငယ်ချင်း ...၊ ငါ့ရဲ့ အကန့်အချုပ်တွေမှာ ဆန့်ပြုတ်သောက်သွားရမယ် ...၊ ကံမကောင်းရင် နံနှစ်ချောင်းနဲ့ ပြန်သွားရမယ် ...၊ လက်သီးပုန်းနဲ့ ဒူးပျံနဖူးခံရင် ဟက်တက်ကွဲသွားမယ် ...၊ အသည်းကောင်းလို့ ပွဲတောင်းတဲ့မောင်ကွ ...၊ အသည်းမာလို့ ပွဲလာခဲ့တာ ...၊ ဝါးရုံပင်ကျွဲခတ်သလို အသည်းပြွတ်အောင် ထိုးပစ်လိုက်မယ် ...၊ ဝါးထိုးရင် ဝါးကွဲ၊







နွားထိုးရင် နွားလဲ ...၊ ငါ့လက်သီးတစ်ချက်ဟာ မင်းအတွက် တစ်သက်စာဖြစ်သွားရမယ် ...၊ ရမ်းမဝင်နဲ့ သူငယ်ချင်း၊ အလူ့အိမ်မဟုတ်ဘူး၊ ရမ်းဝင်ရင် ကြမ်းပြင်နမ်းပြီး ထမ်းစင်နဲ့ ထုတ်သွားရမယ် သတိထား ...' ဆိုတဲ့ အဆိုတွေလည်း ရှိပါတယ် ခင်ဗျ ...'' ဟု ကံသာက ပြောလိုက်လျှင် ဆရာဝန်ကြီးဦးမြဖူးက –

''ဓားမှာ ဓားကြိမ်းရှိသလို ဒါကလည်း လက်ဝှေ့ကြိမ်းပေါ့ကွာ ...၊ အားရဖို့ကောင်းလိုက်တာလူကလေးရာ ...၊ မင်းရဲ့ အရုပ်အမောင်း၊ မင်းရဲ့ ကိုယ်လုံးကိုယ်ထည်၊ မင်းရဲ့ မျက်နှာပေါက်နဲ့ကတော့ အတော့်ကို လိုက်ဖက်တယ် လူကလေးရေ ...၊ မင်းကိုမြင်ရတာ အန်ကယ်ဖြင့် အားကိုရနေတာပဲ ...၊ ယောကျ်ားလေးဆိုတာ အဲဒီလိုမှကွ ...၊ ဖြူဖတ်ဖြူရော် ပျော့တီးပျော့ဖတ် မိန်းမချောချောနေတဲ့ကောင်တွေ ဘာလုပ်ဖို့လဲ ...၊ မျက်နှာကို ပေါင်ဒါတွေဖို့လိုက်၊ ခေါင်းကလေးဖြီးလိုက်၊ ပုဆိုးကို ခွေးချေးသိမ်းဝတ်လိုက်၊ လမ်းလျှောက်ရင် ကနွဲ့ကလျနဲ့ ...၊ အဲဒီ

www.burmeseclassic.com



လိုယောကျ်ားလေးတွေ တွေ့ရရင် အန်ကယ်ဖြင့် သိပ်ပြီးချဉ်တာပဲ ...'' ဟု ပြောလိုက်လျှင် ကားနောက်တွင် တစ်လုံးမျှမပြောဘဲ လိုက်ပါလာသော မြရည်က –

''ဖေဖေ ... အခုပြောတဲ့စကားဟာ အစ်ကိုတို့အိမ်က ဂျော်နီ့ကို စောင်းပြီးပြောနေသလိုပဲ ...'' ဟု ပြောကာ တခစ်ခစ်ရယ်၍ နေလေ၏။

''စောင်းပြီးပြောတာမဟုတ်ပါဘူး သမီးရယ်၊ မတော်တဆ တိုက်ဆိုင်သွားတာ ဖြစ်ပါလိမ့်မယ် ...၊ ဂျော်နီ့ကိုတော့ သူ့အမေက အရမ်းမြှောက်တာပဲ ...၊ သူ့သားကို ချောလှပြီ၊ လှလှပြီလို့ အောက်မေ့နေတာ ...၊ ဖေဖေ့မျက်စိထဲမှာတော့ ဒီကောင့်ကိုမြင်ရတာ ပိုးဟပ်ဖြူကို မြင်ရသလိုပဲ ...၊ ဒီလူကလေးရဲ့ လက်သီးနဲ့ တစ်ချက်ထိုးမိရင် အဲဒီ ဂျော်နီဆိုတဲ့ကောင်လေး နံရိုးတွေအကုန်လုံး ကျိုးကုန်မယ်ထင်တယ် ...'' ဟု ပြောလိုက်လျှင် မြရည်သည် တခစ်ခစ်ရယ်ပြန်လေ၏။ ထိုသို့ရယ်ပြီးနောက်–

''အစ်ကို ...၊ ဖေဖေမြှောက်ပေးတိုင်း သွား





ပြီးမလုပ်နဲ့နော် ...၊ ဒေါ်မေရီကြီးက မောင်းချလို့ နေစရာမရှိဘဲ ဖြစ်နေဦးမယ် ...'' ဟု ပြောလေ၏။

ဤသို့နှင့်ပင် ၎င်းတို့၏ ကားကလေးသည် ဦးမြဖုး၏ အိမ်ရှေ့သို့ ရောက်လာလေ၏။ ကားကို ရပ်လိုက်သည်နှင့် ကံသာလည်း ကားပေါ်မှ ဆင်းလိုက်၏။ ထို့နောက် –

''အန်ကယ် ...၊ ကျွန်တော်သွားမယ်'' ဟု နှုတ်ဆက်လိုက်၏။ ပြီးလျှင် မြရည်ဘက်သို့လှည့်ကာ –

''မြရည် ... အစ်ကိုသွားမယ် ...'' ဟု နှုတ်ဆက်ပြန်၏။ ပြီးလျှင် သွက်လက်ပေါ့ပါးစွာ ပြေးလွှား၍ ထွက်သွားလေတော့သတည်း ...။ ။

* * *



www.burmeseclassic.com

www.burmeseclassic.com









## အခန်း (၂)
## ကံ့သာ၏အဝတ်အစားများ မီးရှို့ခံရခြင်း

ကံ့သာသည် ခြံ၏နောက်ဘက်တွင် အမိုးနှင့် တကွ ကြက်တဲ လေးတစ်တဲထိုးလေ၏။ ပြီးလျှင် အိမ်ကြက်မများကို ကြက်ဖလေးနှင့်အတူ မွေးထား လေ၏။ သူ၏ကြက်မများသည် နေ့စဉ် ဥများဥပေး လေ၏။ ထိုဥများကို လက်ဝှေ့လေ့ကျင့်သောရုံတွင် ယူ၍လည်း ရောင်းချလေ၏။ ကျန်ကြက်ဥများကို ဆရာဝန်ကြီးဦးမြဖူးအိမ်သို့လည်း ပို့လေ၏။

ထိုမှရသောငွေဖြင့် အဝါရောင်စပို့ရှပ်ကလေး တစ်ထည်၊ ဂျင်းဘောင်းဘီလေးတစ်ထည်ဝယ်၍ ဝတ်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ထိုအဝတ်ရောင်စပို့ရှပ်ကလေးသည် ကံသာနှင့် လွန်စွာလိုက်ဖက်လေ၏။ လက်မောင်းကြွက်သားလှသောကြောင့် စပို့ရှပ်ဝတ်လိုက်သောအခါ တင်းတင်းရင်းရင်းနှင့်ကြည့်၍ ကောင်းလေ၏။

အရုပ်အမောင်းကောင်းသောကြောင့် ဂျင်းဘောင်းဘီရှည် ဝတ်လိုက်သောအခါ လွန်စွာမှ လိုက်ဖက်လေ၏။ တစ်နေ့တွင် ဒေါ်မေရီကြီးသည် ကံသာအား –

"အောင်မာ ...၊ စပို့ရှပ်အသစ်တွေ ဘောင်းဘီအသစ်တွေနဲ့ပါလား ...၊ ငါ့ပိုက်ဆံအိတ်ထဲက ပိုက်ဆံတွေခိုးပြီး ဝယ်တယ်ထင်တယ် ..." ဟု စွပ်စွဲလေ၏။

ထိုအချိန်၌ ဆရာဝန်ကြီးဦးမြဖွားနှင့် သမီးဖြစ်သူ မြရည်တို့ခြံတွင် ကပ်လျက်ရှိသော ပန်းပင်များကို ကြည့်ရှုနေသောအချိန်ဖြစ်၍ ဒေါ်မေရီပြောနေသော စကားများကို သဲသဲကွဲကွဲကြားရလေ၏။

"မဟုတ်ပါဘူး အန်တီရယ် ...၊ ဟောဟိုခြံထောင့်မှာ ကျွန်တော် ကြက်ကလေးတွေမွေးထားပါ







တယ်၊ အဲဒီက ကြက်ဥတွေရတော့ ရောင်းပြီး အဲဒီပိုက်ဆံလေးနဲ့ ဝယ်တာပါ ...၊ အန်တီ့ပိုက်ဆံကို ကျွန်တော်မခိုးပါဘူး" ဟု ကံသာက ဖြေရှင်းလိုက်လျှင် ဒေါ်မေရီက ကြက်တဲကိုလှမ်း၍ ကြည့်ပြီးလျှင် –

"ကြည့်စမ်း ... ကြည့်စမ်း။ ခြံထဲမှာ ကြက်တဲကြီး ထိုးထားလိုက်တာ ဟီးနေတာပဲ၊ နင်က ဒီအိမ်မှာနေပြီး နင့်စီးပွားနင်ရှာနေတာကိုး ...၊ ကြက်တဲရှိရင် မြွေလာလိမ့်မယ် ...၊ တို့ကို မြွေကိုက်ပြီး သေအောင်လို့လုပ် တာပေါ့လေ ...၊ အခုဖျက်ပစ် ...၊ ကြက်တွေကို အခုသွားပြီး လွှတ်ပစ်ချေ ...၊ အဲဒီအကျႌနဲ့ အဲဒီဘောင်းဘီလည်း အခုချွတ်လိုက် ...၊ နင်မဝတ်နဲ့ ...၊ ငါ့သားဂျော်နီက စပို့ရှပ်အဝါရောင်ဝတ်တယ်ဆို နင်က လိုက်ပြီးဝတ်တယ်၊ ဂျင်းဘောင်းဘီရှည်ဝတ်တယ်ဆို နင်က လိုက်ဝတ်တယ်ဟုတ်လား ...၊ ဂုဏ်တုဂုဏ်ပြိုင်လုပ်တာပေါ့ ဟုတ်လား။

အဝတ်ချင်းတော့ တူအောင်လုပ်လို့ရတယ် ဟေ့၊ လူချင်းတော့ မတူဘူး။ ငါ့သားက ဖြူဖြူသန့်သန့်ချောတယ်၊ နင်က ကျက်သရေမရှိဘူး ...၊ အဲဒါ





www.burmeseclassic.com

www.burmeseclassic.com



တော့ မှတ်ထားလိုက်၊ ချွတ်စမ်းပါ အင်္ကျီတွေ ဘောင်းဘီတွေ . . .'' ဟု ဆိုသဖြင့် ကံသာလည်း အင်္ကျီနှင့် ဘောင်းဘီကိုချွတ်၍ ကပျာကယာပေးလိုက်ရလေ၏။

ဒေါ်မေရီသည် ကံသာ၏အင်္ကျီနှင့် ဘောင်းဘီကိုရလျှင် အနီးရှိ ဓားမဖြင့် နုပ်နုပ်စဉ်းပစ်လိုက်လေ၏။ ပြီးလျှင် အမှိုက်များကို မီးရှို့ထားသော မီးပုံအတွင်းသို့ ထည့်လိုက်လေ၏။

ကံသာ၏ အင်္ကျီနှင့်ဘောင်းဘီကို မီးစတင်လောင်ကျွမ်းနေပြီဖြစ်ရာ မီးခိုးများသည် အူ၍ အထက်သို့ တက်နေပြီဖြစ်၏။ ထိုထက်ဆိုးသည်မှာ ကံသာကဲ့သို့ ငယ်ရွယ်သော ကလေးတစ်ယောက်အဖို့ နှလုံးသားကို မီးဖြင့် လောင်မြိုက်ခြင်းခံလိုက်ရသကဲ့သို့ နာကျင်၍ သွားလေတော့၏။

ထို့နောက် ကံသာသည် ကြက်ခြင်းကြီးတစ်လုံးကိုရှာကာ သူ၏ ကြက်များကိုထည့်၍ ထမ်းလျက် ခြံအပြင်သို့ ထွက်သွားလေတော့၏။ အပြင်သို့ရောက်လျှင် 'ကိုအာပြဲ' ဆိုသူ၏ ဆိုက်ကားကိုငှားပြီးလျှင် မြို့အပြင်ရှိ သူ၏မိတ်ဆွေ တရုတ်ကြီးကိုဘော်ဟွန်း၏





တဲဆီသို့ ထွက်လာခဲ့လေ၏။

ကျန်ရစ်ခဲ့သော ဒေါ်မေရီသည် ကံသာအား မမောနိုင်မပန်းနိုင် ဆဲဆိုကျိန်ဆဲနေလေသေး၏။ ထိုအချင်းအရာကို မြင်တွေ့နေရသော မြရည်၏မျက်လုံးအိမ်မှ မျက်ရည်များသည် ပါးပြင်ပေါ်သို့စီးကျလေ၏။

ဆရာဝန်ကြီးဦးမြဖူးသည် သမီးကလေး ငိုကြွေးနေသည်ကိုတွေ့လျှင် လွန်စွာမှ စိတ်မကောင်းဖြစ်၍ သွားလေတော့၏။ ထို့ကြောင့် မျက်ရည်များကို သုတ်ပေးရင်း –

''မငိုပါနဲ့ သမီးရယ် . . .၊ တကယ်ပြောရရင် သူ့သားဂျော်နီကမှ စပို့ရှပ်နဲ့ ကြည့်လို့မကောင်းတာ . . .၊ လက်မောင်းကလေးက ပုလွေရိုးလောက်ရှိတယ်၊ စပို့ရှပ်လက်မောင်းကပွပြီး ချောင်တိချောင်တောင်နဲ့ . . .၊ ရင်အုပ်ကလည်း ပြားပြီးခွက်နေတယ် . . .၊ စပို့ရှပ်ဝတ်လိုက်တော့ ကမ္ဗလာနီးရုပ်ကို ဝတ်ပေးထားသလိုပဲ . . .၊ ဂျင်းဘောင်းဘီနဲ့လည်း မလိုက်ဘူး . . .၊ ဖင်က ရှုံ့ပြီး . . .၊ အထဲဝင်နေတော့ ကြည့်လို့ကိုမကောင်းဘူး . . .၊



www.burmeseclassic.com

www.burmeseclassic.com





ဟိုကောင်လေးကတော့ ဂျင်းဘောင်းဘီနဲ့ စပို့ရှပ်ဝတ်လိုက်တာ အမေရိကန်ရုပ်ရှင်မင်းသား 'ဂိုမ်းစ်ဒင်း' ကျနေတာပဲ ...၊ အဲဒါကို ဒေါ်မေရီကြီးက မနာလိုဖြစ်သွားတာ ...'' ဟု ပြောကာ သမီးကလေး မြရည်ကို ချော့မော့၍ အိမ်ပေါ်သို့ တက်သွားလေ၏။

အိမ်အပေါ်သို့ရောက်လျှင် မြရည်က –

''သမီးဖြင့်လေ ...၊ အူတွေယားလာတယ်၊ ပြေးသွားပြီး ဒေါ်မေရီ ကြီးကို ပါးတွေနားတွေ ရိုက်ပစ်ချင်စိတ် ပေါက်လာတယ် ...၊ သမီးတော့ ဆုံးဖြတ်ထားတယ်၊ ဒေါ်မေရီကြီးဟာ သိပ်ပြီးစွာတယ် ...၊ သမီးနဲ့လာပြီး ငြိခဲ့ရင်တော့ မျက်နှာကို သံပေတံနဲ့ကို ခုတ်ချလိုက်မယ် ...'' ဟု ပြောလိုက်ရာ ဆရာဝန်ကြီးဦးမြဖူးက –

''မလုပ်ပါနဲ့ သမီးရယ် ...၊ သူ့အတိုင်း ထားလိုက်ပါ ...၊ ဒီအဖြစ်အပျက်တွေက မောင်ကံသာကို ကြီးပွားအောင် လုပ်ပေးလိမ့်မယ် ...'' ဟု ပြောလိုက်လေ၏။

မောင်ကံသာသည် ကြက်ခြင်းကြီးသယ်၍







တရုတ်ကြီး ဦးဘော်ဟွန်း၏တဲသို့ သွား၏။ ဦးဘော်ဟွန်းအား အကျိုးအကြောင်း ပြောပြလေ၏။ ဦးဘော်ဟွန်းကလည်း –

''မင်းကြက်တွေကို ငါခြံထဲမှာပဲ မွေးပါကွာ ...၊ အစာလည်း ငါကျွေးပေးပါ့မယ် ...၊ ကြည့်ဥလည်း ငါ ကောက်ပေးပါ့မယ် ...၊ ကြက်ဥတွေ ဝယ်တဲ့လူလာရင်လည်း ငါရောင်းပေးပါ့မယ် ...၊ ပြီးတော့ ကြက်ဥဖိုးငွေတွေ သပ်သပ်ဖယ်ပေးထားပါ့မယ် ...၊ မင်းလာယူပေါ့၊

ငါ့အထင်ပြောရရင်တော့ မင်းဟာ အဲဒီအိမ်မှာ မြဲမှာမဟုတ်တော့ဘူး။ မင်းအဒေါ် ဒေါ်မေရီကြီးက ထားချင်ပုံမရတော့ဘူး ...၊ မင်းအပေါ်မှာ ညစ်နေပြီ ...၊ မင်းပြေးရတော့မယ်ထင်တယ် ...၊ တကယ်လို့ မောင်းချရင် တခြားကိုမသွားနဲ့ကွ ...၊ ငါ့ဆီကိုပဲ ထွက်လာခဲ့၊ ငါ လက်ခံထားမယ် ...'' ဟု အားပေးစကား ပြောလိုက်လေတော့သတည်း ...။ ။

* * *



www.burmeseclassic.com

www.burmeseclassic.com









## အခန်း (၃)
## လက်ဝှေ့ပွဲ စပြီ ...

ကံသာတို့နေသော ရပ်ကွက်ကြီးတွင် ရပ်မိရပ်ဖများ ညှိနှိုင်းစည်းဝေးကာ လွတ်လပ်ရေးပွဲတော်ကြီးအား စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ကြလေ၏။ ပိုက်ဆံချမ်းသာသောသူများက မ,တည်၍ ကျန်လူများက အိမ်ပေါက်စေ့ အလှူငွေများ ထည့်ဝင်ကြရလေ၏။

ထိုပွဲတော်ကြီးတွင် ဇာတ်များ၊ အငြိမ့်များ၊ ဆပ်ကပ်ပွဲများသွင်းလေ၏။ ထို့အတူ ပြခန်းများလည်း



www.burmeseclassic.com

www.burmeseclassic.com





ပြသလေ၏။ ထိုမျှနှင့် မကျေနပ်သေးဘဲ အတန်း(၅)တန်းခွဲ၍ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ထည့်သွင်းလေ၏။ လက်ဝှေ့ပွဲတွင် ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် လက်ဝှေ့သမားများသည် ပွဲမစမီ (၅)ရက်အလိုကပင် ကြိုတင်၍ စာရင်းပေးရလေ၏။

ကံသာသည် လူသစ်တန်းတွင် ဝင်ရောက်ထိုးသတ်ရန် စာရင်းပေး ထားလေ၏။ အိမ်နီးချင်းဖြစ်သော ဆရာဝန်ကြီးဦးမြဖူးက —

"လူကလေးမောင်ကံသာ ...၊ လက်ဝှေ့ထိုးဖို့ စာရင်းပေးထား ပြီးပြီလား ..." ဟု မေးရာ ကံသာက —

"မနေ့ကပဲ ပေးထားပြီးပါပြီ အန်ကယ်၊ လူသစ်တန်းမှာ ဝင်ပြီးထိုးရမယ် ...၊ အဲဒီလူသစ်တန်းက ဗိုလ်လုပွဲရှိတယ် ...၊ နှစ်ယောက်တစ်တွဲ ထိုးရမှာ ...၊ နိုင်သွားတဲ့လူက နောက်တစ်ဆိုင်းနဲ့ ထိုးရမယ်၊ အဲဒီမှာ နိုင်ရင်တော့ နှစ်ယောက်ပဲကျန်မယ်၊ အဲဒါ ဗိုင်နယ်ပဲ ...၊ နိုင်ရင် လူသစ်တန်းမှာ ဗိုလ်ပဲ ...၊







နောက်နှစ်ဆိုရင်တော့ လူကြီးတန်း ပဥ္စမတန်းမှာ ထိုးရမယ် ...၊ နိုင်ရင် စတုတ္ထတန်းတက်ရမယ် ...၊ ငါးနှစ်ကြာတဲ့အခါ ပထမတန်းကို ရောက်သွားမယ် ..." ဟု ရှင်းပြလေ၏။

"ဒီလိုကွာ ...၊ လူသစ်တန်း ပထမပွဲမှာပဲ နိုင်လိုက်တယ်ပဲထား ...၊ မင်းကို ဦးက အဝါရောင်စပို့ရှပ်တစ်ထည်နဲ့ ဂျင်းဘောင်းဘီတစ်ထည် ဆုချမယ် ...၊ ဒုတိယပွဲဆက်နိုင်ရင် ဝေါကင်းရှူးဖိနပ်တစ်ရံ ဆုချမယ်ကွာ ...၊ ဗိုင်နယ်မှာ နိုင်ရင်တော့ ရှပ်အင်္ကျီတစ်ထည်ရယ်၊ တိုက်ပုံအင်္ကျီ တစ်ထည်ရယ် ...၊ မန္တလေးပိုးလုံချည်တစ်ထည်ရယ် ဆုချမယ်ကွာ ...၊

တစ်ခုတော့ရှိတယ် ...၊ မင်းတို့လူသစ်တန်းက ဝိတ်ချိန်ပြီးမှ ထိုးရမှာလား ...၊ လူသစ်တန်းဆိုရင် ပြီးရောဆိုပြီး ရောပြီးထိုးရမှာလား ..." ဟု ဦးမြဖူးက မေးလေ၏။

"ဝိတ်မချိန်ရပါဘူး ...၊ မထိုးဖူးတဲ့လူမှန်သမျှ လူသစ်တန်းမှာ ဝင်ပြီးထိုးရမှာပါပဲ ..." ဟု ကံသာက ဖြေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကံသာသည် လက်ဝှေ့ပွဲနီးလာသောကြောင့် အပြင်းအထန်လေ့ကျင့် လေ၏။

ဤသို့နှင့်ပင် ရပ်ကွက်မှကျင်းပသော လွတ်လပ်ရေးပွဲကြီး ကျင်းပလေ၏။ ပထမနေ့၌ပင် ကံသာ ထိုးရမည့် အတွဲပါလေ၏။ ဆရာဝန်ကြီး ဦးမြဖူးနှင့် သမီးဖြစ်သူ မြရည်တို့သည် ရှေ့ဆုံးခုံမှ လက်မှတ်ဝယ်၍ ကြည့်ကြလေ၏။

လက်ဝှေ့ပွဲကြေညာသူက –

''အခု အနီထောင့်က တက်လာတာကတော့ လူသစ်တန်းမှာ ဗိုလ်စွဲရမယ်လို့ ကြွေးကြော်နေတဲ့ 'ကံသာ' ဖြစ်ပါတယ် ...'' ဟု ကြေညာလိုက်ရာ ကံသာသည် လက်ဝှေ့စင်ပေါ်သို့ ကြွားကြွားရွားရွား တက်လာပြီးလျှင် လက်ဝှေ့ကြိုးတန်းကိုခုန်၍ ဝင်လာလေ၏။ အတွင်းသို့ရောက်လျှင် အပြာထောင့်ဘက်သို့ လှည့်ကာ လက်ခမောင်းကို တဖြောင်းဖြောင်းခတ်လိုက်လေတော့၏။

ထို့နောက် လက်ဝှေ့ကြေညာသူက –

''အပြာထောင့်ကတက်လာသူကတော့ 'လူ





မှန်ရင် ဗိုလ်မထား ...၊ ချိုပေါက်တဲ့နွား'လို့ ကြွေးကြော်နေတဲ့ 'ညိုကြီး'ဖြစ်ပါတယ် ...'' ဟု ကြေညာလိုက်လေ၏။ ကြိုးဝိုင်းအိုင်နှစ်ဦးသည် လက်ဝှေ့ထိုးမည့် ကံသာနှင့် ညိုကြီးအား လက်ဝှေ့စည်းကမ်းချက်များကို ပြောပြနေ၏။ ထိုသို့ ပြောပြပြီးလျှင် စတင်၍ လွှတ်လေတော့၏။

ညိုကြီးသည် ထိုရပ်ကွက်အတွင်းတွင် ဆိုးသွမ်း လူငယ်လေးတစ်ဦးဖြစ်၏။ ကံသာအား အမိအရ လိုက်၍ ထိုး၏။ ကံသာသည် ရှောင်၏။ ညိုကြီးသည် ခတ်၏။ ကံသာက တံတောင်ဖြင့်ထောက်၍ ပိတ်၏။ ညိုကြီးက ချုပ်၏၊ ကံသာက ရုန်း၏။ လွန်စွာမှကြည့်၍ ကောင်း၏။

ပရိသတ်သည် လက်ခုပ်သံမစဲ အားပေးကြလေ၏။ ၎င်းတို့နှစ်ဦးသည် အသည်းအသန်ထိုးသတ်နေကြ၏၊ ညိုကြီး၏ အပေါင်းအသင်း ဆိုးသွမ်းလူငယ်လေးများသည် မြင်မကောင်းအောင် အားပေးနေကြလေ၏။

ကံသာသည် ညိုကြီး၏ရင်ဝကို ဒူးပုံဖြင့်နှံ



www.burmeseclassic.com

www.burmeseclassic.com



၍ တိုက်လိုက်လေ၏။ မိမိရရထိသွားသောကြောင့် ညို ကြီးလဲကျသွားလေတော့၏။ ကြိုးဝိုင်းဒိုင်မှာ အမှတ် စဉ်ခေါ်၏၊ ညိုကြီးသည် အမှတ်စဉ် (၅)သို့ ရောက်သော အခါ လူးလဲ၍ ထလာလေ၏။

ပရိသတ်က တစ်ခဲနက် အားပေးလေ၏၊ ပြန် လည်၍ ယှဉ်ပြိုင်ထိုးသတ်ကြပြန်လေ၏။ ညိုကြီး ကန် လိုက်သောခြေကို ရှောင်ရင်း ကံသာသည် 'ဂျက်' ခေါ် ဘယ်လက်သီးဖြင့် ညိုကြီး၏မျက်နှာကို မိမိရရ ထောက်လိုက်ရာ ညိုကြီးသည် အရုပ်ကြိုးပြတ် ပုံကျ သွားလေတော့၏။ အမှတ်စဉ်ခေါ်၍ မရတော့ပေ။ ထမ်း၍ ထုတ်သွားရလေတော့၏။

ထိုအခါ လက်ဝှေ့ကြေညာသူက အနိုင်ဖြင့် လက်ဝှေ့ရေးပြန်ရန် ကံသာအား ကြေညာသောကြောင့် ကံသာသည် ဆိုင်းချက်နှင့်အညီ လက်ဝှေ့ရေးကို လှ လှပပ ပြလေတော့၏။

ထိုနေ့ လက်ဝှေ့ပွဲ၌ ထိုးသမျှလက်ဝှေ့သမား များထဲတွင် ကံသာ၏ ထိုးလုံးသတ်ပေါက်ကို လူအများ က သဘောကျကြလေ၏။ နောက်တစ်နေ့တွင် ကံ







သာသည် 'ဗိုလ်မထား'ဆိုသော ရပ်ကွက်ဆိုးသွမ်းလူ ငယ်တစ်ဦးနှင့် တွဲ၍ကျပြန်လေ၏။

ထိုပွဲ၌လည်း ကံသာသည် 'ဗိုလ်မထား'၏ ခေါင်းကိုချုပ်၍ ဒူးဖြင့်တိုက်လိုက်ရာ 'ဗိုလ်မထား'ကို နှစ်ချီခြမှာပင် ထမ်း၍ထုတ်သွားရလေ၏။ လက်ဝှေ့စင် ပေါ်မှ ကံသာဆင်းလာသောအခါ၌ ဆရာဝန်ကြီးဦးမြဖူး က ကံသာအား လက်ဆွဲနှုတ်ဆက်လေ၏။ မြရည်က လည်း ကံသာအား ချွေးသုတ်ရန်အတွက် အသင့်ယူ လာသော 'လပ်ဗား'ဟု စာတမ်း ထိုးထားသည့် မျက် နှာသုတ်ပုဝါလှလှလေးတစ်ထည်ကို လက်ဆောင် ပေးလိုက်လေ၏။

ထိုလက်ဝှေ့ပွဲများကို ကံသာ၏ဦးလေးမိန်းမ ဒေါ်မေရီနှင့် သူ့သား ဂျော်နီတို့လည်း လာ၍ကြည့်ကြ လေ၏။ ဒေါ်မေရီက သူ့သားဂျော်နီအား –

"သားရယ် ...၊ အားမကျပါနဲ့ကွယ် ...၊ ဒီအလုပ်တွေက လူဆိုး လူမိုက်အလုပ်တွေပါ ...၊ အိမ်က အကောင်ကတော့ အစွမ်းကောင်း နေလိုက် တာ ...၊ ဒီကောင်ကတော့ ဒါတွေတတ်ထားပြီ





www.burmeseclassic.com

www.burmeseclassic.com



မယ် ...၊ ဒီကောင်က ဓားပြဖြစ်မယ့်ကောင်ပဲ ...''
ဟု ပြောလေ၏။

ထိုစကားကို အနီးတွင်ရှိသော ကံသာ၏ သူငယ်ချင်းတစ်ဦးက ကြား၍သွားသဖြင့် –

''မိန်းမလျာဖြစ်တာထက်စာရင် ဓားပြဖြစ်တာက တော်သေးတယ်အဒေါ် ...'' ဟု ဝင်၍ပြောသဖြင့် ထိုသူငယ်လေးနှင့် ဒေါ်မေရီ အကြီးအကျယ်စကားများကြလေတော့၏။ ဒေါ်မေရီက ထိုသူငယ်အား –

''နင်နဲ့ဘာဆိုင်လို့ ဝင်ပြောရတာလဲ ...''
ဟု မေးလေ၏။ ထိုအခါ ထိုသူငယ်လေးက –

''ကံသာက ကျုပ်တို့သူငယ်ချင်းဗျ ...၊ ခင်ဗျား သက်သက်မဲ့ချိုး မျှစ်ချိုးပြောနေတာ ...၊ သားသမီးချင်း ကိုယ်ချင်းမစာဘူး ...၊ ပြီးတော့ ကျုပ်တို့နဲ့ လက်ပွေ့ကျင့်ဖက်ဗျ ...၊ မတရားတော့မပြောနဲ့ မခံဘူး ...၊ ခင်ဗျား ဆက်ပြီးပြောရင် ခင်ဗျားကိုတော့ ဘာမှမလုပ်ဘူး ...၊ ခင်ဗျားအေးက ခင်ဗျားသား မိန်းမလျာလိုကောင်ကို ထိုးပစ်လိုက်မယ် ...'' ဟု ပြောလိုက်ရာ ဂျော်နီသည် ကြောက်၍သွားသဖြင့် –





''မာမီရယ် ...၊ မပြောစမ်းပါနဲ့ ...၊ သူတို့က သားကို ရန်လုပ်နေပါဦးမယ် ...'' ဟု ပြောလိုက်ရာ ဒေါ်မေရီနှင့် စကားများသော သူငယ်လေးက –

''ဒီမှာ အဒေါ်ကြီး ...၊ ခင်ဗျားမြင်ပြီမဟုတ်လား ...၊ ခင်ဗျားသားမိန်းမလျာ ကြောက်သွားပြီ ...၊ အဲဒါမျိုး ကံသာကို ပြောကြည့်ပါလား ...၊ လက်ခမောင်းခတ်ပြလိုက်လိမ့်မယ် ...'' ဟု ပြောကာ တဟားဟား ရယ်မောလိုက်လေ၏။ ကျန်သောသူငယ်ချင်းများကလည်း ဝိုင်း၍ ရယ်ကြလေတော့၏။ ထို့နောက် ထိုသူငယ်လေးများက –

''ရှက်ပွယ် ...'' ဟု ဝိုင်း၍ အော်လိုက်လေတော့သတည်း ...။

* * *



www.burmeseclassic.com

www.burmeseclassic.com









## အခန်း (၄)

## ကံသာကို ဒေါ်မေရီက အိပ်ပေါ်မှ နှင်ချလိုက်ခြင်း

ကံသာတို့၏ ရပ်ကွက်တွင်ကျင်းပသော လွတ်လပ်ရေးပွဲတော်ကြီးမှာလည်း (၃)ရက်မြောက်သော နေ့သို့ ရောက်ရှိသွားပြီဖြစ်၏။ ပွဲတော်ကြီးမှာ လွန်စွာမှ စည်ကားသိုက်မြိုက်လှ၏။ ထိုပွဲတော်တွင် ပါဝင်သော လက်ဝှေ့ပိုလ်လုပွဲမှာလည်း နောက်ဆုံးအဆင့် ဗိုလ်လုပွဲ သို့ပင် ရောက်သွားပြီဖြစ်၏။

ထိုနေ့ညတွင် ထိုးသတ်မည့် လူသစ်တန်း ဗိုလ်လုပွဲ၌ ကံသာလည်း ပါဝင်ထိုးသတ်ရမည်ဖြစ်၏။

ထိုနေ့ညတွင် ကံသာနှင့် ထိုးသတ်ရမည့်



www.burmeseclassic.com

www.burmeseclassic.com



အတွဲ၏အမည်မှာ 'ဘမြင့်' ဆိုသူဖြစ်၏။ ဘမြင့်မှာ လူသိများသော လမ်းသူရဲခေါ် ဆိုးသွမ်းလူငယ်ဖြစ်၏။ အနယ်နယ်အရပ်ရပ်မှ လူငယ်များက သိကြကုန်၏။ ဘမြင့်ဘက်မှ အားပေးမည့် ဆိုးသွမ်းလူငယ်များလည်း ရုံတွင်းသို့ ရောက်ရှိနေကြပြီဖြစ်၏။

လက်ဝှေ့ပွဲစခါနီးတွင် ကြေညာသူသည် ကံသာနှင့် ဘမြင့်အား စင်၏ ထောင့်တစ်ဖက်စီတွင် တင်လိုက်လေ၏။ ထိုသို့တင်လိုက်သည့် အချိန်၌မှာပင် ဘမြင့်ဘက်မှ အားပေးမည့် ဆိုးသွမ်းလူငယ်များမှာ အော်ဟစ် ဆူညံသွားလေ၏။ ခုန်သူက ထ၍ခုန်ကြ၏။ ကံသာကို ကြိမ်းသူကကြိမ်းကြ၏။ ဆဲသူက ဆဲကြ၏။ ထို့ကြောင့် ရဲများက လိုက်လံ၍ ထိန်းနေရ၏။

ကြိုးဝိုင်းဒိုင်သည် ကံသာနှင့် ဘမြင့်အား စည်းကမ်းချက်များကို ပြောပြ၏။ ထိုသို့ပြောပြပြီးလျှင် ထိုးသတ်ရန် လွှတ်လိုက်လေ၏။ ဘမြင့်သည် ကံသာအား လိုက်၍ဖိထိုး၏။ ထိုအခါ အားပေးသောဆိုးသွမ်းလူငယ်များမှာ တားမရဆီးမနိုင် အော်ဟစ်ကြလေ၏။

ကံသာလည်း နောက်သို့ဆုတ်၍ ရှောင်နေရ







၏။ ဆရာဝန်ကြီး ဦးမြဖူးနှင့် သမီးဖြစ်သူ မြရည်တို့သည် အသည်းတထိတ်ထိတ် ရင်တဖိုဖို ကြည့်နေကြရလေ၏။ မြရည်သည် ကံသာအတွက် စိုးရိမ်နေလေ၏။ ထို့ကြောင့် ၎င်း၏ဖခင်အား –

"ဖေဖေ ...၊ ဘမြင့်ဘက်က လက်ညှေသာသလိုပဲ၊ အစ်ကိုကံသာတော့ ဒီတစ်ပွဲမှာ ရှုံးလိမ့်မယ်ထင်တယ်" ဟု စိုးရိမ်တကြီးမေးလေ၏။ ထိုအခါ ဦးမြဖူးက –

"မောင်ကံသာက လက်မကျသေးပါဘူး ...၊ ရှောင်ရင်းနဲ့ ချောင်းနေတာပါ ...၊ ဝင်လို့ရတဲ့အကွက်ကျရင် ဝင်ပြီးထိုးလိုက်မှာပါ ..." ဟု နှစ်သိမ့်လိုက်လေ၏။ ၎င်းတို့၏ ရှေ့ခုံတွင် ဒေါ်မေရီနှင့် သားဖြစ်သူ ဂျော်နီတို့ ကြည့်နေကြလေ၏။ ဒေါ်မေရီသည် ဘမြင့်ကို အထူးအားပေးနေလေ၏။ ဘမြင့်က ကံသာအား လိုက်၍ ထိုးနေသည်ကိုတွေ့လျှင် ဒေါ်မေရီက –

"ထိုး ... ထိုး ... အသေထိုးပစ်လိုက် ..." ဟု အော်နေလေ၏။ ဦးမြဖူးရော မြရည်ပါ ထိုအသံကို ကြားနေရ၏။ ထို့ကြောင့် ဦးမြဖူးက –





www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ယုတ်တဲ့ မိန်းမပဲ . . ." ဟု ခပ်တိုးတိုး မှတ်ချက်ချလိုက်လေ၏။ ကံသာသည် ဆုတ်၍ရှောင်ရင်း စင်ထောင့်သို့ ရောက်သွားလေ၏။ ထိုအခါကျမှ ဘမြင့်အား ဒူးပျံတစ်လုံးပစ်သွင်းလိုက်လေ၏။ ကံသာ၏ဒူးပျံသည် ဘမြင့်၏ရင်ဝသို့ မိမိရရကြီး ထိသွားသည်ဖြစ်ရာ ဘမြင့်သည် ယိုင်၍ သွားလေတော့၏။ ကံသာသည် ပြန်၍အကျ၌ ဘမြင့်၏မျက်နှာကို တံတောင်ဖြင့် တွက်လိုက်လေ၏။ ဘမြင့်သည် ပုံ၍ကျသွားပြီး မထနိုင်ဘဲရှိလေတော့၏။

ထိုအခါ ဘမြင့်ဘက်မှ လူများက အနားတောင်းလေတော့၏။ ကြိုးဝိုင်းဒိုင်က အနားပေးလိုက်လေ၏။ ဘမြင့်အား သူ၏လူများက ယပ်ခတ်သူကခတ်၊ ရေခဲတုံးဖြင့် ပွတ်သူကပွတ်နှင့် ဆေးကုကြလေ၏။

အချိန်စေ့သွားသောအခါ ကြိုးဝိုင်းဒိုင်က ပြန်၍တည်ပေးလိုက်၏။ ထိုသို့တည်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ကံသာသည် ဘမြင့်အား ဘယ်ညာ လက်သီးများဖြင့် အဆက်မပြတ် ဝင်၍ ထိုးလေတော့၏။





ထိုးသမျှလက်သီးတို့သည် ဘမြင့်၏မျက်နှာသို့ ထိသည်ချည်းဖြစ်၏။ ဘမြင့်သည် မူး၍နေပြီဖြစ်၏။

နောက်ဆုံးတွင် ကံသာသည် ဘမြင့်အားချုပ်၍ ဒူးဖြင့်တိုက်ကာ ပစ်ချလိုက်လေတော့၏။ ဘမြင့်လည်း အောက်သို့ပုံကျသွားပြီးလျှင် သတိလစ်မေ့မြောသွားလေတော့၏။ ထို့ကြောင့် ထိုပွဲတွင် ကံသာသည် လူသစ်တန်း၌ ဗိုလ်စွဲသွားလေတော့၏။

ဒိုင်လူကြီးများသည် ကံသာအား ဗိုလ်စွဲသွားသည့် အတွက် ငွေကလပ်ကလေးတစ်လုံး ဆုချလေ၏။ ကံသာ၏ ထိုးလုံးသတ်ပေါက်ကို သဘောကျသွားကြောင့် ပရိသတ်သည် သောသောညံအောင် အားပေးကြလေ၏။

လက်ဝှေ့စင်ပေါ်မှ ကံသာဆင်းလာသောအခါ ဆရာဝန်ကြီးဦးမြဖူးက ကံသာကို လက်ဆွဲနှုတ်ဆက်လေ၏။ အိမ်သို့ပြန်ရောက်၍ နံနက်မိုးလင်းသောအခါ၌ ကံသာသည် ပန်းပင်များကို ရေလောင်းနေလေ၏။ ထိုသို့ရေလောင်းနေစဉ်၌ ဆရာဝန်ကြီးဦးမြဖူးစီးမြင်းသော အဝါရောင်စပို့ရှပ်ကို ဝတ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ထား၏။ ဂျင်းဘောင်းဘီကိုလည်း ဝတ်ဆင်ထားလေ၏။

ဒေါ်မေရီသည် သစ်ရွက်ခြောက်များနှင့် ခြံတွင်းမှ အမှိုက်များကို မီးရှို့နေလေ၏။ ထိုသို့ မီးရှို့နေရင်း ကံသာကို လှမ်း၍ကြည့်လိုက်ရာ အဝါရောင်စပို့ရှပ်နှင့် ဂျင်းဘောင်းဘီဝတ်ဆင်ထားသည်ကို တွေ့ရလျှင် ဒေါ်မေရီ၏ မျက်နှာကြီးသည် နီမြန်းသွားလေတော့၏။ မျက်လုံးနှစ်လုံးမှာလည်း အနီးထွက်လုမတတ် ရဲရဲနီနေလေ၏။ထို့နောက် ဒေါ်မေရီက ကံသာအား –

''ဟဲ့ကောင် ... ဒီအဝါရောင်စပို့ရှပ်က ငါ့သား ဂျော်နီဝတ်တာ ...၊ ဒီဂျင်းဘောင်းဘီကလည်း ငါ့သား ဂျော်နီဝတ်တာ ...၊ နင့်ကို မဝတ်ရဘူးလို့ ပြောထားတယ်မဟုတ်လား ...၊ နင် ဘာဖြစ်လို့ဝတ်တာလဲ၊ အခုချွတ်စမ်း ...'' ဟု အော်ဟစ်ကြိမ်းမောင်းလေ၏။

ကံသာလည်း မချွတ်ချင်ချွတ်ချင်ချွတ်၍ ပေးရလေ၏။ ထိုအချင်းအရာကို တစ်ဖက်ခြံတွင် ပန်းပင်ရေလောင်းနေသော ဆရာဝန်ကြီးဦးမြဖူးနှင့် မြရည်





တို့သည် ကြားမြင်သိရှိနေရလေ၏။ ထို့ကြောင့် ဆရာဝန်ကြီး ဦးမြဖူးက –

''ဒီမှာ ဒေါ်မေရီ ...၊ အဲဒီအကျႌနဲ့ အဲဒီဘောင်းဘီက လက်ဆွေပွဲမှာနိုင်လို့ ကျုပ်က ဂုဏ်ပြုထားတာပါ ...၊ မီးရှို့မပစ်ပါနဲ့ ...၊ မီးရှို့မယ်ဆိုရင်တော့ ကျုပ်ကို စော်ကားတယ်လို့ ယူဆရမယ် ...'' ဟု ပြောလေတော့၏။ ထိုအခါ ဒေါ်မေရီက –

''မဆိုင်ပါဘူး ဦးမြဖူးရယ် ...၊ ကျုပ်အိမ်ကကောင်ကို ကျုပ်မကျေနပ်လို့လုပ်တာပဲ၊ ဦးမြဖူးနဲ့ မပတ်သက်ပါဘူး ...၊ ဝင်မပြောပါနဲ့ ...'' ဟု ပြောလေ၏။

''ခင်ဗျားဟာ သားချင်းသမီးချင်း အတော့်ကို မစာနာတတ်တဲ့မိန်းမပဲ၊ ခင်ဗျားအိမ်မှာ မှီခိုနေရတယ်ဆိုပြီး ဒီကလေးကို သက်သက်အနိုင်ကျင့်တာပဲ ...၊ ခင်ဗျားလောက် စိတ်ဓာတ်အောက်တန်းကျတဲ့လူ တစ်ခါမှ မတွေ့ဖူးသေးဘူး ...'' ဟု ဆရာဝန်ကြီးက ပြောလိုက်ရာ ဒေါ်မေရီက ကံသာ၏ အကျႌနှင့် ဘောင်းဘီကို မီးပုံအတွင်းသို့ ပစ်ထည့်လိုက်လေ၏။

ဆရာဝန်ကြီးလည်း ထိုအချင်းအရာကို



www.burmeseclassic.com

www.burmeseclassic.com





မကြည့်ရက်သဖြင့် ချာကနဲ လှည့်ထွက်ကာ အိမ်ပေါ်သို့ တက်သွားလေတော့၏။ မြရည်လည်း လိုက်ပါသွားလေတော့၏။

ထိုအခါ ဒေါ်မေရီကြီးက –

"ဒီဦးမြဖူးဆိုတဲ့ ဆရာဝန်ကြီးကလည်း ဘယ်လိုဖြစ်တယ်မသိဘူး ...၊ ဒီကောင့်ကို တော်တော်သဘောကျတယ်၊ ဒီလောက်တောင် သဘောကျနေရင်လည်း သားမက်တော်လိုက်ပါလား ..." ဟု ပြောပြီးလျှင် ကံသာဘက်သို့ လှည့်ကာ –

"ဟဲ့ကောင် ... နင့်ပစ္စည်းနင်ယူပြီး ဒီအိမ်က သွားပေတော့ ...၊ နင်ရှိရင် အိမ်နီးနားချင်းနဲ့ ငါနဲ့ ရန်ဖြစ်ရလိမ့်မယ် ...၊ သွားဆို အခုသွား ...၊ နင့်မျက်နှာကို တစ်စက္ကန့်တောင်မကြည့်ချင်ဘူး၊ သွားတော့ ..." ဟု ပြောကာ ရက်ရက်စက်စက် မောင်းချလိုက်လေတော့၏။

ကံသာလည်း သူ၏ ကျောင်းစာအုပ်ကလေးများနှင့် ရှိစုမဲ့စု အဝတ်ကလေးများကိုယူကာ ထွက်သွားရလေတော့၏။ ကံသာ၏မျက်လုံးများတွင် မျက်ရည်









များ စို့၍ နေလေ၏။

ကံသာသည် အိမ်မှ ထွက်လာပြီးနောက် မြို့ပြင်ရှိ တရုတ်ကြီးဦးဘော်ဟွန်း၏တဲသို့ သွားလေ၏။ ဦးဘော်ဟွန်းသည် ကံသာကို မြင်လျှင်မြင်ချင်း –

"ဘယ်လိုလဲ မောင်ကံသာ၊ မင်းကို အိမ်ပေါ်က မောင်းချ လိုက်ပြီလား ..." ဟု မေးလေ၏။

"အဟုတ်ပဲဗျာ ...၊ ကျုပ်ဦးလေးမိန်းမ ဒေါ်မေရီကြီးက မောင်းချလိုက်ပြီ ...၊ ဒါကြောင့် ဒီကိုထွက်လာတာ ..." ဟု ကံသာက ပြန်၍ဖြေလျှင် ဦးဘော်ဟွန်းက

"ငါ့ဆီမှာနေပေါ့ကွာ ...၊ ငါ့မှာလည်း အဖော်မရှိပါဘူး ...၊ မင်းရောက်လာတာအတော်ပဲ ...၊ ဒါနဲ့ နေစမ်းပါဦးကွ ...၊ ညက လက်ဖွဲ့နှိုင်လို့ ဆုရတယ်မဟုတ်လား ...၊ ဆုရတဲ့ ငွေကလပ်လေး ဘယ်ရောက်သွားပြီလဲ ..." ဟု မေးလေ၏။

"အဲဒါလေး ပါပါတယ်ဗျာ ...၊ အထုပ်ထဲမှာပါ ..." ဟု ပြောကာ ကံသာက အထုပ်တွင်းမှ ငွေကလပ်ကလေးကို ဦးဘော်ဟွန်းအား ထုတ်ပြလိုက်





www.burmeseclassic.com

www.burmeseclassic.com





လေ၏။ ထိုအခါ ဦးဘော်ဟွန်းက –

''နေဦး ...နေဦး၊ ငါ ဟောဟိုမှာ လက်ဖက်ခြောက်နှပ်ထားတယ် ...၊ လက်ဖက်ရည်ဖျော်မယ်ကွာ၊ မင်းနဲ့ငါနဲ့ အတူတကွနေထိုင်တဲ့ အထိမ်းအမှတ်အဖြစ် ငါတို့နှစ်ယောက် လက်ဖက်ရည်သောက်မယ်၊ မင်းက ဒေါ်မေရီကြီးဆီက လွှတ်မြောက်လာတဲ့ အထိမ်းအမှတ်အဖြစ် မင်းရလာတဲ့ ငွေကလပ်ကလေးထဲမှာ လက်ဖက်ရည်ထည့်ပြီးသောက်ကွာ ...'' ဟု ပြောလေ၏။

လက်ဖက်ရည်ဖျော်ပြီးသောအခါ၌ ဦးဘော်ဟွန်းသည် ကံသာ၏ ငွေကလပ်ကလေးအတွင်းသို့ လက်ဖက်ရည်များ ထည့်ပေးလေ၏။ ကံသာလည်း ထိုကလပ်ကလေးနှင့်ပင် လက်ဖက်ရည်ကို သောက်လေ၏။

''ဒီနှစ် မင်း (၁၀)တန်းအောင်မှာမဟုတ်လား'' ဟု ဦးဘော်ဟွန်းက မေးလေ၏။

''ဟုတ်တယ်ဗျ ...'' ဟု ကံသာက ပြန်၍ ဖြေလိုက်လျှင် –









''တအားကြိုးစားကွာ ...၊ (၁၀)တန်းကို တစ်ခါတည်းအောင်သွားဖို့ အရေးကြီးတယ် ...၊ ကျူရှင်တွေဘာတွေ ယူရမယ်ဆိုရင်လည်း ယူပေါ့ကွာ ...၊ ငါ့မှာပိုက်ဆံရှိပါတယ်၊ ဘာမှအားမငယ်ပါနဲ့ ငါ့လူရာ ...၊ ဘော်ဟွန်းဆိုတဲ့ မိတ်ဆွေကောင်း တစ်ယောက် ရှိနေပြီပဲ ...၊ ဘာအားငယ်စရာလိုသလဲ ...''ဟု ပြောကာ တဟားဟား ရယ်လိုက်လေတော့သတည်း ...။ ။

''ဟား ... ဟား ... ဟား ... ဟား ... ဟား ...''

* * *





www.burmeseclassic.com

www.burmeseclassic.com









## အခန်း (၅)
## ကံသာ ထမင်းကြော်ရောင်းခြင်း

ကံသာသည် ထမင်းကြော်ရောင်းသော ဦးဘော်ဟွန်းဆိုသည့် တရုတ်ကြီး၏တဲသို့ ရောက်သွားပြီဖြစ်၏။ ဦးဘော်ဟွန်းမွေးထားသော ဘဲများ ကို အစာကျွေးရ၏။ နံနက်တွင် ဘဲဥများကောက်ရ၏။ ညသန်းခေါင် ကျော်လျှင် ထမင်းထ၍ချက်ရ၏။ ကံသာ ထမင်းကျက်သောအခါ ဦးဘော်ဟွန်းက ထမင်း ကြော်လေ၏။

ဦးဘော်ဟွန်းသည် ငါးပိစိမ်းစားကို ပဲငံပြာ ရည်ဖြင့် ဖျော်ကာ ထမင်းပေါ်တွင် လျှောက်၍ထပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



နယ်လေ၏။ ပြီးမှ ထိုထမင်းကို ကြော်လေ၏။ ပြီးလျှင် ဝက်သားသုံးထပ်သားကို ပဲငံပြာရည်ဖြင့် နူးအိနေအောင် နှပ်လေ၏။

ထို့နောက် ကြက်သွန်ချဉ်များ၊ ရေနွေးကြမ်းများ ပြုလုပ်ကာ ထိုပစ္စည်းများကို လှည်းပေါ်သို့တင်လေ၏။ ပြီးလျှင် ထိုလှည်းကြီးကို မြို့လယ်ရှိ ညောင်ပင်ကြီးအောက်သို့ တွန်းသွားပြီးလျှင် ရောင်းချလေတော့၏။ ကံသာသည် လှည်းကို ကူ၍တွန်းပေး၏။ ဆိုင်ကို ကူ၍ခင်းပေး၏။ ထမင်းကြော် ကူ၍ရောင်းပေး၏။

စားမည့်သူလာသောအခါ၌ ဦးဘော်ဟွန်းလည်း ကြော်ပြီးသား ထမင်းကြော်ကို မီးပြင်းပြင်းဖြင့် ထပ်၍ကြော်ပြန်၏။ ပြီးမှ ထည့်၍ပေးလေ၏။ ဦးဘော်ဟွန်း၏ ထမင်းကြော်ကို လူတိုင်းကြိုက်ကြ၏။ ထမင်းကြော်နှင့် ဝက်သားနှပ်မှာလည်း လွန်စွာလိုက်ဖက်လေ၏။

ထိုသို့ ထမင်းကြော်ရောင်းနေစဉ် ကံသာက အနီးရှိ လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်ကို ချိုင့်ဖြင့် သွား၍ဝယ်၏။ ထို့နောက် နှစ်ယောက်သား စကား





တပြောပြောနှင့် သောက်ကြ၏။

"ဦးဘော်ဟွန်း ... ခင်ဗျားကြော်တဲ့ ထမင်းကြော်ကို လူတွေ ကြိုက်ကြတယ်ဗျ ...၊ အဲဒါ ဘာကြောင့်တုံး ..." ဟု ကံသာက မေးလေ၏။

"ငါးပိစိမ်းစားလေးနည်းနည်းထည့်ထားတာလည်း ပါတယ်ကွာ ...၊ ကြော်ပြီးသား ထမင်းကြော်ကိုပဲ စားခါနီးမှာ ထပ်ပြီးကြော်ပေးလိုက်တော့ ပူပူနွေးနွေးစားရတာလည်း ပါတယ်ကွာ ...၊ အဲဒီမှာ သဘောကျသွားတာပေါ့၊ ငါချက်တဲ့ ဝက်သားဟင်းရဲ့ ကောင်းခြင်းကိုတော့ ထားလိုက်ပါတော့ကွာ ...၊ ရေနွေးကြမ်းကောင်းကောင်းလေး ချပေးတာကိုတော့ ထည့်ပြော ရမယ်ဟေ့ ..." ဟု ဦးဘော်ဟွန်းက ပြောလေ၏။ ထိုအခါ ကံသာက –

"တစ်နေ့တစ်နေ့ ခင်ဗျားအဖို့ အမြတ်တော်တော် ကျန်မယ်နော် ..." ဟု ကံသာက ပြောလိုက်ရာ ဦးဘော်ဟွန်းက –

"ကုန်ကျစရိတ်နှုတ်ပြီး စားပြီးသောက်ပြီး တစ်ထောင်လောက် ကျန်တယ်ဆိုတော့ ငါတို့လို ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



သားတစ်ယောက်အဖို့ ချောင်လည်တယ်လို့ ပြောရမှာပေါ့ကွာ ...၊ ပြီးတော့ကွာ ... ဘဲတွေကလည်း ငါ့ကို ဘယ်လိုချစ်မှန်း မသိဘူး၊ နေ့တိုင်း ဥတွေ အုအုပေးနေတယ်၊ တစ်နေ့တစ်နေ့ ဘဲဥကရတဲ့ ငွေချည်းပဲ ၂၀၀ အထက်မှာ ရှိတယ်ကွ၊

အဲဒီတော့လည်း ငါတို့လို ဆင်းရဲသားအဖို့ ချောင်လည်တယ်လို့ ပြောရမှာပေါ့ကွာ၊ ပြီးတော့ မင်းကိုပြောရဦးမယ်၊ ဘဲမွေးဘဲတောင်တွေချည်း ရောင်းတာကိုပဲ တစ်လကို နှစ်ထောင်လောက်ရတယ်ကွ ...၊ အဲဒီတော့ ငါတို့လို ဆင်းရဲသားတစ်ယောက်အဖို့ ချောင်လည်တယ်လို့ ပြောရမှာပေါ့ ကွာ ...၊

ဟိုဘက်မှာ ငါစိုက်ထားတဲ့ စိုက်ခင်းတွေကလည်း ဘယ်လိုဖြစ်မှန်းမသိဘူး၊ ငါ့ကို တော်တော်ချစ်တယ်ကွ၊ ဂေါ်ဖီထုပ်တွေ၊ ဆလပ်ရွက်တွေ၊ မုန်ညင်းရွက်တွေပေါ့ကွာ၊ အဲဒါတွေကလည်း တစ်နေ့တစ်နေ့ ငါ့ကို ငွေတစ်ထောင်လောက် ရှာပေးတယ်ကွ ...၊ ရေကတော့ ငါတစ်ယောက်တည်း မလောင်းနိုင်လို့ လူငှားရတယ်ကွ ...၊ အဲဒီစရိတ်တွေနုတ်ပြီး တစ်နေ့





ကို တစ်ထောင်လောက်ရပါတယ်ကွာ'' ဟု ပြောလိုက်လျှင် ကံသာက –

''အဲဒီတော့လည်း ခင်ဗျားလို ဆင်းရဲသားတစ်ယောက်အဖို့ ချောင် လည်တယ်လို့ ပြောရမှာပေါ့ဗျာ ...'' ဟု ပြောလိုက်လျှင် ဦးဘော်ဟွန်းက သဘောကျ၍ တဟားဟား ရယ်လေ၏။ ထိုအခါ ကံသာက –

''တစ်နေ့ ငါးထောင်လောက်ဝင်တယ်ဗျာ ...၊ ဆယ်ရက်ဆိုရင် ငါးသောင်း၊ ရက်နှစ်ဆယ်မှာ ခင်ဗျားဟာ သိန်းဆုတစ်ဆုပေါက်နေပြီ ...'' ဟု ပြောလိုက်လျှင် ဦးဘော်ဟွန်းက –

''မှန်တာပေါ့ ငါ့လူရာ ...၊ ရက်နှစ်ဆယ်တိုင်းမှာ ငါဟာ သိန်းဆုတစ်ဆု ပေါက်နေတာပဲ၊ စကားစပ်မိတုန်း ပြောရဦးမယ်ကွ ...၊ လူတွေဟာ ထီကို ဝါသနာပါကြတယ်ကွ ...၊ ဒါပေမဲ့ ထိုးတော့တစ်စောင်ချင်း၊ နှစ်စောင်ချင်း ထိုးနေကြတယ် ...၊ အဲဒီတော့ ပေါက်ဖို့ အခွင့်အလမ်းက နည်းနေကြတာ ...၊ အဲဒီလို ထိုးမယ့်အစား လက်လီထိုးမယ့် ငွေလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို စုထားပြီး အုပ်လိုက်ထိုးရတယ်ကွ ...၊

အုပ်လိုက်ထိုးတဲ့အခါမှာလည်း အစီအစဉ်အလိုက် ထိုးရတယ်ကွ၊ ရှေ့လေးလုံးအတူထားပြီး နောက်နှစ်လုံးပဲ တိုက်ရမယ်ဆိုပါတော့ကွာ ...၊ ပေါက်ဖို့အတော့်ကို နီးစပ်သွားပြီကွ ...၊ ရှေ့ငါးလုံးအတူရအောင်တွဲပြီး နောက်တစ်လုံးပဲ တိုက်ရမယ်ဆိုရင် ကျိန်းသေပေါက်တာပေါ့ကွာ ...၊ အဲဒီလိုမထိုးဘဲ တစ်စောင်ချင်း၊ နှစ်စောင်ချင်း ထိုးလို့ကတော့ အခွင့်အလမ်းက နည်းတာပေါ့'' ဟု ပြောလိုက်ရာ ကံသာက –

''ခင်ဗျားဟာက ထီထိုးတာမှမဟုတ်ပဲ၊ ထီကို လောင်းကစား လုပ်တာပဲ ...'' ဟု ပြောလိုက်ရာ ဦးဘော်ဟွန်းက –

''ဟကောင်ရ ... အဲဒီလိုမလုပ်ရဘူးလို့ ဥပဒေရှိလို့လား ...၊ ပေါက်ချင်လို့လုပ်တာမဟုတ်လား၊ ပေါက်မယ့်နည်းလမ်းကို ရှာရမှာပေါ့ ...၊ များများ မဟုတ်ပါဘူးကွာ ...၊ ရှေ့သုံးလုံး အပီကိုင်နိုင်ရင်





နောက်သုံးလုံးက အတော်နီးစပ်နေပြီကွ၊ အဲဒီတော့ ဘယ်တော့မှ တစ်စောင်ချင်း၊ နှစ်စောင်ချင်း မထိုးနဲ့ကွ ...၊ ဖြစ်နိုင်ရင် အုပ်လိုက်သာ ဆော်ပေတော့ ...'' ဟု ပြောကာ တဟားဟား ရယ်နေလေ၏။ ထိုအခါ ကံသာက –

''နေစမ်းပါဦး ဦးဘော်ဟွန်းရယ် ...၊ ခင်ဗျားရော အဲဒီနည်းနဲ့ ထီထိုးသလား ...'' ဟု မေးလိုက်ရာ ဦးဘော်ဟွန်းက –

''ထိုးတာပေါ့ကွ ...၊ ပြီးခဲ့တဲ့ အပတ်ကတောင် တစ်သိန်းဆုတစ်ဆု၊ ငါးသောင်းဆုတစ်ဆု ပေါက်သေးတယ်၊ အခြေအနေပေးတာနဲ့ ငါတို့လည်း ထမင်းကြော်ရောင်းတဲ့ အလုပ်ကိုရပ်ပြီး ထီရောင်းတဲ့ အလုပ်ကိုလုပ်မယ်ကွ ...၊ 'ရွှေပေါက်ကံ' ဆိုတဲ့ နာမည်နဲ့ ထီလည်းတစ်ခုလုပ်မယ်ကွာ ...၊ မင်းက အဲဒီမှာ အသံချဲ့စက်နဲ့ လူတွေစိတ်ဝင်စားအောင် စကားပြောရမယ် ...၊ ငါက ထီလက်မှတ်ရောင်းမယ်ကွာ ...၊ ကျန်တဲ့အလုပ်တွေက ငွေတော့ရပါတယ်ကွာ ...၊ အိပ်ရေးပျက်တယ်၊ ပင်ပန်းတယ်ကွ၊



www.burmeseclassic.com

www.burmeseclassic.com



ထီလေး ရောင်းစားရအောင်ပါကွာ ...'' ဟု ပြောလိုက်ရာ ကံ့သာက –

''လုပ်လိုက်လေ ...''ဟုပြောလိုက်လေ၏။ ထိုအခါဦးဘော်ဟွန်းက–

''ထီရောင်းတာလည်း ရောင်းတာပေါ့ကွာ ...၊ အဲဒါထက် အရေးကြီးတာက မြို့ထဲက ကလေးတွေ ကျောင်းတက်ရတာ အခက်အခဲအလွန်တွေ့တယ်ကွ ...၊ ကလေးတစ်ယောက်ကျောင်းတက်ဖို့ အမေဖြစ်စေ၊ အဖေဖြစ်စေ တစ်ယောက်ယောက်က လိုက်ပြီးပို့နေရတယ်၊ အဲဒီဒုက္ခကို ငါတို့က သိမ်းပေးလိုက်မယ်ကွာ ...၊ အဲဒါကို အရင်လုပ်ရမယ်ကွ ...'' ဟု ပြော လိုက်လျှင် ကံ့သာက –

''ဘယ်လိုလုပ်ဦးမှာလဲ ...'' ဟု မေးလေ၏။

''ဘယ်လိုလုပ်ရမလဲ ငါ့လူရာ ...၊ ကားလတ်လတ်လေးတစ်စီး ဝယ်ပြီး ကျောင်းပို့ကျောင်းကြိုယာဉ် ထောင်ရမှာပေါ့ ...၊ မင်းကမောင်း၊ ငါက စပယ်ယာလုပ်မယ်၊ ကလေးတွေကိုချီပြီး ကားပေါ်တင်ပေးမယ်၊ ချီပြီး အောက်ချပေးမယ် ...''





ဟု ဦးဘော်ဟွန်းက ပြောလိုက်လေ၏။ ထိုအခါ ကံ့သာက –

''ဦးဘော်ဟွန်းကလည်းဗျာ ... ကျွန်တော်မှ ကားမမောင်းတတ် ပဲ ...'' ဟု ပြန်၍ပြောလျှင် –

''မင်းကလည်း ခက်နေပြန်ပါပြီကွာ ...၊ ကားမောင်းလိုက်ပြီး သင်ပေးနေတဲ့ ဘိန်းစားတစ်ယောက်နဲ့ ငါနဲ့ သိတယ်၊ သူ့ကို ပြောပြီးသင်ခိုင်းရင် (၁၀)ရက် မသင်ရပါဘူး။ မင်းအနေနဲ့ မောင်းတတ်သွားမှာပါ ...၊ အဲဒါတွေ ငါစီစဉ်မှာပါကွာ ...၊ မင်းမစဉ်းစားစမ်းပါနဲ့၊ တို့ဆွဲမယ့် ကျောင်းပို့ကျောင်းကြိုယာဉ်ကားကြီးကို 'ပညာရွှေအိုး' လို့ အမည်ပေးမယ်ကွာ ...၊ ကားဘေးမှာလည်း အဲဒီစာတမ်းကြီး ထိုးထားမယ် ...'' ဟု ဦးဘော်ဟွန်းက ပြောလေ၏။

''ခင်ဗျားခေါင်းထဲမှာလည်း အလုပ်တွေ တန်းစီနေတာပါလား ...'' ဟု ကံ့သာက ပြန်၍ ပြောလိုက်လေ၏။

''ဒီမှာ ကံ့သာ ...၊ အလုပ်လုပ်တယ်ဆိုတာ အသက်ရှိတဲ့လူပဲ လုပ်နိုင်တာကွ ...၊ အလုပ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



အသက်ဓာတ်တစ်မျိုးပဲကွ ...၊ အလုပ် တွေတန်းစီပြီး ရှိနေတယ်ဆိုတာ ငါ့ကိုယ့်ထဲမှာ အသက်ဓာတ်တွေ တန်းစီပြီး ရှိနေတဲ့ သဘောပေါ့ကွာ ...၊ တော် တော်နဲ့မသေနိုင်ဘူး ပေါ့ကွာ ...၊ အလုပ်မရှိရင် လောကကြီးက ဖယ်ထုတ်တတ်တယ်ကွ ...၊

ပင်စင်ယူပြီး မကြာမီမှာ တချို့အဘိုးကြီးတွေ လျော့သွားတာ ငါတွေ့ဖူးတယ်ကွ ...၊ အလုပ်မရှိဘူး ဆိုပြီး စိတ်လျှော့လိုက်တာလည်း ပါတာပေါ့ကွာ ...၊ အဲဒါကို 'ပင်စင်နာ'လို့ နောက်ပြောင်ပြီး ခေါ်ကြတယ် ကွ ...၊ ရောဂါတစ်မျိုးလိုပါပဲ၊ အဲဒါကြောင့် လူက အလုပ်တစ်ခု မဟုတ် တစ်ခု လုပ်နေရမယ်ကွ၊ ငါတို့ လို လခစားမဟုတ်တဲ့ လူတွေအဖို့ကတော့ အဲဒီ ရောဂါရဖို့ အခွင့်အလမ်းနည်းတယ်ကွ ..." ဟု ပြော လိုက်ပြီးလျှင် ဦးဘော်ဟွန်းသည် သူ၏စကားကို သူ ဘာသာသဘောကျပြီး တဟားဟား ရယ်နေလေတော့ သတည်း။

"ဟား ... ဟား ... ဟား ... ဟား ...





ဟား ..."

* * *



www.burmeseclassic.com

www.burmeseclassic.com









## အခန်း (၆)
## ကံသာ အိုင်ဘာဖြစ်ပြန်ပြီ

ဗုဒ္ဓဟူးနေ့တိုင်း ကံသာတို့၏ ထမင်းကြော်ဆိုင်သည် ပိတ်လေ့ရှိ၏။ ထိုနေ့တွင် လိုအပ်သောပစ္စည်းများကို ထွက်၍ဝယ်တတ်၏။ ဝယ်စရာကိစ္စမရှိလျှင်လည်း ၎င်းတို့၏ တဲကြီးအတွင်း၌ပင် နှစ်ယောက်သား အေးအေးလူလူ အနားယူတတ်ကြလေ၏။

ထိုနေ့မှာ ဗုဒ္ဓဟူးနေ့ဖြစ်သဖြင့် ကံသာတို့၏ ထမင်းကြော်ဆိုင်သည်ပိတ်၏။ ကံသာနှင့် ဦးဘော်ဟွန်းသည် တဲကြီးအတွင်း၌ ရေနွေးသောက်ရင်းထိုင်နေကြလေ၏။ ထိုအခါ ဦးဘော်ဟွန်းက –



www.burmeseclassic.com

www.burmeseclassic.com



"တစ်ပတ်မှာ တစ်ရက်တော့ နားရမှာပဲကွ ...၊ ဒါပေမဲ့ ငါတို့ နားမှန်းမသိတဲ့ လူတွေက ထမင်းကြော် စားဖို့ ငါတို့ဆိုင်ကို လာကြလိမ့်မယ် ..." ဟု ပြောလိုက်ရာ ကံသာက –

"ကျုပ်တို့ ဗုဒ္ဓဟူးနေ့တိုင်း ပိတ်တယ်ဆိုတာ လူတိုင်းလောက်နီးနီး သိကြပါတယ်ဗျာ ..." ဟု ပြောလိုက်လျှင် ဦးဘော်ဟွန်းက –

"အဲဒီလိုမထင်နဲ့ကွ ...၊ တချို့လူတွေက အမှုမဲ့အမှတ်မဲ့ နေတတ်တယ်၊ လူတိုင်းသိပေမဲ့ သူက သိချင်မှသိတာကွ၊ အဲဒီလိုလူစား မျိုးကတောင် အများစုဖြစ်နေတတ်တယ်၊ ပတ်ဝန်းကျင်ကို ဂရုမစိုက်တဲ့လူတွေပေါ့ကွာ ...၊ အဲဒီတော့ ငါတို့ဆိုင်မှာ ငါတို့ကို မတွေ့ရင် အိမ်ကိုလိုက် လာလိမ့်မယ်၊ အဲဒီလိုလူတွေ အတွက် ထမင်းကြော်လေးနည်းနည်းပါးပါးနဲ့ ဝက်သားဟင်းလေးတော့ လုပ်ထားမှ ဖြစ်မယ်၊ ဟော ... ပြောရင်းဆိုရင်း ဟောဟိုက လူသုံးယောက် ရင်ဘောင်တန်းပြီး လျှောက်လာကြတာ တို့ရဲ့ထမင်းဆိုင်ကိုမတွေ့လို့ လိုက်လာကြတာ ..." ဟု ဦးဘော်ဟွန်း







က ပြောလိုက်လျှင် ကံသာက –

"ဒီလိုဆိုလည်း ရပါတယ်ဗျာ ...၊ ထမင်းလည်း ချက်ပြီးသားရှိတာပဲ၊ အခုပဲ ကြော်လိုက်တာပေါ့၊ ဝက်သားဟင်းကလည်း ခင်ဗျားနဲ့ ကျုပ်နဲ့ စားဖို့ချက်ထားတဲ့ အိုးတစ်အိုး ရှိတယ်လေ ...၊ အဲဒီအထဲက ပေးလိုက်တာပေါ့၊ မီးလည်းအဆင်သင့် ရှိတာပဲ၊ ရေနွေးအိုးချပြီး ကျုပ်ကြော်လိုက်မယ် ..." ဟု ပြောလိုက်လျှင် ဦးဘော်ဟွန်းက –

"အဲဒီလိုလုပ်လိုက်ကွာ ...၊ ဒါပေမဲ့ မီးဖိုကို ဒီနားရွှေ့လိုက်၊ ဒီနားမှာ ကြော်ရအောင် ..." ဟု ဆိုသဖြင့် ကံသာလည်း မီးသွေးမီးဖိုကို ရွှေ့လာပြီးလျှင် ထမင်းကြော် ပြင်ဆင်ရလေ၏။ ထိုအခါ ဦးဘော်ဟွန်းက –

"ကံသာရေ ...၊ တို့ဆီကို ဦးတည်ပြီး လျှောက်လာတဲ့ လူ သုံးယောက်ကို ကြည့်စမ်းကွ ...၊ ဟိုးကွင်းစပ်ကနေ တရွေ့ရွေ့လျှောက်လာကြတာ တော်တော်နဲ့ ရောက်လာကြမှာမဟုတ်ဘူး၊ အဲဒီအတော အတွင်းမှာ ဘယ်လိုလူစားတွေဖြစ်တယ်ဆိုတာ လှမ်းပြီး





www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်စမ်းပါ'' ဟု ပြောလိုက်ရာ ကံသာက လှမ်းရှုကြည့်လိုက်ပြီးလျှင် –

''အဲဒီလိုကြည့်ရုံနဲ့တော့ မပြောတတ်ပေါင်ဗျာ'' ဟု ကံသာက ဖြေလိုက်လေ၏။ ထိုအခါ ဦးဘော်ဟွန်းက –

''မင်းကို ငါပြောပြမယ်၊ ညာဘက်အစွန်ဆုံးက အင်္ကျီအညိုရောင်နဲ့လူဟာ လိမ်လည်ကောက်ကျစ်တတ်သူဖြစ်တယ်၊ ဘာကြောင့် အဲဒီလိုပြောသလဲဆိုတော့ လက်မကို လက်သီးဆုပ်ထဲထည့်ပြီး လျှောက်လာတယ်ကွ ...၊

အလယ်က အင်္ကျီအနီရောင်ဝတ်ပြီးလာတဲ့လူကတော့ သူရသတ္တိ နဲ့ ပြည့်စုံတဲ့သူဖြစ်တယ်၊ ပြီးတော့ တာဝန်ဝတ္တရားလည်း နားလည်တတ်သူဖြစ်တယ်၊ သူဟာ လက်တွေကိုဖြန့်ပြီး လျှောက်လာတယ်၊

ဘယ်ဘက်အစွန်ဆုံးက လူကတော့ အနုပညာသမားကွ ...၊ ဘယ်ဘက်လက်က လှလှပပလေး ခါးကိုထောက်ပြီး ညာဘက်လက်က ရင်ဘတ်ပေါ်မှာပြီး လျှောက်လာတယ်ကွ ...'' ဟု ပြောလိုက်





လျှင် ကံသာက–

''အဲဒီလူသုံးယောက်စလုံးကို ကျွန်တော်ကောင်းကောင်းသိတယ်၊ ညာဘက်အစွန်ဆုံးကလူကို လူလိမ်လို့ ခင်ဗျားစွပ်စွဲတာလည်း မဆိုးဘူးဗျ၊ အဲဒီလူက ငွေလိမ်မှုနဲ့ ထောင်ကျသွားတယ်၊

အလယ်ကလူကို ခင်ဗျားက သူရသတ္တိနဲ့ ပြည့်စုံတယ်၊ တာဝန်ဝတ္တရားသိတတ်တယ်လို့ ခင်ဗျားက ပြောတယ်၊ အဲဒါလည်း ဟုတ်လိမ့်မယ်ဗျာ ...၊ အဲဒီလူဟာ တပ်ကဗျ၊ တပ်ကြပ်ကြီးတစ်ယောက်ပဲ၊

အစွန်ဆုံးကလူကိုတော့ ခင်ဗျားက အနုပညာသမားလို့ ပြောတယ် မဟုတ်လား။ အဲဒါလည်း မှန်တယ်ဗျာ၊ အဲဒီလူဟာ ဟိုဘက်ရပ်ကွက်ထဲက ဇာတ်အိမ်မှာနေတဲ့ တယောသမားဗျာ၊ သူတို့သုံးယောက်ဟာ ယယ်သူငယ်ချင်းတွေဗျ၊ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက်က စိတ်ဓာတ်ချင်း မတူကြဘူး ...'' ဟု ဝန်ခံလိုက်လေ၏။ ထိုအခါ ဦးဘော်ဟွန်း က –

''ဒါဟာ လူရဲ့ အမူအရာကိုကြည့်ပြီး အ



www.burmeseclassic.com

www.burmeseclassic.com



ခတ်တဲ့ လူကဲခတ် ပညာကွ၊ မင်းကို ငါသင်ပေးပါ့မယ်ကွာ . . .'' ဟု ပြောလိုက်လေတော့၏။

ထိုလူသုံးယောက်သည် တဲအတွင်းသို့ ရောက်လာပြီးလျှင် ထွက်နေကျနေရာတွင် မတွေ့သောကြောင့် လိုက်လာခဲ့ကြောင်း ပြောသဖြင့် ဦးဘော်ဟွန်းက နေရာထိုင်ခင်းပေးလေ၏။ ကံ့သာက ထမင်းကို ချက်ချင်းကြော်လေ၏။ ပြီးလျှင် ၎င်းတို့စားရန်နှပ်ထားသော ဝက်သားနှပ်ကို ထည့်ပေးလေ၏။

၎င်းတို့သုံးဦးလည်း မြိန်ယှက်စွာ စားသောက်ပြီးနောက် ကျေနပ် စွာဖြင့် ပြန်သွားကြလေ၏။ ထိုအခါ၌ ဦးဘော်ဟွန်းက –

''ဘာပဲဖြစ်ဖြစ်ကွာ . . .၊ ဗုဒ္ဓဟူးနေ့ ဆိုင်ပိတ်တယ်ဆိုပေမဲ့ ဒီလိုလူမျိုးတွေ ရောက်လာနိုင်သေးတယ်ကွ၊ အဲဒီတော့ ထမင်းကလေး နည်းနည်းကြော်ပြီး ဝက်သားနှပ်ကလေးလုပ်ထားရင် ကောင်းမယ်ဟေ့ . .''

ဟု ပြောလေ၏။ ထို့ကြောင့် ကံ့သာလည်း –

''အဲဒါတွေ ကျုပ်တာဝန်ထားလိုက်စမ်းပါဗျာ၊ ကျုပ်လုပ်ပါ့မယ်၊ ခင်ဗျားက ရေနွေးကြမ်းလေး





ထိုင်သောက်ပြီး အနားယူစမ်းပါ'' ဟု ပြောလိုက်ရာ ဦးဘော်ဟွန်းက –

''ကံ့သာ မင်းကို ငါချစ်တာ အဲဒါပဲကွ၊ မင်းက သိပ်ပြီး အလိုက်သိတယ်ကွာ . . .၊ အဲဒီတော့ ငါကလည်း အလိုက်သိရမှာပေါ့ . . .၊ မင်းမှာ လက်ပတ်နာရီမရှိဘူး။ လာကွာ . . . မဟာဗန္ဓုလလမ်းသွားပြီး မင်းပတ်ဖို့ လက်ပတ်နာရီတစ်လုံး ဝယ်မယ်ကွာ . . .''

ဟု ပြော၍ ကံ့သာအားခေါ်ပြီးလျှင် မဟာဗန္ဓုလလမ်းရှိ နာရီဆိုင်ကြီးတစ်ဆိုင်မှာ ကျောက် (၂၁)လုံး ပါသော ရွှေရောင်ရိုးမားနာရီတစ်လုံးကို ဝယ်၍ပေးလိုက်လေ၏။

ညနေပိုင်းသို့ ရောက်သောအခါ၌ ကားရောင်းမည့်သူများသည် ကားလာ၍ပြကြလေ၏။ ထိုအခါ ဦးဘော်ဟွန်းက ၎င်း၏အသိ မက္ကင်းနစ်တစ်ယောက်ကို ခေါ်၍ ကားကို စစ်ဆေးခိုင်းပြီးလျှင် ငွေချေလိုက်လေတော့၏။ ထို့နောက် ၎င်း၏အသိ ကားမောင်းကျွမ်းကျင်သော ဘိန်းစားတစ်ဦးကို ခေါ်လာကာ ကံ့သာအား ကားမောင်းသင်ပေးရန် ပြောလေ၏။ ထိုဘိန်းစားလည်း ကံ့သာအား ကားမောင်းသင်ပေးရုံမျှမက ကား



www.burmeseclassic.com

www.burmeseclassic.com





မောင်းလိုင်စင်ရသည်အထိ မညည်းမညူ ဆောင်ရွက်ပေးရှာလေ၏။

ထို့ပြင် ဦးဘော်ဟွန်းသည် သူ၏အသိ မက္ကင်းနစ်အား ကားပြင် သည့် အတတ်ပညာကို ကံသာအား သင်ပေးရန် ပြောပြန်လေ၏။ ၎င်းမက္ကင်းနစ်သည် ကံသာအား ကားပြင်သည့် အတတ်ပညာကို အစမှစ၍ သင်ပေးလေ၏။ ထိုသို့သင်ရာတွင် ကားမှဝက်အူများကို ဖြုတ်၍ ကွင်းများ၊ ငွမျာ၏ နံပါတ်များကိုပါ အလွတ်ရသည်အထိ ကျက်မှတ်ခိုင်းလေ၏။

ကားကို ချိုက်ထောက်ပုံ၊ ကီးဖြုတ်ပုံမှအစ တစ်စမကျန် သင်ပြပေးလေ၏။ အင်ဂျင်၏ အစိတ်အပိုင်းများကိုလည်း ၎င်းတို့၏ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ ရှင်းပြ၍ ကျက်မှတ်စေပြီး ဖြုတ်ခိုင်း၊ တပ်ခိုင်းလေ၏။ အင်ဂျင်အစိတ်အပိုင်းများအား ဓာတ်ဆီတွင်နစ်၍ ဆေးကြောပုံ၊ သံဘရတ်ရှိဖြင့် ပွတ်တိုက်ပုံမှအစ နည်းစနစ်ကျစွာ သင်ပြပေးလေ၏။

ထို့နောက် မော်တော်ကားကို အင်ဂျင်ချပြီးလျှင် တစ်ခုချင်း စိတ်ကြိုက်ပြင်ပြလေ၏။ ထိုသို့ ပြင်







ပြရာတွင် ဘားများကို ကိုယ်တိုင် 'ကရိုင်း' ခိုင်း၏။ ကံသာလည်း မပျင်းမရိ ဘားတိုင်များကို လေစုပ်ခွက်လက်တံဖြင့် ကိုင်တွယ်ပြီးလျှင် မညည်းမညူ ပြုလုပ်လေ၏။

အလုံးစုံပြီးသောအခါ၌ ကားဆေးပုံဆေးနည်းကို သင်ပြလေ၏။ ထို့နောက် ကားမှန်ကို ကြည်လင်စွာ ဆေးတတ်စေရန်အတွက် ကားမှန်ဆေးနည်းကိုလည်း ပြလေ၏။ ပြီးလျှင် ၎င်းမက္ကင်းနစ်က –

"မောင်ကံသာရေ ကားမှန်မှန်နေရင် အဝတ်နဲ့ မတိုက်နဲ့ကွ ...၊ ပိုပြီးမှုန်သွားတတ်တယ်၊ အကျအနဆေးဖို့ အချိန်မရရင် မှန်နှစ်ဖက်စလုံးကို သတင်းစာစက္ကူနဲ့ တိုက်တာအကောင်းဆုံးပဲ၊ သတင်းစာစက္ကူ အလွယ်တကူမရရင်တော့ ဇန်ဒါရွက်နဲ့တိုက်ကွာ ..." ဟု ပြောလေ၏။ ကံသာလည်း လိုက်လံမှတ်သားလေ၏။

"ကားမောင်းတဲ့ လူတွေဟာ စက်ကိုတော့ ဂရုစိုက်တတ်ကြတယ်ကွ၊ ဒါပေမဲ့ မှန်ပေါ်ကို မိုးရေမဝပ်အောင် သပ်ချတဲ့ ရေသုတ်တံကိုတော့ ဂရုမစိုက်



www.burmeseclassic.com

www.burmeseclassic.com





ကြဘူးကွ ...၊ အဲဒီအခါမှာ မိုးစက်မိုးပေါက်တွေ သီးပြီး ကြည့်တဲ့အခါမှာ မျက်လုံးတွေ ဝါးလာတော့တာပဲ ...၊ အဲဒီတော့ ယာဉ်တိုက် မှုဖြစ်တာပေါ့ကွာ ...'' ဟု ဆရာဖြစ်သူ မက္ကင်းနစ်ကြီးက ရှင်းပြလေ၏။ ထိုအခါ ကံသာက –

''ဘာဖြစ်လို့ မျက်လုံးတွေ ဝါးလာရတာတုံး'' ဟု မေးလိုက်ရာ မက္ကင်းနစ်ကြီးက –

''မှန်ပေါ်မှာသီးနေတဲ့ မိုးစက်ကလေးတစ်စက်ဟာ အားကြီးတဲ့ မှန်ဘီလူးလေးတစ်ခုပဲကွ၊ မှန်ဘီလူးလေးပေါင်းများစွာကို ကြာကြာကြည့်တော့ မှုးလာတာပေါ့ကွာ'' ဟု ပြောပြလေ၏။ ကံသာလည်း ကောင်းစွာ မှတ်သားမိလေတော့၏။ ထို့နောက် မက္ကင်းနစ်ကြီးက –

''မင်းကို တစ်ခုပြောပြရဦးမယ်၊ ငါတို့ ကားမောင်းတဲ့ လူတွေဟာ မော်တော်ပီကယ်လို့ခေါ်တဲ့ ယာဉ်ထိန်းရဲအပေါ်မှာ အမြင်မကြည်လင်တာများတယ်ကွ၊ အမှန်ပြောရရင် သူတို့ဟာ ငါတို့ကားမောင်းတဲ့ လူတွေ ကားတိုက်မှုနဲ့ ထောင်မကျအောင် ဖေးမ







စောင့်ရှောက်ပေးနေတဲ့ မိတ်ဆွေတွေကွ၊ ဒါပေမဲ့ ကိုယ်က ယာဉ်စည်းကမ်းကိုချိုးဖောက်လို့ ယာဉ်ထိန်းရဲက အရေးယူတာနဲ့ အဲဒီယာဉ်ထိန်းရဲအပေါ်မှာ အမြင်မကြည်လင်ဖြစ်တော့တာဘဲ ကိုယ်ထောင်မကျအောင် ကူညီတဲ့မိတ်ဆွေကို ဘာဖြစ်လို့ ရန်လုပ်မှာလဲကွာ၊ ယာဉ်စည်းကမ်းကို မချိုးဖောက်ဘဲနဲ့ သူက ဖမ်းတာမှမဟုတ်ဘဲ အဲဒီလိုလည်း ဖမ်းလို့မရဘူးလေကွာ၊ အဲဒီလိုလည်း မဖမ်းဘူးလေကွာ ...၊ တိုတိုပဲ မှတ်ထားကွာ ...၊ မင်း ကားမောင်းမယ်ဆိုရင် မော်တော်ပီကယ်ဟာ မင်းရဲ့ မိတ်ဆွေပဲလို့ သဘောထားနိုင်မှ မောင်းပါကွာ ...'' ဟု ရှင်းပြလေ၏။ ထို့နောက် ဦးဘော်ဟွန်းသည် ထိုကား၏ ပြတင်းပေါက်များကို လေးထောင့်သံစကာများ ဂဟေတို့၍ ပိတ်လေ၏။ ထို့ကြောင့် ကံသာက –

''ဘာဖြစ်လို့ပိတ်တာလဲ'' ဟု မေးလိုက်လေ၏။ ထိုအခါ ဦးဘော်ဟွန်းကြီးက –

''ကျုပ်ကားက ကလေးတွေစီးမှာလေကွာ ...၊ လက်တွေထုတ်၊ ခေါင်းတွေပြူရင် အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာပေါ့ကွ၊ ဒါကြောင့်မို့ ပိတ်ရတာ ...'' ဟု ပြော လေ၏။ ထို့နောက်တွင်မူ ထိုကားကြီးကို ကလေး ကျောင်းပို့ကျောင်းကြိုကား ပြုလုပ်လိုက်လေတော့ သတည်း ...။ ။

* * *







www.burmeseclassic.com

www.burmeseclassic.com









အခန်း (၇)

ဦးကျော်ဒွန်းအကြောင်း

တစ်ခုသော ဗုဒ္ဓဟူးနေ့တွင် ကံသာနှင့် ဦးဘော်ဟွန်းတို့သည် ၎င်းတို့၏ တဲအတွင်း၌ထိုင်ကာ တစ်ဦးစ၊ နှစ်ဦးစ ရောက်လာပြီး ထမင်းကြော်ဝယ်စား သူများကို ထမင်းကြော်ရောင်းလျက်ရှိ၏။ ထိုအချိန်၌ အသက်(၅၀)ကျော် လူကြီးတစ်ဦး ထိုတဲသို့ ရောက်လာလေ၏။ ထို့ကြောင့် ဦးဘော်ဟွန်းက –

"မောင်ကံသာရေ . . .၊ ဟောဟိုက လာနေတဲ့ လူကြီးရဲ့ နာမည်က ဦးကျော်ဒွန်းတဲ့၊ အဲဒီလိုပဲ . . . လွယ်အိတ်ကလေးတစ်လုံးလွယ်ပြီး နယ်မြို့



www.burmeseclassic.com

www.burmeseclassic.com



တွေကို သွားတယ်၊ သူ့အိတ်မှာတော့ ကြေးနဲ့လုပ်ထားတဲ့ မိုခွက်ကလေးနှစ် ခွက်ပါတယ်၊ အဲဒီမိုခွက်ထဲကို ရှုံ့သိပ်ပြီး ဖွင့်လိုက်တဲ့အခါ ဘိုးဘိုးအောင်ပုံလေး ထွက်လာတယ်၊ အဲဒီပုံလေးကို နေလှမ်းပြီး ဆေးဖြူသုတ်တယ် . . .၊

ပြီးလျှင် 'မြန်မာပညာရှိဦးကျော်ဒွန်း စီရင်ရေးသားအပ်သော ဘုရားရှိခိုးအမျိုးမျိုး' ဆိုသည့် စာတမ်းလည်းပါ၏။ ဦးဘော်ဟွန်းသည် ထိုပုံကိုကြည့်ပြီးနောက် ဦးကျော်ဒွန်းအား ပြန်၍ပေးလိုက်လေ၏။ ထို့နောက် ဦးဘော်ဟွန်းက –

''စာရေးတတ်ဖတ်တတ်ရုံနဲ့ ဘုရားရှိခိုးအမျိုးမျိုး စာတွေကို ဘယ်လိုရေးမှာလဲ . . .'' ဟု မေးလိုက်လေ၏။ ဦးကျော်ဒွန်းလည်း ရယ်လေ၏။

''ဘယ်လိုရေးတယ်ဆိုတာ ခင်ဗျားမျက်မြင်တွေ့ရမယ်၊ ခင်ဗျားတဲမှာပဲလာပြီး အလုပ်လုပ်မယ်'' ဟု ဆိုကာ ထမင်းကြော်ဖိုးကိုပေး၍ ထွက်သွားလေ၏။

နေ့ခင်းပိုင်းသို့ ရောက်သောအခါ ဦးကျော်ဒွန်းသည် အမျိုးမျိုးသော ဘုရားရှိခိုးစာအုပ်များကို





စည်းထားသည့် စာအုပ်စည်းကြီးတစ်စည်းနှင့်အတူ ကံသာတို့၏တဲသို့ ရောက်လာလေ၏။ ၎င်းထဲတွင် ကတ်ကြေးတစ်လက်လည်းပါ၏။ ထို့အတူ ကော်ထုပ်တစ်ထုပ်လည်း ပါလာ၏။ လှန်လှော၍ –

''ကိုဘော် . . .၊ ဟောဒီ သမ္ဗုဒ္ဓေဂါထာကို နားထောင်၊ ကျုပ်ဖတ်ပြမယ် . . .'' ဟု ဆိုကာ သမ္ဗုဒ္ဓေဂါထာကို ပါဠိရောအနက်ပါ ဖတ်ပြလေ၏။ ထိုအခါ ဦးဘော်ဟွန်းက –

''ကျုပ် အဲဒီဂါထာကို ပါဠိရော၊ အနက်ပါ ရပါတယ်ဗျာ . . .'' ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ဦးကျော်ဒွန်းက –

''ရတယ်ဆိုရင် မေးမယ်ဗျာ . . .၊ အဲဒီ သမ္ဗုဒ္ဓေဂါထာကို ဘယ်သူရေးတာလဲ . . .'' ဟု မေးလေ၏။ ထိုအခါ ဦးဘော်ဟွန်းက –

''ကျုပ်မသိဘူး . . .'' ဟု ပြန်၍ပြောလေ၏။ ဦးကျော်ဒွန်းကလည်း –

''ဒီမှာ ကိုဘော်၊ ခင်ဗျားမသိသလို ကျုပ်လည်း မသိဘူးဗျာ . . .၊ ဟောဟိုမှာ ဖြတ်သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို လိုက်ပြီးမေးကြည့်၊ သူလည်း ထိုမှာမဟုတ်ဘူးဗျ . . .၊ ဘယ်သူရေးမှန်းမသိတဲ့ဂါထာကို မြန်မာပညာရှိ ကျုပ်ဦးကျော်ဒွန်းက ရေးတယ်လို့ ပြောမယ်ဗျာ . . .၊ ဘယ်သူက တရားစွဲမလဲ . . .'' ဟု မေးလိုက်လေ၏၊ ထိုအခါ ဦးဘော်ဟွန်းက –

''တရားစွဲမယ့်သူ မရှိပါဘူးဗျာ . . .'' ဟု ပြန်၍ပြောလျှင် ဦးကျော်ဒွန်းက –

''ဒီလိုဆိုရင် ကျော်ဒွန်းယူတယ်ဗျာ . . .''

ဟု ဆိုကာ ကတ်ကြေးဖြင့် ထိုစာရွက်ကိုယူ၍ ညှပ်ယူလိုက်လေတော့၏။ ပြီးလျှင် စာရွက်အလွတ်ပေါ်တွင် ကော်ဖြင့်သုတ်၍ ကပ်လိုက်လေ၏။ ထိုသို့ ပြုလုပ်ပြီးနောက် အောင်တစ်ရာ့ရှစ်ကွက်ဂါထာကို ဖတ်ပြပြန်လေ၏။

ယခင်အတိုင်း မေးပြန်၏။ ပြီးလျှင် ကတ်ကြေးဖြင့် ညှပ်ထုတ်၍ ကော်သုတ်ကာ စက္ကူအဖြူပေါ်တွင် ကပ်လိုက်လေ၏။ တစ်နာရီခန့်ကြာသောအခါ ဦးကျော်ဒွန်းညှပ်၍ ထုတ်ထားသောစာရွက်များမှာ တစ်ထပ်ကြီး ဖြစ်၍လာလေတော့၏။





ဦးကျော်ဒွန်းသည် ထိုစာရွက်များကို စာမျက်နှာနံပါတ်များထိုးကာ ပုံနှိပ်တိုက်တစ်တိုက်သို့ ပြေးလေတော့၏။ ထိုသို့ပြုလုပ်ပြီး ရက်အတန်ကြာသောအခါ၌ ဦးကျော်ဒွန်းသည် စာအုပ်စည်းကြီးနှစ်စည်းဖြင့် ကံသာတို့၏တဲသို့ ရောက်လာလေတော့၏။ ထိုစာအုပ်စည်းကြီးများကို ဖြည်လိုက်သောအခါ –

**မြန်မာပညာရှိ ဦးကျော်ဒွန်း**

**စီရင်ရေးသားအပ်သော**

**ဘုရားရှိခိုးအမျိုးမျိုး**

ဆိုသော စာအုပ်များလည်း ခုံခုံညားညား ထွက်လာလေတော့၏။

''စာအုပ်တောင်ဖြစ်သွားပြီလား . . .'' ဟု ဦးဘော်ဟွန်းတမေးလိုက်ရာ ဦးကျော်ဒွန်းက –

''ဖြစ်လာပြီလေဗျာ . . .၊ နယ်ကို ပုံတော်တွေ ပါ သွားရောင်းရင်းနဲ့ ဒီစာအုပ်ပါ ရောင်းမယ်ဗျာ . . .'' ဟု ပြောလေ၏။ ဦးကျော်ဒွန်းသည် နောက်တစ်နေ့တွင် နယ်သို့ ထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်လခန့်ကြာသောအခါ ကံသာတို့ဇါတ်သို့ ရောက်လာပြန်၏။ ငှင်းထံတွင် ငွေအမြောက်အမြားပါ လာလေ၏။ ထို့ပြင် ကံသာအတွက် ပင်နီစ၊ ဦးဘော်ဟွန်းအတွက် ပိုးလုံချည် စသည့် လက်ဆောင်များလည်း ပါလာလေ၏။

"စာအုပ်တွေ ကုန်သွားပြီဗျ . . ." ဟုလည်း ငှင်းက ပြောလေတော့၏။ ဦးကျော်ဒွန်း ပြန်သွားသော အခါ ကံသာက –

"ဒီမှာ ဦးဘော်ဟွန်း . . .၊ ကျွန်တော်တို့ ကျောင်းကားဆွဲတာက အရင်းပါသေးတယ်ဗျာ . . .၊ ဓာတ်ဆီထည့်ရသေးတယ်၊ ဦးကျော်ဒွန်း လုပ်ပုံက တော့ လွယ်လိုက်တာဗျာ . . ." ဟု ပြောလိုက်ရာ ဦးဘော်ဟွန်းက –

"ဒီလူကြီးက ဒီနည်းနဲ့ အတော့်ကို 'နိုင်'နေပြီကွ၊ ရေကလယ်ထဲမှာ ကျွန်းနှစ်ထပ်အိမ်ကြီး ဆောက်ပြီးပြီ၊ သူ့မိန်းမလေးကိုလည်း ရွှေတွေ၊ စိန်တွေ ဆင်ထားတာအပြည့်ပဲ၊ အိမ်မှာလည်း ဆိုက်ကားတွေ ထောင်ထားသေးတယ်ကွ . . .၊ ဆိုက်ကားကလည်း





နေ့ညခွဲပြီးထားတယ်ကွ၊ နေ့သမားလာရင် နေ့နှင်းရမယ့်ဆိုက်ကားကို ပေးလိုက်တယ်၊ ညသမားလာရင် ညနှင်းရမယ့် ဆိုက်ကားကို ပေးလိုက်တယ်၊ သူ့ရဲ့ ဆောင်ပုဒ်ကတော့ . . .

'လူ့အိပ်သော်လည်း
ဝင်ငွေ မအိပ်စေရ'

တဲ့ . . ." ဟု ပြောလိုက်ရာ ကံသာက သဘောကျ၍ တခွိခွိနှင့် ရယ်၍ နေလေတော့သတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com









အခန်း (၅)

## ဦးလူလူ အရှုပ်ထဲရောက်သွားပြီ

ကံ့သာတို့ဖြေထားသော (၁၀)တန်းစာမေးပွဲလည်း အောင်စာရင်းထွက်ပြီဖြစ်၏။ အောင်စာရင်းထွက်သောနေ့ နံနက်တွင် ဆရာဝန်ကြီးဦးမြဖူးနှင့် ၎င်း၏သမီး မြရည်တို့သည် ကံ့သာတို့၏တဲသို့ ရောက်လာကြလေ၏။ ဦးမြဖူးက ကံ့သာအား –

"မောင်ကံ့သာ ...၊ အောင်စာရင်းကြည့်ခဲ့ပြီကွ၊ မင်းအောင်တယ်ဟေ့ ...၊ အန်ကယ်ဖြင့် ဝမ်းသာလိုက်တာကွာ ..." ဟု ပြောလေ၏။ မြရည်ကလည်း –



www.burmeseclassic.com

www.burmeseclassic.com



''အစ်ကိုကံသာ အောင်တယ်၊ ဒေါ်မေရီသား ကျော်နိုကျတယ် ...'' ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးမြဖူးက –

''မေရီဆိုတဲ့မိန်းမဟာ မောင်ကံသာ (၁၀) တန်း အောင်ပြီး သူ့သားကျော်နိုကျတော့ မောင်ကံသာကို ဘယ်လောက်များ မနာလိုဝန်တိုမှုတွေ ဖြစ်နေမယ်ဆိုတာ ကြည့်ချင်လိုက်တာကွာ ...'' ဟု ပြောလေ၏။ ထိုအခါ မြရည်က တခစ်ခစ် ရယ်လေ၏။ ထိုသို့ရယ်ပြီးနောက် မြရည်က အထုပ်ကလေးတစ်ထုပ်ကို ကံသာအား ပေးလေ၏။ ထိုသို့ပေးရင်း –

''တခြားမဟုတ်ပါဘူး ကိုကံသာရယ်၊ အစ်ကိုကံသာကြိုက်တဲ့ အဝါရောင့်စပို့ရှပ်လေးနဲ့ ဂျင်းဘောင်းဘီကလေးပါ ...၊ စာမေးပွဲအောင်တဲ့ အထိမ်းအမှတ် မြရည်ကလက်ဆောင်ပေးတာပါ ...၊ ရဲရဲသာဝတ်စမ်းပါ ...၊ ဒေါ်မေရီကြီးက မီးရှို့လို့မရတော့ပါဘူး ...'' ဟု ပြောလိုက်ရာ ဦးမြဖူးက တဟားဟား ရယ်လေတော့၏။ ထိုသို့ရယ်ပြီးနောက် –

''ဒီတစ်ခါလာရှို့ရင်တော့ အဲဒီမိန်းမကြီးပါ







မီးပုံထဲထည့်ပစ်လိုက်ကွာ ...'' ဟု ပြောလေ၏။

ထို့နောက် ဦးမြဖူးတို့သားအဖသည် ကံသာအား နှုတ်ဆက်၍ ပြန်သွားလေတော့၏။ ကံသာသည် ဦးဘော်ဟွန်းအား စာမေးပွဲအောင်သည့်အကြောင်း ပြောပြလိုက်ရာ ဦးဘော်ဟွန်းက –

''ဆယ်တန်းအောင်ပြီဆိုတော့ ဘွဲ့ရဖို့မခက်တော့ဘူးပေါ့ကွ ...၊ မင်းဟာ ပညာတတ်တစ်ယောက်ဖြစ်ပြီပေါ့ကွာ ...၊ ဒါနဲ့နေစမ်းပါဦး ...၊ ဘာဆက်လုပ်မယ်လို့ စဉ်းစားထားသလဲ ...'' ဟု မေးလိုက်ရာ ကံသာက–

''ဘာဆက်လုပ်ရမလဲ ဦးဘော်ဟွန်းရယ် ...၊ ခင်ဗျားနဲ့အတူ ကျောင်းကားမောင်းမယ်ဗျာ ...၊ ထမင်းကြော်ရောင်းမယ်ဗျာ ...၊ ပြီးတော့ ကျောင်းတက်မယ်ဗျာ ...'' ဟု ပြောလိုက်လျှင် ဦးဘော်ဟွန်းက ကံသာ၏ကျောကို လက်ဖြင့် ဘုန်းကနဲ ပုတ်လိုက်ရင်း –

''အဲဒါ အမှန်ဆုံးပေါ့ ငါ့လူရ ...၊ ကျောင်းတက်စရာရှိတော့လည်း တက်ပေါ့၊ ကျောင်းကားမောင်း





www.burmeseclassic.com

www.burmeseclassic.com



စရာရှိတော့လည်း မောင်းပေါ့ ...၊ ထမင်းကြော်ရောင်းစရာ ရှိတော့လည်း ရောင်းတာပေါ့ ...၊ ဘယ်အခြေအနေ ပဲရောက်ရောက် ငါ့ကိုတော့ စွန့်ခွာမသွားနဲ့ကွာ ...'' ဟု ပြောလိုက်လေ၏။ ထိုအခါ ကံသာက –

''စိတ်ချပါ ဦးဘော်ဟွန်းရယ် ...၊ ကျုပ်ခင်ဗျားနဲ့ ဘယ်တော့မှ မခွဲပါဘူး ...'' ဟု ကတိပေးလိုက်လေ၏။

နောက်တစ်နေ့တွင် ဆရာဝန်ကြီးဦးမြဖူးနှင့်သမီးဖြစ်သူ မြရည်တို့သည် ကံသာထံသို့ ရောက်လာလေ၏။ ဦးမြဖူးက ကံသာအား –

''ဩော် မောင်ကံသာရေ ...၊ မင်းဦးလေးတရားသူကြီးဦးလှလှတော့ လာဘ်စားမှုနဲ့ ညကပဲဆိုင်ရာက ဖမ်းသွားတယ် ...'' ဟု ပြောလိုက်လျှင်ကံသာသည် ယောင်ယမ်း၍ 'ဟင် ...' ဟု အော်လိုက်လေတော့၏။ ထိုအခါ ဦးမြဖူးက –

''သူ့မိန်းမ မမေရီတစ်ယောက်ကတော့ ညက တစ်ညလုံး အော်ဟစ်ပြီးငိုနေလေရဲ့ ...'' ဟု





ပြောလေ၏။ ထိုအခါ ကံသာက

''ဘယ်လိုဖြစ်တယ်လို့ ကြားသလဲ အန်ကယ်'' ဟု မေးလိုက်ရာ ဆရာဝန်ကြီးဦးမြဖူးက –

''အမွေမှုဖြစ်နေတဲ့ ကုလားအမှုသည်ဆီက စားလိုက်တာပဲ၊ စားရတဲ့အကြောင်းရင်းကလည်း ဂျော်နီကို ဒီမှာကျောင်းမထားချင်ဘူး ...၊ အမေရိကားမှာ သွားထားမယ်လို့ မေရီက စီမံနေတာ ...၊ အဲဒီတော့ ယောက်ျားကို အစဉ်သဖြင့် ငွေပဲပူဆာနေတာပေါ့ ...၊ အဲဒီမှာ ဦးလှလှကလည်း ပိုင်ပေါက်တွေ့ပြီဆိုပြီး ချလိုက်တာပေါ့၊

တိုင်တဲ့လူကတိုင်တော့ အဲဒီလိုဖြစ်ကုန်တာပေါ့။ တကယ့် တရားခံအစစ်က 'ကိုလှလှ' မဟုတ်ဘူး။ သူ့မိန်းမ 'မေရီ'၊ သူ့သားဂျော်နီဟာ ဒီမှာမထွန်းကားတော့ အမေရိကန်ပို့မယ်လို့ ကြံတာပေါ့ကွာ ...၊ 'အလှမ်းကျယ်၊ အလယ်လပ်' ဆိုသလို ဖြစ်ကုန်တော့တာပေါ့'' ဟု ပြော ပြလေ၏။ ထိုအခါ ကံသာက –

''ဒီလိုဆိုရင် ဦးလေးတော့ အလုပ်ပြုတ်ပြီပေါ့'' ဟု ပြောလိုက်ရာ ဦးမြဖူးက –



www.burmeseclassic.com

www.burmeseclassic.com



''မောင်ကံသာရယ် ...၊ အလုပ်ပြုတ်ရုံ ဘယ်ကလိမ့်မတုံး ...၊ ဒီအမှုဟာ ထောင်ကျနိုင်တယ်၊ အဲဒီလို အမှုမျိုး ဖြစ်ပြီဆိုရင်လည်း ရှာဖွေ ထားသမျှ တက်တက်ပြောင်ပြီသာ မှတ်လိုက်ရမှာလေကွာ ...၊ အခုကို မင်းဦးလေး ကိုလှလှဟာ ဒီမြို့ဂါတ်ရဲ့ အချုပ်ခန်းထဲမှာကွ ...'' ဟု ပြောလိုက်လေ၏။ ထိုအခါ ကံသာက –

''ဘာပဲဖြစ်ဖြစ် အချုပ်ခန်းမှာ ဦးလေးကို ကျွန်တော်သွားတွေ့မယ် ...'' ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးမြဖူးက –

''မင်းအနေနဲ့က ဦးလေးအရင်းကြီးပဲကွာ ...၊ မင်းသွားတွေ့ သင့်တာပေါ့၊ အန်ကယ် လိုက်ပြီး ပို့မယ်'' ဟု ပြောလိုက်လေ၏။ ဦးမြဖူးနှင့် မြရည်တို့လည်း ကံသာ၏ဆရာ ဦးဘော်ဟွန်းနှင့် စကားလက်ဆုံကျနေကြလေ၏။ ဦးဘော်ဟွန်းက ဦးမြဖူးတို့ သားအဖအား ထမင်းကျွေး၊ လက်ဖက်ရည်အချိုများဖြင့် ညှော်ခံလေ၏။ ကံသာက သွားရန်အဆင်သင့် ဖြစ်ပြီဟု ပြောမှပင် ဦးမြဖူးက သူ၏ကားဖြင့်လိုက်ပို့လေ၏။







ထိုစခန်းမှ စခန်းမှူးသည် ဆရာဝန်ကြီး ဦးမြဖူးအား ကောင်းစွာသိသည့်အားလျော်စွာ အချုပ်ခံထားရသော ဦးလှလှနှင့် တွေ့ခွင့်ပေးလိုက်လေ၏။ ကံသာလည်း ဦးလှလှနှင့်တွေ့လျှင် စိတ်မကောင်းဖြစ်ကြောင်း အထပ်ထပ်ပြောလေ၏။

ထိုအချိန်၌ ဒေါ်မေရီနှင့် သားဖြစ်သူ ဂျော်နီတို့ သည် ဦးလှလှအား ထမင်းလာပို့သည်နှင့် ကြုံလေတော့၏။ ဒေါ်မေရီသည် ကံသာကိုမြင်လျှင် စားတော့ဝါးတော့မည့်ကဲ့သို့ မျက်လုံးကြီးပြူး၍ကြည့်လေ၏။ ထိုသို့ ကြည့်ပြီးနောက်

''ဟဲ့ကောင် ...၊ နင်နဲ့ ဘာဆိုင်လို့ လာရတာတုံး ...'' ဟု ဟောက်လိုက်လေတော့၏။ ထိုအခါ ဦးဘော်ဟွန်းက –

''သူ့ဦးလေး အရင်းကြီးဗျာ ...၊ တရားသူကြီးလုပ်တာ မိန်းမက 'ငွေ ... ငွေ ...' နဲ့ ပူဆာလို့ ကုလားအမှုသည်ဆီက လာဘ်စားမိတာနဲ့ အချုပ်ထဲ ရောက်နေတာ၊ သူလာမတွေ့လို့ဖြစ်မလား၊ သူ့ဦးလေး ကြုံတွေ့ရတဲ့ ဒုက္ခဟာ သူနဲ့မဆိုင်ဘူးလို့ရမလား ...၊





www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ကံသာဟာ ဘယ်လောက်ပဲ ရိုးသား ရိုးသား လာဘ်စားတဲ့ တရားသူကြီးဦးလှလှရဲ့တူလို့ အပြောခံရတော့မယ် ...၊ အဲဒါ ဆိုင်တာပေါ့ ...'' ဟု ပြောလေ၏။ ဆရာဝန်ကြီးဦးမြမှာ သဘောကျ၍ ပြုံးနေလေ၏။ ထို့နောက် ၎င်း၏သမီး မြရည်ဘက်သို့ လှည့်ကာ –

"ကိုဘော်ဟွန်းပြောမှပဲ မေရီလည်း အရှက်ကွဲတော့မယ်၊ ဒီတရုတ်ကြီးက ပြောတတ်လိုက်တာမပြော နဲ့တော့ ...'' ဟု ခပ်တိုးတိုးပြောလိုက်လေ၏။

ကံသာသည် အဝါရောင်စပို့ရှပ်ကို ဝတ်ထား ၏။ အောက်မှာလည်း ဂျင်းဘောင်းဘီကိုဝတ်ထား၏။ ဂျော်နီလည်း အဝါရောင်စပို့ရှပ်ကိုဝတ်ထား၏၊ အောက် တွင်လည်း ဂျင်းဘောင်းဘီကိုဝတ်ထား၏။ အဝတ် အစားအရောင်ချင်း၊ အဆင်အသွေးချင်း တူသော် လည်း ၎င်းတို့နှစ်ဦး ကြည့်ကောင်းပုံမှာ များစွာခြား နားလှ၏။ ဂျော်နီ၏ ရင်အုပ်ကလေးမှာ ကြက်ရင်အုပ် ကလေးဖြစ်သောကြောင့် ဝတ်ထားသော စပို့ရှပ်အဝါ ရောင်သည် ရင်ဘတ်နေရာတွင် ရှုံ့၍နေ၏။ ဂျော်နီ၏







လက်မောင်းမှာ သေးသွယ်သောကြောင့် စပို့ရှပ်လက် အိုးတွင် ချောင်၍နေ၏။ ကွမ်းယာရောင်းသူ၏ ထုံးအိုး အတွင်းမှ ထုံးသုတ်သော တုတ်တံကို ကြည့်ရသကဲ့သို့ ချောင်တိချောင်တောင် ဖြစ်နေ၏။

ကံသာ၏ လက်မောင်းမှာ ကြွက်သားများ ဖုထစ်၍နေသောကြောင့် စပို့ရှပ်လက်မောင်းအိုးသည် တင်းရင်း၍ လွန်စွာပန်ရလှ၏။ ဂျော်နီ ဝတ်ထားသော ဂျင်းဘောင်းဘီမှာလည်း ဂျော်နီ၏ ပုပြတ်ပြတ် ပိန်သေး သေးကိုယ်လုံးဖြင့် ကြည့်၍မကောင်းသော်လည်း ကံသာ ၏ အရပ်အမောင်း၊ အလုံးအထည်နှင့် ကံသာဝတ်ထား သော ဘောင်းဘီမှာ လွန်စွာ ကြည့်၍ကောင်းလေ၏။

ဒေါ်မေရီသည် ကံသာအား စူးစူးရဲရဲကြည့် လိုက်၏။ ပြီးလျှင် –

"ငါ့သားဂျော်နီဝတ်တဲ့ စပို့ရှပ်အဝါရောင်ကို မဝတ်ပါနဲ့၊ ငါ့သားဂျော်နီဝတ်တဲ့ ဘောင်းဘီမျိုးမဝတ်ပါ နဲ့လို့ မင်းကိုပြောပြီးပြီ ...၊ ယူပြီး မီးရှို့ပစ်တာလည်း နှစ်ခါရှိပြီ ...'' ဟု ပြောလိုက်လျှင် အနီးမှ ဦးဘော် ဟွန်းက–





www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဒေါ်မေရီ ...၊ အခု ခင်ဗျားဝတ်ထားတဲ့ ဆူရတီငွေနားလုံချည်ဟာ ဝမ်းရောဂါနဲ့ သေသွားတဲ့ ကျုပ်ရဲ့မိန်းမဝတ်နေကျ အဝတ်အစားတွေဗျ ...၊ အဲဒါကြောင့် ခင်ဗျားမဝတ်ပါနဲ့ ကျုပ်ကတော့ အဝတ်အစားတင် မီးရှို့မှာ မဟုတ်ဘူးနော်၊ ခင်ဗျားကိုပါ မီးပုံထဲ ထည့်ပစ်လိုက်မယ်" ဟု နောက်သလိုလို တကယ်လိုလို ပြောလိုက်ရာ ဆရာဝန်ကြီးသားအဖသည် ဟက်ဟက်ပက်ပက် ရယ်မောကြလေ၏။

"အောင်မာ ... ဒီတရုတ်က ဘာဝင်ရှုပ်တာလဲ" ဟု ဦးဘော်ဟွန်းအား ဒေါ်မေရီက ပြောလိုက်လေ၏။ ထိုအခါ ဦးဘော်ဟွန်းက –

"ရှုပ်တာမဟုတ်ဘူး ဒေါ်မေရီရေ့ ...၊ ခင်ဗျားခေါင်းမှာ အယူရှုပ်နေတာကို အယူရှင်းအောင် လုပ်ပေးတာ ...၊ အဝါရောင်စပို့ရှပ်ဟာ စက်ရုံက ခင်ဗျားသား ကျော်နီတစ်ယောက်တည်းဝတ်ဖို့ ယက်ပေးတာမဟုတ်ဘူး။

ဒီဂျင်းဘောင်းဘီဟာလည်း ဒီလိုပဲ ...၊ ခင်ဗျားသားတစ်ယောက်တည်းဝတ်ဖို့ ယက်ပေးတာမဟုတ်ဘူး၊ ဒါမျိုးတွေ ထောင်သောင်းထုတ်လုပ်တာ ...၊ အဲဒီတော့ လူတိုင်းဝတ်ခွင့်ရှိတယ် ...၊ အဲဒါကို ခင်ဗျားဟာ ကံသာဆိုတဲ့ကလေးကို ဘာဖြစ်လို့ လာပြီးရန်လုပ်နေရတာတုံး၊ ခင်ဗျားခေါင်းမှာ အယူမရှင်းဘူး။ ဒါကြောင့်မို့ ဒီကတရုတ်ကြီးက အယူရှင်းအောင် လုပ်ပေးတာ ..." ဟု ပြောလိုက်လျှင် ဒေါ်မေရီက –

"စခန်းမှူးကို ပြောရဦးမယ် ...၊ ကိုလူလှကို အိမ်ကမိသားစုနဲ့ပဲ တွေ့ခွင့်ပေးပါ ...၊ မသိမဆိုင်တဲ့လူတွေလာတွေ့တာ ခွင့်မပြုပါနဲ့လို့ ..." ဟု ပြောလိုက်လေ၏။

ထို့နောက် ကံသာတို့လည်း ဦးလူလှကို နှုတ်ဆက်၍ ရဲစခန်းမှ ပြန်ခဲ့ကြလေတော့သတည်း ...။

* * *







www.burmeseclassic.com

www.burmeseclassic.com









## အခန်း (၉)

## လျှို့ဝှက် အချုပ်သို့ရောက်ပြီ

ဒေါ်မေရီကြီးသည် ယောက်ျားဖြစ်သူ ဦးလူလှ အမှုဖြစ်သည့်အတွက် ငွေဖြင့်လိုက်လေ၏။ ထို့ကြောင့် ငွေများတက်တက်ပြောင်လေတော့၏။ ငွေကုန်သွားသောအခါ စိန်၊ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာများကို ရောင်း၍ လိုက်ပြန်လေ၏။ ၎င်းအရာများလည်း ကုန်သွားသဖြင့် အိမ်နှင့်ခြံကို ပွဲစားဖြင့် အပေါင်ခံနိုင်းလေ၏။ ပွဲစားများလည်း ဒေါ်မေရီတို့၏ အိမ်နှင့်ခြံကို လိုက်၍ပေါင်ရာ အပေါင်ခံမည့်သူကို မတွေ့ရဘဲရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ဆရာဝန်ကြီးဦးမြဖူးသည် တစ်ဖက်လှည့်ဖြင့် အပေါင်ခံထားလိုက်ရလေ၏။ မည်သို့ပင်လိုက်သော်လည်း တရားသူကြီး ဦးလူလှမှာ ထောင် (၃)နှစ် ကျခံသွားရလေတော့၏။ တစ်နှစ်ခန့်ကြာသည်အထိ အတိုးရောအရင်းပါ မသွင်းနိုင်သောကြောင့် ဒေါ်မေရီကြီးသည် အိမ်ကို အပေါင်ခံသူထံတွင် ငွေထပ်တောင်းပြီးနောက် အပြီးအပိုင် လွှဲပြောင်းပေးလိုက်ရလေတော့၏။

ပြီးလျှင် ၎င်းနှင့် သားဖြစ်သူ ဂျော်နီတို့သည် မြို့အပြင်တွင်ရှိသော မြေကွက်ကလေးတစ်ကွက်ကိုဝယ်ကာ တဲထိုး၍ နေရလေတော့၏။ ထိုတဲမှာ ကံသာဝတ္ထိနေသော ဦးဘော်ဟွန်း၏တဲနှင့် များစွာမဝေးလှပေ။ ဒေါ်မေရီသည် ဘတ်စ်ကားဂိတ်တွင် ထမင်းကြော်ဆိုင်လေးဖွင့်၍ ရောင်းနေရ၏။ ၎င်း၏သား ဂျော်နီမှာမူ လူဆိုးလူပေများနှင့်ပေါင်းကာ အရက်သမား ဖြစ်နေလေ၏။

ကံသာသည် (၁၀)တန်းအောင်ပြီးနောက် တက္ကသိုလ်သို့ တက်ရောက်ခွင့်ရလေ၏။ နောက်ဆုံးတွင်





ဥပဒေဘွဲ့ကို ရရှိခဲ့လေ၏။ ထို့နောက်တွင်ကား ရဲတပ်ဖွဲ့သို့ ဝင်ခဲ့လေတော့၏။ ဝင်လျှင်ဝင်ချင်း ဒုရဲအုပ်သာရ၏။ တစ်နှစ်ခန့်ကြာသောအခါ ရဲအုပ်ဖြစ်သွား၏။ ကံသာတို့ နေထိုင်သောမြို့၏ ရဲစခန်း၌ပင် ပြန်၍ တာဝန်ကျလေ၏။

တစ်နေ့တွင် အရက်သမားများ စားသောက်ဆိုင်တစ်ခုတွင် ရန်ဖြစ်ကြသည့်အမှုနှင့် ရဲမှ ဖမ်းဆီးထိန်းသိမ်းရာ ဂျော်နီတစ်ယောက်လည်း ပါလာလေ၏။ အချုပ်ခန်းအတွင်းသို့အဝင်တွင် ရောက်နှင့်နေသောအချုပ်သားများက ဝိုင်းဝန်း၍ထိုးကြိတ်ထားရာ ဂျော်နီ၏ မျက်နှာတစ်ခုလုံးလည်း ဖူးရောင်ညိုမည်းနေလေ၏။

ဂျော်နီ၏မိခင် ဒေါ်မေရီသည် အချုပ်သို့ လာရောက်၍ သားဖြစ်သူအား လာတွေ့လေ၏။ ဂျော်နီ၏ မျက်နှာကို မြင်တွေ့ရလျှင် –

“အမယ်လေး . . . ငါ့သားလေးကို ရဲတွေက ဝိုင်းရိုက်ကြတယ်ပေါ့ . . .၊ ဒီဂါတ်ကိုတရားစွဲမယ်” ဟု ပြောလေ၏။ ထိုအခါ အနီးတွင်ရှိသော ရဲသားကလေးက–



www.burmeseclassic.com

www.burmeseclassic.com



“ဂါတ်က ရဲတွေက ခင်ဗျားသားကို လက်ဖျားနဲ့တောင် မတို့ဘူး၊ ကျန်တဲ့အချုပ်သားတွေက ဝိုင်းပြီးထိုးကြတာ . . .၊ ဒီရဲစခန်းနဲ့ ဘာမှမဆိုင်ဘူး . . .၊ ရဲတွေနဲ့လည်းဘာမှမဆိုင်ဘူး၊ သူတို့အချုပ်သားချင်းဖြစ်တာ. . .၊ ခင်ဗျား ဘယ်သူ့ကို တရားစွဲမှာလဲ . . .” ဟု မေးလိုက်ရာ ဒေါ်မေရီက –

“ဒီဂါတ်မှာဖြစ်တာ ဒီဂါတ်မှာ တာဝန်ရှိတာ မင်းပွဲ့မဖြစ်အောင် ထိန်းသိမ်းပေးရမှာပေါ့ . . .” ဟု ပြောလေ၏။ ထိုအချိန်၌ အချုပ်ခန်းရှေ့သို့ ကံသာသည် ယူနီဖောင်းအပြည့်အစုံနှင့် ရောက်လာလေ၏။ ထို့ကြောင့် ရဲသားကလေးက –

“ဟိုမှာ ကျွန်တော်တို့ဆရာ ရဲအုပ်ဦးကံသာ လာနေပြီ . . .” ဟု ပြောလိုက်လျှင် ဒေါ်မေရီလည်း ယူနီဖောင်းအပြည့်အစုံနှင့် လွန်စွာကိုက်ဆိုက်ကျလှသော ကံသာကိုတွေ့မြင်ရလျှင် စိတ်မထိန်းနိုင်ဘဲ တံထွေးဖြင့် ‘ထွီ’ကနဲ ထွေးလိုက်လေ၏။ ထိုအခါ ရဲသားကလေးသည် ဒေါ်မေရီ၏ ကျောကုန်းကို ‘အုံး’ကနဲ ထုလိုက်လေ၏။





ထိုသို့ထုပြီးနောက် –

“ခင်ဗျား နည်းနည်းလွန်ပြီ၊ ကျုပ်တို့အရာရှိကို ခင်ဗျား မထေမဲ့မြင်လုပ်တာကို. . .၊ ခင်ဗျားပါ အချုပ်ထဲဆွဲထည့်လိုက်ရမလား . . .”ဟု ပြောလိုက်လေ၏။ ထို့နောက် ထိုရဲသားကလေးကပင် ကံသာအား အဖြစ်အပျက်ကို ပြောပြရာ ကံသာက –

“အဒေါ် . . .၊ ကျွန်တော် ပြေလည်အောင် လုပ်ပေးပါ့မယ် . . .” ဟု ပြောလိုက်လျှင် ဒေါ်မေရီက –

“မင်း ငါ့ကို အဒေါ်လို့မခေါ်ပါနဲ့ . . .၊ မင်းလို မိမရှိ၊ ဖမရှိ ကြီးလာပြီး သူများအိမ်မှာ ကပ်ရပ်ပြီးနေရတဲ့ သူကို ငါက ‘တူ’မတော်နိုင်ဘူး . . .” ဟု ပိုးစိုးပက်စက် ပြောလေတော့၏။

ကံသာက တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုဘဲ နှုတ်ခမ်းဖျားကလေးအသာတွန့်၍ ပြုံးလိုက်လေ၏။

ထိုအချိန်၌ အချုပ်ခန်းအတွင်းမှ အချုပ်သားနှစ်ဦးသည် ဂျော်နီအား ကန်ကြလေ၏။ ဂျော်နီသည် နာကျင်လွန်း၍ –



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ...၊ အမယ်လေး ..." ဟု အော်လေ၏၊ ရဲသားကလေးက အချုပ်ခန်းတံခါးကို ဖွင့်၍ဖြေရလေ၏။ အဘယ်ကြောင့် ကန်ရသနည်းဟု မေးရာ အချုပ်သားနှစ်ဦးက –

"ဘာကြောင့်ကန်ရမှာလဲဗျာ ...၊ အလွန် စိတ်ကောင်းရှိတဲ့ ဆရာကိုကံသာကို မှိုချိုးမျှစ်ချိုးပြော လို့ သူ့သားကို ကျွန်တော်တို့ကကန်တာ ...၊ ဆက်ပြီး ပြောရင် သူ့သားရဲ့ခေါင်းနဲ့ သံတိုင်နဲ့ဆောင့်ပြီး သတ် ပစ်လိုက်မယ်" ဟု ပြောလိုက်လျှင် ဒေါ်မေရီလည်း ငြိမ်၍သွားလေတော့၏။ ထို့နောက် အချုပ်သား လူ မိုက်နှစ်ဦးသည် ဇော်နီဝတ်ထားသော စပို့ရှပ်အင်္ကျီ အဝါကို ချွတ်ခိုင်းလေ၏။ ဂျင်းဘောင်းဘီကိုလည်း ချွတ်ခိုင်းလေ၏။ ပြီးလျှင် ၎င်းတို့က

"ဒီအရောင်နဲ့ ဒီအဝတ်တွေဟာ ဆရာ ကိုကံသာဝတ်လိုက်ရင် သိပ်ပြီးကြည့်ကောင်းတာ ...၊ မင်းလို တောမရောက်တောင်မရောက်ကောင် ဝတ် ထားရင် ကျက်သရေယုတ်တယ် ...၊ မင်း ဒါမျိုး နောက် ဘယ်တော့မှမဝတ်နဲ့၊ ငါတို့နဲ့တွေ့ရင် သေ





မယ် ..." ဟု ဆိုကာ မီးရှို့ကြလေ၏။ ထို့နောက် ဒေါ်မေရီကြီး၏ ရှေ့သို့ ပစ်ပေးလိုက်လေ၏။

ထိုအခါ ကံသာက –

"ဟော့ကောင် နှစ်ကောင်၊ အဲဒီလိုမလုပ်ရဘူး လေကွာ ...၊ မင်းတို့ဟာ လုယက်မှုနဲ့ မီးရှို့မှုနှစ်မှုကို ကျူးလွန်နေပြီ ..." ဟု ဆိုကာ ဂါတ်စာရေးကိုခေါ်၍ အမှုဖွင့်လေ၏။ ထိုအခါ အမှုဖွင့်ခံရသော အချုပ်သား နှစ်ဦးက လက်ခုပ်တီး၍ –

"ဆရာကံသာကို ကျွန်တော်တို့လေးစား တာ အဲဒီအချက်ပဲ၊ ကျွန်တော်တို့ အခုလုပ်တာက ဆရာ့ဘက်ကလုပ်တာလေ ...၊ အဲဒါကိုလည်း ဆရာ က မကြည့်ဘူး ဥပဒေမျက်နှာကိုပဲကြည့်တယ် ..." ဟု နှစ်နှစ်ကာကာ ချီးကျူးကြလေ၏။ ထိုအခါ ကံသာ က –

"ဥပဒေအထက်မှာ ဘယ်သူမှမရှိရဘူးလေ ကွာ၊ No man above the law" ဟု ပြောလိုက်လေ၏။

ထိုအခါ လူဆိုးနှစ်ဦးက –

"ဆရာကိုကံသာလိုလူတွေချည်း ရဲတပ်ဖွဲ့မှာ



www.burmeseclassic.com

www.burmeseclassic.com





ဆိုရင် သိပ်ကောင်းမှာပဲ . . .'' ဟု ပြောလေ၏။

''စိတ်ချပါ . . .၊ ငါ့လူတို့ရာ . . .၊ ကိုလိုနီ ပုလိပ်တွေ မရှိတော့ပါဘူး၊ ငါတို့ မြန်မာရဲတွေချည်း ဖြစ်လာတော့မှာပါ . . .၊ တို့ရဲတပ်ဖွဲ့လည်း လူသစ်တွေနဲ့ အစားထိုးပြီး သွေးသစ်လောင်းနေပြီပဲ . . .'' ဟု ပြောလိုက်လျှင် အနီးရှိ ရဲသားကလေးက လက်ခုပ်တီးလေတော့၏။ ထို့နောက် ကံသာက ရဲသားကလေးအား –

''မောင်ပုရေ . . .၊ ဟောဒီဒေါ်မေရီကြီးကို ဂါတ်ကကားနဲ့ပဲ ပြန်ပို့လိုက်ကွာ . . .၊ လမ်းမှာလည်း စိတ်သက်သာရာရအောင် ဖျောင်းဖျသွားကွာ . . .၊ သူ့သားကို ငါတို့ရဲသားတွေက ရိုက်တယ်နှက်တယ်လို့ သူကထင်နေတာ . . .၊ အဲဒါမဟုတ်ဘူးလို့ သူနားလည်အောင် ပြောပြလိုက်ပါကွာ . . .၊ ရဲတွေက ဒီလို မလုပ်ဘူး၊ ဒီလိုလည်းလုပ်လို့မရဘူး . . .၊ လုပ်ခွင့်လည်း မရှိဘူးလို့ သူနားလည်အောင် ပြောပြပါကွာ . . .၊ အထူးသဖြင့် ဒီဂါတ်မှာလုပ်လို့မရဘူး . . .၊ ကံသာရှိတယ် . . .'' ဟု ပြောလိုက်လျှင် အချုပ်ခန်းအတွင်းမှ









ကြားရသော အချုပ်သားတိုင်းက –

''နေရာတိုင်းမှာ ကံသာရှိပါစေ . . .'' ဟု အော်ဟစ် ဆုတောင်းလိုက်ကြလေတော့သတည်း။

* * *





www.burmeseclassic.com

www.burmeseclassic.com









အခန်း (၁၀)

## ဒေါ်မေရီ လက်ဖက်ရည်ရောင်းရပြန်ပြီ

ဒေါ်မေရီကြီးသည် ယခင် ဦးဘော်ဟွန်း ထမင်းကြော်ရောင်းခဲ့သည့်ဆိုင်နှင့် မလှမ်းမကမ်းတွင်ရှိသည့် ဘတ်စ်ကားမှတ်တိုင်တွင် ထမင်းကြော်ဆိုင်လာရှုံဖွင့်လေ၏။ ဒေါ်မေရီကြီး၏ ထမင်းကြော်ဆိုင်တွင် ထမင်းကြော် တစ်ပွဲလျှင် တစ်ကျပ်ပေးရ၏။ ဦးဘော်ဟွန်းသည် ထမင်းကြော်တစ်ပွဲလျှင် သုံးမတ်နှင့်ရောင်းလေ၏။

ထို့ကြောင့် ဦးဘော်ဟွန်းဆိုင်တွင် ထမင်းကြော်စားမည့်သူများ ကျိုက်ကျိုက်တိုး၍နေ၏။ ဒေါ်မေရီ



www.burmeseclassic.com

www.burmeseclassic.com



ကြီး၏ဆိုင်တွင် ထမင်းကြော်စားမည့်သူ မရှိသလောက် ရှားပါးလေ၏။

ဦးဘော်ဟွန်း၏ဆိုင်တွင် ရေနွေးကြမ်းကို ကောင်းကောင်းမွှန်မွှန်လုပ်၍ ကြည်ကြည်ဖြူဖြူတိုက်၏။ ဦးဘော်ဟွန်းချက်သည့်ဟင်းနှင့် ဒေါ်မေရီချက်သည့် ဟင်းမှာလည်း များစွာကွာခြားလေ၏။ ဟင်းကွာသကဲ့သို့ ထမင်းကြော်လည်းကွာလေ၏။ ဦးဘော်ဟွန်းဆိုင်တွင် စားမိသူများသည် တစ်ခါစားမိလျှင် စွဲ၍သွားလေတော့၏၊ ဒေါ်မေရီ၏ဆိုင်တွင် တစ်ခါစားမိသူများသည် လန့်၍ သွားလေ၏။

ထို့ကြောင့် ဒေါ်မေရီ၏ဆိုင်သည် အရင်းပါပြုတ်၍ ပိတ်သွားရလေတော့၏။ ၎င်း၏သား ဂျော်နီမှာလည်း အစပထမတွင် အရက်သမားများနှင့်ပေါင်း၍ သောက်စားမူးယစ်နေရာမှ ဒုစရိုက်မှုကျူးလွန်သော ဖောက်ထွင်းသမားများ၊ လုယက်မှုကျူးလွန်မှုသောသူများနှင့်ပေါင်းကာ ဒုစရိုက်မှုများကို စတင်ကျူးလွန်နေပြီဖြစ်၏။

ဆရာဝန်ကြီးဦးမြဖူး၏သမီး မြရည်မှာ အမေ





ရိကန်နိုင်ငံရှိ ဆေးတက္ကသိုလ်ကြီးတစ်ခုတွင် ပညာဆည်းပူးလျက်ရှိလေတော့၏။ ကံသာသည် မကြာမကြာ ဦးမြဖူးနှင့်သွား၍တွေ့လေ့ရှိ၏။ ဦးမြဖူးက ကံသာအား –

''မေရီဆိုတဲ့မိန်းမ ဒုက္ခလှလှကြီးတွေ့နေပြီလို့ ကြားတယ် ...'' ဟု ပြောလေ၏။

''ဟုတ်ပါတယ် အန်ကယ်၊ ဦးဘော်ဟွန်းဆိုင်နဲ့ မလှမ်းမကမ်းမှာ ထမင်းကြော်ဆိုင်လာပြီးဖွင့်တယ်၊ သူက ထမင်းကြော်တစ်ပွဲ တစ်ကျပ်နဲ့ရောင်းတယ်၊ ဦးဘော်ဟွန်းက တစ်ပွဲကို သုံးမတ်နဲ့ရောင်းလိုက်တော့ အရင်းပါပြုတ်ပြီး ဆိုင်သိမ်းသွားရပြီ ...'' ဟု ပြောလိုက်လျှင် ဦးမြဖူးက–

''မင်းရဲ့မိတ်ဆွေ ကိုဘော်ဟွန်းကြီးက မေရီကို အတော်အမြင်ကတ်တာကွ ...၊ တမင်တကာ လုပ်လွှတ်လိုက်တာ ...၊ မေရီတစ်ယောက် အခု ဘာလုပ်နေပြန်ပြီလဲ'' ဟု မေးလေ၏။

''နေ့ပြန်ပေးနဲ့ ငွေယူပြီး သူတို့အိမ်နားကဈေးမှာ ကုန်စိမ်းရောင်းနေတယ်၊ သူ့သားဂျော်နီကတော့



www.burmeseclassic.com

www.burmeseclassic.com



ဒုစရိုက်သမားဖြစ်သွားပြီ ...၊ သူပေါင်းနေတဲ့လူတွေက ဖောက်ထွင်းသမားတွေ၊ ဆိုး, နိုး, ခိုး တွေချည်းပဲ'' ဟု ကံသာက ပြန်၍ပြောလေ၏။

''ဒီကောင်လည်း ခြေလှမ်းမှားပြီး ဝင်သွားလိမ့်မယ်ထင်တယ် ...'' ဟု ဦးမြဖူးက ပြောလိုက်လေ၏။

''သေချာတာပေါ့ အန်ကယ်ရယ်၊ ရာဇဝတ်ဘေးဆိုတာ ပြေးလို့မှမလွတ်ဘဲ'' ဟု ကံသာက ပြန်ပြောလေ၏။

များမကြာမီ၌ပင် ထိုမြို့တွင်ဖြစ်ပွားခဲ့သော ဖောက်ထွင်းမှုကြီးတစ်ခုတွင် အားပေးကူညီမှုဖြင့် ဂျော်နီသည် ထောင်သုံးနှစ် ကျသွားလေတော့၏။ ဒေါ်မေရီကြီးမှာလည်း ၎င်းရောင်းသောဈေးတွင် ဆိုင်အပိုင်မရှိသဖြင့် ဈေးရောင်းရတစ်ချက်၊ မရောင်းရတစ်ချက်ဖြင့် နောက်ဆုံးတွင် ကုန်စိမ်းဆိုင်လေးပါ အရင်းပြုတ်၍ ရပ်ဆိုင်းသွားရလေတော့၏။

တစ်နေ့တွင် ကံသာနှင့် ဒေါ်မေရီသည် လမ်းတွင် ပက်ပင်းတိုး မိလေတော့၏။ ကံသာကပင် သိ





တတ်မှုဖြင့် စတင်၍ နှုတ်ဆက်လေ၏။

''အဒေါ် နေကောင်းရဲ့လား ...'' ဟု ကံသာက မေးလိုက်လေ၏။

''မကောင်းပါဘူးဟယ် ...၊ ဘာပဲဖြစ်ဖြစ်နင်ကတော့ ကောင်းစားနေတယ်မဟုတ်လား၊ ငါ့သားလေး ဂျော်နီကတော့ ထောင်သုံးနှစ်ကျသွားရှာတယ် ...'' ဟု ငိုသံပါကြီးဖြင့် ပြောလေတော့၏။

''ကျွန်တော်သိပါတယ် အဒေါ်၊ ပြီးတာတွေလည်း ပြီးပြီပေါ့ အဒေါ်ရယ် ...၊ စိတ်မကောင်းမဖြစ်ပါနဲ့၊ အခက်အခဲရှိရင်လည်း ကျွန်တော့်ကို ပြောပေါ့ ...၊ ကျွန်တော် ကူညီနိုင်တာဆို ကူညီပါ့မယ် ...'' ဟု ပြောရာ ဒေါ်မေရီက –

''ငါ့မှာက ကုန်စိမ်းဆိုင်လေးပါ ပြုတ်သွားတော့ စားရမဲ့ သောက်ရမဲ့ ဖြစ်နေပြီဟဲ့ ...၊ တော်ပြီး မသေသေးတာက ငါ့အိမ်နားမှာ ကိုလူလုရဲ့တပည့် ရှေ့ဖတ်စာရေး ဦးလှတင်ဆိုတဲ့ လူကြီးက ကျွေးလို့ သက်ဆိုးရှည်နေတာ၊ သူသာမရှိရင် ငါတော့ တော်လို့သေတာကြာပြီ၊ ငါ့မှာ ပိုက်ဆံတစ်ပြားမှမရှိလို့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မင်းဦးလေးကိုလည်း ထောင်ဝင်စာသွားပြီး မတွေ့နိုင်ဘူး၊ ဂျော်နီကိုလည်း ထောင်ဝင်စာသွားပြီး မတွေ့နိုင်ဘူး၊ ပြုတ်တာက အကြောင်းမဟုတ်ဘူး၊ သူတို့နှစ်ယောက်အတွက် ယူကြုံးမရဖြစ်လွန်းလို့ပါ . . .'' ဟု ဆိုကာ ချုံးပွဲချ၍ ငိုလေတော့၏။ ထိုအခါကံသာက–

''အဒေါ်ရယ် . . . မငိုပါနဲ့ ကျွန်တော် ကူညီပါ့မယ်၊ အဲဒါတွေအဆင်ပြေအောင် ကျွန်တော် ကူညီပါ့မယ်'' ဟု ဆိုကာ ဆိုက်ကားငှား၍ ဒေါ်မေရီကြီးအား ၎င်း၏အိမ်သို့ ပြန်၍ပို့လိုက်လေတော့၏။ ထို့နောက် ကံသာသည် ဒေါ်မေရီဈေးရောင်းသောဈေးတွင် ဆိုင်ခန်းတစ်ခန်း ဝယ်ပေးလေ၏။

''ဆိုင်ခန်းအပိုင်ရှိမှ နေ့တိုင်းဆိုင်ထွက်နိုင်မှာပေါ့'' ဟု ကံသာကပြောလေ၏။ ထိုအခါ ဒေါ်မေရီက –

''ဆိုင်ခန်းရတာတော့ ဟုတ်ပါပြီ၊ ငါက ဘာရောင်းရမှာတုံး . . .'' ဟု မေးလေ၏။

''ဒီလို အဒေါ်ရဲ့ . . .၊ ဈေးကိုလာပြီး ဈေး







ဝယ်တဲ့ ဝယ်သူတွေကို ရောင်းဖို့မစဉ်းစားနဲ့ ဈေးသည်အချင်းချင်း ဈေးရောင်းစားရအောင် အဲဒီဈေးမှာရှိတဲ့ ဈေးသည်တွေသောက်ဖို့ လက်ဖက်ရည်အချိုရောင်းမယ် အဒေါ်ရယ်၊ ဖျော်ပုံဖျော်နည်းလည်း အဒေါ့်ကို သင်ပေးမယ်၊ ရောင်းဖို့ အရင်းအနှီးရော၊ ပန်းကန်ခွက်ယောက်ကအစ ကျွန်တော်လုပ်ပေးမယ် . . .'' ဟု ဆိုကာ ကံသာသည် လက်ဖက်ခြောက်နုပ်နည်းနှင့် လက်ဖက်ရည်ဖျော်နည်းတို့ကို ဒေါ်မေရီအား အသေးစိတ်သင်ပေးလေ၏။ ထို့ပြင် နို့ဆီ၊ သကြား၊ လက်ဖက်ခြောက်များသာမက လက်ဖက်ရည်ထည့်ရန် ပန်းကန်လုံး၊ ပန်းကန်ပြားများ၊ ရေနွေးခရားများပါ ဝယ်ပေးလေ၏။

''ဒီမှာ အဒေါ်၊ ဈေးသည်တွေက အဒေါ့်ဆိုင်ကျဉ်းကျဉ်းလေးထဲကို ဈေးရောင်းဖျက်ပြီး လာမသောက် နိုင်ဘူး၊ သူတို့က သူတို့ဆိုင်ကနေမှာပြီး သောက်လိမ့်မယ်၊ အဒေါ်က ပန်းကန်လုံးနဲ့ လက်ဖက်ရည်ခရား ယူသွားပြီး ပို့ရမယ်၊

ပြီးတော့ အဒေါ်ဟာ အခုနေအခါမှာ တရား





BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူကြီးကတော် မဟုတ်တော့ဘူးနော်၊ လက်ဖက်ရည်သည် ဖြစ်သွားပြီ၊ မာန်ကို အပြီးချထားရမယ်၊ လက်ဖက်ရည်မှာရင် သွားပို့ရမယ်၊ အဒေါ်ကိုယ်တိုင် မပို့နိုင်လည်း ကလေးတစ်ယောက်ကို ပိုက်ဆံပေးပြီးခေါ်ထားရမယ်၊

အဒေါ့်ကို အခုဝယ်ပေးထားတဲ့ဆိုင်နေရာဟာ အပေါ်က မန်ကျည်းပင်ကြီးနဲ့ အရိပ်ရတယ်၊ အလုပ်လုပ်လို့ သိပ်ပြီးကောင်းတာပေါ့၊ အဲဒီမန်ကျည်းပင်ရိပ်မှာပဲ ခွေးခြေပုလေးတွေချထားပေး၊ လာပြီးသောက်တဲ့ လူတွေရှိဦးမှာ၊ ဆိုင်နာမည်ကိုတော့ 'ရွှေမန်ကျည်းတောင့်'လို့ နာမည်ပေးပေတော့ ...'' ဟု ဆိုကာ 'ရွှေမန်ကျည်းတောင့် လက်ဖက်ရည်ဆိုင်' ဟူသော ဆိုင်းဘုတ်ကလေးပါ ပြုလုပ်၍ပေးလေ၏။

ဒေါ်မေရီ၏ လက်ဖက်ရည်ဆိုင်သည်လည်း ဖွင့်သည့်နေ့၌မှာပင် ခွက်ပေါင်းများစွာ ရောင်းရ၍ ဒေါ်မေရီသည် စားရမဲ့သောက်ရမဲ့ဘဝမှ ငွေကြေးကိုင်နိုင်ကာ စားသောက်နိုင်သောအဖြစ်သို့ ရောက်



BURMESE CLASSIC .com



ရှိသွားလေ တော့သတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com









အခန်း (၁၁)

## ထံသာဦးလေး ဦးလူလု ထောင်ကလွတ်လာပြီ

ကံသာ၏ဦးလေး တရားသူကြီးဦးလူလုမှာ ထောင်မှလွတ်လာပြီ ဖြစ်၏။ ထို့ကြောင့် ဒေါ်မေရီနေထိုင်ရာ မြို့အပြင်ရှိတဲဲ့သို့ပင် လိုက်၍နေထိုင်လေ၏။ ဂျော်နီမှာမူ ဖောက်ထွင်းမှုကြီးရာပါအဖြစ် ထောင်ကျသွားရာ ယခုထက်တိုင် မလွတ်သေးပေ။ ဒေါ်မေရီသည် ဦးလူလုအား ကံသာ၏ သဘောထားကြီးပုံ၊ ကောင်းမြတ်ပုံတို့ကို တဖွဖွ ပြောပြနေဖလေ၏။

ဦးလူလုလွတ်လာပြီး သုံးရက်မြောက်နေ့သည် သီတင်းကျွတ်လပြည့်နေ့နှင့် သွား၍ တိုက်



www.burmeseclassic.com

www.burmeseclassic.com





ဆိုင်နေသည်ဖြစ်၏။ ထို့ကြောင့် ကံသာသည် ဦးလူလု ကြိုက်တတ်သော ပျားအုံတံဆိပ် ဘရန်ဒီပုလင်းများ၊ အင်္ဂလိပ်သီလရှင်တံဆိပ်ပါသော ဆေးတံသောက်ဆေး ဗူးများ၊ အဝတ်အထည်များ၊ ဒေါ်မေရီကြိုက်တတ်သော သစ်သီးကိတ်နှင့် ထောပတ်များ၊ ဆူရတီလုံချည်များကိုယူ၍ သွားရောက်ကန်တော့လေ၏။ ဆရာဝန်ကြီးဦးမြဖူးကလည်း –

''ကိုလူလုနဲ့ မတွေ့ရတာအတော်ကြာပြီ ...၊ အန်ကယ်လည်းလိုက်ပြီး သတင်းမေးရဦးမယ်'' ဟု ဆိုကာ ကံသာနှင့်အတူလိုက်ပါလာခဲ့လေ၏။

ဦးလူလုသည် လာဘ်ပေးလာဘ်ယူကိစ္စကြောင့် သူ၏ဘဝပျက်သွားသည်ကို လွန်စွာ နောင်တရနေ၏။ ထို့ကြောင့် တဲ၏အတွင်းဘက်နံရံ၌ 'လာဘ်ပေးလာဘ်ယူ ဘဝရန်သူ' ဟူသောစာတမ်းကြီးကို ချိတ်ထားလေ၏။ ဆရာဝန်ကြီးဦးမြဖူးသည် ထိုစာတမ်းကိုကြည့်၍ ပြုံးမိသွားလေ၏။ ကံသာကမူ –

''ဦးလေးကိုလာပြီးတွေ့ရင်း သိတင်းကျွတ်လ









ပြည့်နေ့အတွက် ကန်တော့တာပါ ...'' ဟု ပြောကာ ပါလာသောပစ္စည်းများဖြင့် ကန်တော့လေ၏။ ထိုအခါ ဒေါ်မေရီကလည်း –

''မင်းက တို့ကိုကန်တော့တော့ တို့ကလည်း ပြန်ပြီး လက်ဆောင်ပေးရမှာပေါ့ကွယ် ...'' ဟု ဆိုကာ ငင်းဝယ်ယူထားသော ဂျင်းဘောင်းဘီနှင့် အဝါရောင် စပို့ရှပ်လေးတစ်ထည်ကို သွား၍ယူပြီးလျှင် ကံသာအား လက်ဆောင်ပေးလေ၏။ ကံသာလည်း မျက်လုံးပြူး၍သွားလေ၏။ ထို့နောက် ကံသာက –

''ဒီအကျီလေးနဲ့ ဘောင်းဘီကို ကျွန်တော် မဝတ်ပါဘူး၊ ဂျော်နီ ထောင်ကထွက်လာရင်ဝတ်ဖို့ သူ့အတွက် ကျွန်တော်လက်ဆောင်ပေးခဲ့မယ် ...'' ဟု ပြောလိုက်လျှင် ဦးမြဖူးသည် မျက်လုံးပြူး၍ သွားလေတော့၏။ ထိုအခါ ဒေါ်မေရီက –

''မဟုတ်တာပဲ ငါ့တူရယ် ...၊ ဂျော်နီနဲ့က အဲဒီအဝတ်အစားနဲ့ မလိုက်ပါဘူး ...၊ လက်မောင်းကြွက်သားမရှိတော့ စပို့ရှပ်က ဘယ်လှမလဲကွယ် ...၊ ဖင်ကလေးကလည်း ရှုံ့နေတော့ ဂျင်းဘောင်းဘီနဲ့က





www.burmeseclassic.com

www.burmeseclassic.com



လည်း မလိုက်ပါဘူး၊ ငါ့တူနဲ့က အလွန်လိုက်တယ်ကွယ် ...၊ အဲဒီ အဝတ်အစားဝတ်လိုက်ရင် မင်းအလုံးအထည်၊ မင်းအရုပ်အမောင်း၊ မင်းဥပမိရုပ်နဲ့ နိုင်ငံခြားရုပ်ရှင်မင်းသား 'ဂရောရီပက်'ကျနေတာပဲ၊ အတော့်ကို ကြည့်လို့ကောင်းတယ် ...၊

ကျော်နီနဲ့ကတော့ အဲဒီအဝတ်အစားတွေဟာ မလိုက်ရေချ မလိုက်တဲ့ ကျော်နီတွက်လာရင်လည်း အဲဒီအဝတ်အစားတွေ မဝတ်ရလို့ အမိန့်ထုတ်ရမယ် ...၊ ပြောတဲ့စကား နားမထောင်ဘဲ ဖွတ်အတင်းဝတ်ရင်တော့ ချွတ်ပြီး မီးပုံထဲကို ထည့်ပစ်မယ် ...'' ဟု ဒေါ်နှင့်မောနှင့် ပြောလိုက်လေ၏။

ထို့ကြောင့် မောင်ကံသာလည်း အဝါရောင် စပို့ရှပ်နှင့် ဂျင်းဘောင်းဘီကလေးကို လက်ခံလိုက်ရလေတော့၏။ ပြီးလျှင် ဒေါ်မေရီသည် –

''မင်းဟာ ငါ့ယောက်ျားနဲ့စပ်ပြီး တူတော်ပါတယ်ကွယ် ..၊ ဒါပေမဲ့ အဒေါ် မနေ့ကစားတဲ့ထမင်းရော၊ ဒီနေ့စားတဲ့ ထမင်းရော၊ မနက်ဖြန်စားမယ့်ထမင်းရောဟာ မင်းကျွေးတဲ့ ထမင်းတွေပါပဲ၊





ဒါ့ကြောင့် မင်းဟာ အဒေါ့်ရဲ့ ခင်ပွန်းကြီးဆယ်ပါးမှာ တစ်ပါးအပါအဝင်ဖြစ်တယ် ...၊ ဒါ့ကြောင့် အဒေါ့်အနေနဲ့ မင်းအပေါ်မှာ ပြစ်မှားမိတဲ့အပြစ်တွေအတွက် တောင်းပန်ပါတယ် ...'' ဟု ဆိုကာ ကံသာအား ဦးသုံးကြိမ်ချ၍ ကန်တော့လေတော့၏။

ဆရာဝန်ကြီးဦးမြဖူးလည်း ထိုအဖြစ်အပျက်ကိုကြည့်ကာ ပီတိဖြစ်၍ မျက်လုံးအိမ်တွင် မျက်ရည်များစို့လာလေတော့၏။ ဦးလူလုကလည်း ရိပ်သာတွင် တရားအားထုတ်လိုသည်ဟု ဆိုသဖြင့် ကံသာကပင် ရိပ်သာသွားနိုင်ရန်အတွက် စီစဉ်ပေးလေ၏။ ရိပ်သာထမင်းစရိတ်ကိုမူ ဆရာဝန်ကြီးဦးမြဖူးက လှူဒါန်းလိုက်လေ၏။

၎င်းတို့နှစ်ဦး ထိုအိမ်ကပြန်လာသောအခါ လမ်းတွင် ဆရာဝန်ကြီး ဦးမြဖူးက –

''မေရီဆိုတဲ့မိန်းမ အမြင်မှန်ရသွားပြီကွ ...၊ စပို့ရှပ်အဝါနဲ့ ဂျင်း ဘောင်းဘီဟာ သူ့သားနဲ့ လုံးဝကြည့်လို့မကောင်းဘူး။ မင်းနဲ့ပဲကြည့်လို့ ကောင်းတယ်တဲ့ ...၊ သူ့သားဝတ်ရင် မီးရှို့ပစ်မယ်တဲ့ ...၊



www.burmeseclassic.com

www.burmeseclassic.com





အတော်ထူးဆန်းတဲ့အဖြစ်အပျက်ပဲကွာ ...၊ ဦးလူလု တစ်ယောက်လည်း လာဘ်စားမိခဲ့တဲ့အပြစ်ကို နောင်တကြီးစွာရသွားတဲ့ပုံပဲကွ၊ အဲဒီလို နောင်တရသွားပြီဆိုတော့လည်း မင်းတို့ငါတို့က ကူညီရမှာပဲပေါ့ကွာ ...၊ အရေးကြီးတာကတော့ ဦးလူလုရဲ့ ကျန်းမာရေးကို စစ်ဆေးရမယ်ကွ ...၊ မကောင်းရင်လည်း ကုသရမယ်ကွ ...'' ဟု ပြောလေ၏။

ရက်အတန်ကြာသောအခါ ကံသာနှင့် ဦးမြူးသည် ဦးလူလုအား စွန်းလွန်းရိပ်သာလို့ လိုက်၍ပို့ကြလေ၏။ ဦးလူလုနေရမည့်ဇရပ်ကို ကံသာက သူ၏ ရဲသားနှစ်ဦးနှင့်အတူ ရှင်းလင်းပေးလေ၏၊ ပြန်ခါနီးတွင် ဦးလူလုက –

''ငါ့မိန်းမဟာ တယူသန်တစွတ်ထိုးကွ ...၊ သူ့ကို အမြင်မှန်ရအောင် ဆုံးမနိုင်တာမင်းပဲ၊ ဘာနဲ့ဆုံးမသလဲဆိုတော့ မေတ္တာနဲ့ဆုံးမလိုက်တာ ...၊ မင်းကို သူယုံသွားပြီ ...၊ အားကိုးသွားပြီ ...၊ သူ့သားဂျော်နီဟာ အလကားကောင်ဆိုတာကို သူသဘောပေါက်သွားပြီ၊ အဲဒီလို အမြင်မှန်ရသွားတာဟာ သူ့







အတွက် လာဘ်တစ်ပါးပဲကွ ...၊

မင်းကို တူရင်းသားရင်းမို့ မှာရဦးမယ် ...၊ မင်း အခုရောက်နေတဲ့နေရာ၊ ရောက်နေတဲ့အခဆင့်ဟာ လာဘ်စားလို့ရတယ်နော် ...၊ မစားနဲ့ကွ ...၊ 'လာဘ်ကို အဆိပ်လို့ သဘောထား၊ မစင်လို့ သဘောထား'၊ ကိုယ်စားရမယ့်အရာမဟုတ်ဘူး၊ ငါ့ကိုသာကြည့်ပေတော့ ...'' ဟု ဆုံးမလေ၏။ ထိုအခါ ကံသာက –

''စိတ်ချပါ ဦးလေး ...၊ အဲဒီကိစ္စကိုတော့ ကင်းအောင် ကျွန်တော်နေပါတယ်၊ ကျွန်တော့်ရဲ့ ပင်ကိုယ်စိတ်ဓာတ်ကလည်း မစားချင်ပါဘူး၊ ဦးလေးကလည်း နမူနာရှိထားတော့ ပိုပြီးမစားချင်တာပေါ့ ဦးလေးရယ် ...'' ဟု ပြောလိုက်ရာ ဦးလေးဖြစ်သူ ဦးလူလုက သာဓုသုံးကြိမ် ခေါ်လေ၏။

''နေစမ်းပါဦး မောင်ကံသာရယ် ...၊ မင်းတို့ရဲတပ်ဖွဲ့မှာ ငါ့မိတ်ဆွေ တစ်ယောက်ရှိတယ်ကွ ...၊ သူက ခရိုင်ရဲဝန်ပဲ၊ ဦးကိုကိုကြီးတဲ့ ...၊ လူကြီးက အတော့်ကို ထွားကြိုင်းတယ်ကွာ ...၊ လက်ဝါးကြီးကလည်း အကြီးကြီးပဲ၊ တရားခံတွေ၊ လူဆိုးလူမိုက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် သူ့လက်ဝါးကြီးနဲ့ တအားလွှဲပြီး တီးလိုက်တဲ့ အခါမှာ မလှုန်နိုင်တော့ဘူးကွ၊ သူရောရှိသေးရဲ့လား . . .'' ဟု မေးလေ၏။

''ရှိပါတယ် အန်ကယ် . . .၊ ထောက်ပံ့ရေးရဲမင်းကြီးရုံးမှာ တာဝန်ထမ်းဆောင်နေပါတယ် . . .'' ဟု ကံသာက ပြန်၍ဖြေလိုက်လေ၏။

''နောက်တစ်ယောက် ရှိသေးတယ်ကွ . . .၊ သူက ကိုတင်မောင်မောင်တဲ့ . . .၊ ယူနီဗာစတီက ဖွက်ကတည်းက ရဲလောကထဲရောက်နေတာ . . .၊ သူ့ဖနီးက လှိုင်လှိုင်တင်တဲ့ . . .၊ ယောက်ျားကလည်း လူချော၊ မိန်းမကလည်း မိန်းမချော . . .'' ဟု ပြောလိုက်ရာ ကံသာက

''ဆရာဦးတင်မောင်မောင်တို့က ပင်စင်ယူသွားပါပြီ . . .၊ အခု ဂျပန်ကိုရောက်နေပါပြီ . . .၊ အလုပ်ကို ကောင်းကောင်းလုပ်ခဲ့တဲ့သူတွေဆိုတော့ သူ့နာမည်ဟာ ကျွန်တော်တို့ရဲတပ်ဖွဲ့မှာ ကျန်ခဲ့ပါတယ် . . .'' ဟု ပြန်၍ ဖြေလိုက်လေ၏။

''နောက်တစ်ယောက် မေးဦးမယ်ကွာ . . .၊







သူကတော့ ကျောင်းကတည်းက တို့ထက်စီနီယာကျတယ်ကွ . . .၊ ဥက္ကါတဲ့ . . .'' ဟု ပြောလိုက်ရာ ကံသာက –

''ဆရာဦးဥက္ကါက သမိုင်းကို စေ့စေ့စပ်စပ်လေ့လာနေပါတယ်၊ ရဲတပ်ဖွဲ့က ပင်စင်ယူရင် အဲဒီဘက်ကို ဇောက်ချပြီးလုပ်မယ်လို့လည်း ကြားပါတယ်၊ အလွန်တော်တဲ့ လူကြီးတွေပါပဲ . . .'' ဟု ကံသာက ပြန်၍ ဖြေလိုက်လေ၏။

''ဘာပဲဖြစ်ဖြစ် မင်းတို့က လူသစ်တွေကွ . . .၊ ရဲအရာရှိ အခုမှဖြစ်တာ . . .၊ သူတို့ဆီက ပညာယူရမယ်ကွ . . .၊ ကိုယ်လုပ်တဲ့နေရာမှာ လူတော်ဖြစ်အောင်လုပ်ကွာ . . .'' ဟု ဆုံးမပြန်၏။ ကံသာသည် ဦးလေးဖြစ်သူ ဦးလူလုအား စွန်းလွန်းရိပ်သာသို့ ထားခဲ့ကာ ပြန်ခဲ့လေ၏။ ထို့နောက်လည်း မကြာမကြာ သွားရောက်တွေ့ဆုံကာ လိုအပ်သည်များကို ဝယ်ပေးလေ၏။

ဦးလူလုမှာ ဝမ်းချုပ်တတ်သောကြောင့် ဝမ်းချုူသော ဘောလုံးကလေးများ မကြာခဏ ဝယ်





www.burmeseclassic.com

www.burmeseclassic.com



ပေးရလေ၏။ ချောင်းလည်း ဆိုးတတ်သောကြောင့် 'ရွှေတုံးကြီး' လျက်ဆားပုလင်းများ ပို့ရလေ၏။ ခွန်အား နည်းသောကြောင့် 'ဝါတာဗယ်ရီကွန်ပေါင်း' ဆေး ပုလင်းများပါ ပို့ပေးရလေ၏။ ပြည့်ပြည့်စုံစုံရှိသော ကြောင့် ဦးလူလှသည် တရားကို ကောင်းစွာမှတ်နိုင် လေတော့သတည်း။

* * *







www.burmeseclassic.com

www.burmeseclassic.com









## အခန်း (၁၂)
## ဆေတနာ အကျိုးပေးပြီ

ဆရာဝန်ကြီးဦးမြဖူး၏သမီး မြရည်သည် အင်္ဂလန်သို့ ဆေးပညာ သွားရောက်သင်ကြားနေပြီ ဖြစ်၏။ ၎င်းမြရည်သည် ကျောင်းပြီးလုနီးပြီဖြစ်၏။ ထို့ကြောင့် မြရည်အတွက် အိမ်တွင်ဆွမ်းကပ်၍ ကောင်းမှုကုသိုလ် ပြုလုပ်ပေးရန်ရည်ရွယ်ပြီး ဆရာဝန်ကြီးဦးမြဖူးသည် စီစဉ်လေတော့၏။ ဘုန်းတော်ကြီး (၉)ပါးကို သင်္ကန်းကပ်ခြင်း၊ ဝတ္ထုငွေများ လှူဒါန်းခြင်း၊ မုန့်ဟင်းခါး ဆွမ်းကပ်ခြင်း၊ ဧည့်သည်များကိုလည်း မုန့်ဟင်းခါးကျွေးခြင်း ပြုလုပ်မည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com





ထို့ကြောင့် မုန့်ဟင်းခါးချက်မည့်သူကို ရှာဖွေရာ ၎င်း၏ဆေးရုံမှ ကွန်ပေါင်ဒါကလေးက ၎င်းတို့၏ ရပ်ကွက်တွင် အလှူများ၌ မုန့်ဟင်းခါးလိုက်၍ချက်ပေးသော အဒေါ်ကြီးရှိကြောင်း ပြောသဖြင့် ဆရာဝန်ကြီးက ခေါ်လာခဲ့ရန် မှာကြားလိုက်လေ၏။ ထို့ကြောင့် ကွန်ပေါင်ဒါကလေးသည် ၎င်းတို့၏ရပ်ကွက်တွင် အလှူ၌ မုန့်ဟင်းခါးလိုက်၍ချက်ပေးသော အဒေါ်ကြီးနှင့် ဆရာဝန်ကြီးကို တွေ့ပေးလေ၏။

ဆရာဝန်ကြီးသည် မုန့်ဟင်းခါးချက်ပေးမည့် အဒေါ်ကြီးနှင့် တွေ့သောအခါ အံ့သြ၍ သွားလေ၏။ ထို့ကြောင့် –

''မုန့်ဟင်းခါးချက်ပေးမယ့် အဒေါ်ကြီးဆိုလို့ ဘယ်သူများလဲမှတ် တယ် မမေရီကိုး ...၊ ကဲဗျာ ... ခင်ဗျားပဲ တွက်ချက်ပြီးတော့ ဈေးဝယ်ပေတော့၊ စိတ်တိုင်းကျချက်ပေတော့ ...၊ လှူတာကတော့ ခင်ဗျားတူမ မြရည်အတွက် ကုသိုလ်ဆက်တဲ့အလှူပါဗျာ ...၊ အလှူနေ့ကျရင်လည်း ဦးလူလှကိုလည်း ကြွဖြစ်အောင်ကြွဖို့ ဖိတ်ပါတယ်ဗျာ ...၊ ရိပ်







သာမှာဆိုရင်လည်း ဒီက ကားလွှတ်ပြီးကြိုပါ့မယ်'' ဟု ဆရာဝန်ကြီးဦးမြဖူးက ပြောလေ၏။ ထိုအခါ ဒေါ်မေရီက –

''စိတ်ချပါဆရာဝန်ကြီး၊ အကောင်းဆုံးဖြစ်အောင် ကျွန်မချက်ပေးပါ့မယ်'' ဟု ပြောလျှင် ဆရာဝန်ကြီးက –

''စိတ်လည်းမဆိုးနဲ့နော်၊ ရှင်းတယ်လို့လည်း မထင်နဲ့၊ ဝတ္တရားပျက်မှာစိုးလို့မေးရတာ ...၊ ခုလို လာပြီးချက်ပေးရတဲ့အတွက် ဘယ်လောက်များ ဒေါ်မေရီကို ပေးဖို့လိုပါသလဲ'' ဟု မေးလိုက်လေ၏။ ဒေါ်မေရီက ပျာပျာသလဲ အမူအရာဖြင့် –

''အို ... အို ... အို ... မဟုတ်ပါဘူး ဆရာဝန်ကြီးရယ်၊ မေရီတို့ရဲ့ဘဝက လှူနိုင်တန်းနိုင်တာမှ မဟုတ်ဘဲ၊ အဲဒီတော့ သူများလှူတဲ့အလှူမှာ ကုသိုလ်ရအောင်ဆိုပြီး စေတနာ့ဝန်ထမ်းလုပ်ပေးတာပါ''ဟု ပြောလိုက်လျှင် ဆရာဝန်ကြီးဦးမြဖူးက –

''တောင်းပန်ပါတယ် မမေရီရေ ...၊ သာခုလည်းခေါ်ပါတယ်၊ ခင်ဗျားဟာ အစစအရာရာ ပြောင်



www.burmeseclassic.com

www.burmeseclassic.com





လဲသွားပြီပဲ၊ ကေနွတော့ ဆရာကောင်းတစ်ဦးဦးနဲ့ တွေ့လိုက်ပြီထင်တယ်'' ဟု ပြောလိုက်ရာ ဒေါ်မေရီ က -

''မေရီ့ရဲ့ဆရာကတော့ မောင်ကံသာပါပဲ. . .၊ ဒီကလေးရဲ့ စိတ်ထားကောင်းပုံတွေ၊ မွန်မြတ်ပုံတွေကို မေရီ သဘောကျတယ်၊ အဲဒါကြောင့် အတုယူပြီး ကောင်းမှုတွေပဲ လုပ်နေတော့တာပဲ'' ဟု ပြောလိုက်ရာ ဆရာဝန်ကြီးဦးမြဖူးက -

''အဲဒီနေ့ကျရင် မောင်ကံသာလည်း လာမှာပါ'' ဟု ပြောလေ၏။

ဒေါ်မေရီသည် မုန့်ဟင်းခါးချက်စရာပစ္စည်းများကို ဝယ်ယူ၍ စာရင်းနှင့်အင်းနှင့်တကွ ပိုသောငွေများကို ဆရာဝန်ကြီးထံ ပြန်၍အပ်လေတော့၏။

ထို့နောက် အိမ်ရှေ့မြေကွက်လပ်တွင် မီးဖို၍ တစ်ညလုံး ချက်လေတော့၏။ ဒေါ်မေရီသည် မုန့်ဟင်းခါး ချက်သောအခါ၌ တစ်ညလုံးမအိပ်ဘဲ မုန့်ဟင်းခါးအိုးကို မွှေလေ၏။ ထိုသို့မွှေရင်းလည်း မေတ္တာသုတ်ကို မနားတမ်းရွတ်လေ၏။ မုန့်ဟင်းခါးကျက်









သောအခါ၌ ဒေါ်မေရီသည် ရွှေကြည်နှင့်မကောင်း တစ်ပန်းဖုတ်လေ၏။ နံနက်အရုဏ်တက်တွင် သံဃာတော်များ ကြွလာသောအခါ၌ ဒေါ်မေရီကိုယ်တိုင်ပင် မုန့်ဟင်းခါးပွဲများကို ပြင်ပေးလေ၏။ သံဃာတော်များသည် မုန့်ဟင်းခါးဆွမ်း ဘုဉ်းပေးပြီးနောက် အိမ်သူအိမ်သားများကို သီလပေးလေ၏။

ထိုအခါ၌ ဒေါ်မေရီလည်း တဘက်ကလေးကို ပုခုံးပေါ်တင်၍ ဝင်ရောက်ကာ သီလယူလေ၏။ သီလပေးပြီးသောအခါ၌ ဆရာတော်က -

''မုန့်ဟင်းခါးကောင်းလှချေလားလို့ အောက်မေ့နေတာ လက်စသတ်တော့ ဒကာမကြီးဒေါ်မေရီချက်တာကိုး . . .၊ ဟိုတစ်နေ့က အိမ်တက်က ဒံပေါက်လည်း ခင်ဗျားချက်တာမဟုတ်လား၊ အလွန်ကောင်းတဲ့ ဒံပေါက်ပဲ၊ အိမ်ရှင်တွေပြောပြချက်အရတော့ ချက်ပြုတ်နေတုန်းမှာလည်း အလကားမနေဘူး၊ မေတ္တာသုတ်တွေ ရွတ်နေတယ်တဲ့၊ ဘုန်းကြီးတော့ဝမ်းသာလိုက်တာဗျာ . . .၊ ခင်ဗျားကတော့ သေလွန်တဲ့အခါမှာ ဗြဟ္မာ့ဘုံရောက် မှာပါပဲ'' ဟု ချီးမွမ်းလေ၏။





www.burmeseclassic.com

www.burmeseclassic.com



ညည့်သည်များ ရောက်ချိန်တန်သောအခါ၌ မောင်ကံသာနှင့် ဦးဘော်ဟွန်းလည်း ရောက်လာလေ၏။ မောင်ကံသာသည် စွန်းလွန်းရိပ်သာသို့ဝင်၍ ဦးလူလှကိုလည်း ဝင်ရောက်၍ ခေါ်လာလေ၏။

ဆရာဝန်ကြီးသည် ဦးလူလှအား ဝမ်းသာအားရ ဖက်လှဲတကင်း နှုတ်ဆက်လေ၏။

''ဦးလူလှရေ ...၊ လိုတဲ့အကူအညီပြော၊ အားမနာနဲ့နော် ...၊ ကျုပ်ကိုပြော ...'' ဟု အားပေးစကားပြောလေ၏။ ထိုအခါ ဦးလူလှက –

''ကျေးဇူးတင်ပါတယ် ဒေါက်တာရယ် ...၊ မလိုပါဘူး။ လိုရင်တော့ ပြောပါ့မယ်၊ အခုအခါမှာ ကျွန် တော့်ဘဝတစ်ခုလုံးကို ကျွန်တော့်တူမောင်ကံသာက တာဝန်ယူထားပါတယ်'' ဟု ပြန်၍ဖြေလေ၏။

ထို့နောက် ၎င်းတို့သုံးဦးအား မုန့်ဟင်းခါး များပြင်၍ ကျွေးလေ၏။ ထိုပိုင်းတွင် ဆရာဝန်ကြီး ဦးမြဖူးပါ ဝင်၍စားလေ၏။ ဆရာဝန်ကြီးဦးမြဖူးက–

''ဦးလူလှရေ ...၊ ခင်ဗျားဖနီး ဒေါ်မေရီက







တော့ အပြောင်းလဲကြီး ပြောင်းလဲသွားပြီဗျ၊ ကျုပ်ဖြင့် ဝမ်းသာလိုက်တာဗျာ ...၊ အဲဒီအကြောင်းကို သမီး ဆီတောင် စာရေးရဦးမယ်'' ဟု ပြောလိုက်ရာ ဦးလူလှ က –

''မေရီ့ဆရာက ဟောဒီ မောင်ကံသာ လေ ...၊ သူပြင်လို့ ပြောင်း လဲသွားတာ ...၊ နို့ မဟုတ်ရင် အဲဒီမိန်းမ ခဲပြည်ရောက်မှာ ...'' ဟု ပြောကာ ရယ်လေ၏။

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး များ မကြာမီ၌ ထိုရပ်ကွက်၏ အိမ်တစ်အိမ်မှ အိမ်တက် မင်္ဂလာဆွမ်းကျွေးအတွက် ဒေါ်မေရီအား ဒံပေါက် ချက်ရန် အကူအညီတောင်းလေ၏။ ဒေါ်မေရီလည်း သွားရောက်၍ ချက်ပြုတ်ပေးလေ၏။ ထိုအိမ်နှင့်ရင်းနှီး သော နာရေးဆိုသည့် ကုလားကလေးသည် ညပိုင်း တွင် ထိုအိမ်သို့ လာရောက်လည်ပတ်လေ၏။ ထိုသို့ လည်ပတ်ရင်း အိမ်ရှင်ဖြစ်သူအား –

''ဒံပေါက်ကျွေးဖို့ ဘယ်လိုလုပ်မှာလဲ၊ ဆိုင် ကို အော်ဒါမှာသလား'' ဟု မေးရာ အိမ်ရှင်က –





www.burmeseclassic.com

www.burmeseclassic.com



''အော်ဒါမမှာပါဘူး၊ ဒေါ်မေရီဆိုတဲ့ ချက်တတ်တဲ့ မိန်းမကြီးက ချက်ပေးပါတယ်''ဟု ပြောလျှင် နာရားက

''ချက်ခဲ့တယ်လောက်ယူသလဲ'' ဟု မေးလေ၏။ ထိုအခါ အိမ်ရှင်က --

''ချက်ခရယ်လို့ မယူပါဘူး၊ စေတနာနဲ့ ချက်ပေးတာပါ၊ လုပ်တာကိုင်တာလည်း သိပ်ပြီးကောင်းတယ်၊ သန့်လည်းသန့်တယ်၊ သူ့ဒံပေါက်ကလည်း တစ်ခါစားပြီးရင် စွဲသွားတတ်တယ်၊ အလှူပြီးရင်လည်း မပြန်ဘူး၊ အိုးတွေခွက်တွေ ဆေးပေးသွားသေးတယ်၊ အလွန်သဘောကောင်းတဲ့ အဒေါ်ကြီး၊ ဟောဟိုမှာ မြင်လား၊ ချက်နေတုန်းလည်း ဒီအတိုင်းမနေဘူး၊ မေတ္တာသုတ်တွေ ရွတ်နေတယ်'' ဟု ပြောလိုက်လျှင် နာရားလည်း ဒေါ်မေရီကိုမြင်ရန်အတွက် ခေါင်းကို ငုံ့စောင်း၍ ကြည့်လိုက်လေ၏။ ထိုသို့ ကြည့်ပြီးနောက် အိမ်ရှင်အား –

''အဲဒီအဒေါ်ကြီးကို ကျွန်တော်သိတယ်၊ လာဘ်စားမှုနဲ့ထောင်ကျသွားတဲ့ တရားသူကြီးဦးလှလှ





ရဲ့ မိန်းမ'' ဟု ပြောပြီးလျှင် နာရားသည် ဒေါ်မေရီ ရှိရာသို့ အရောက်သွားလေ၏။ အနီးသို့ရောက်လျှင် နာရားက

''အန်တီ့ကို ကျွန်တော် ကောင်းကောင်းသိပါတယ်၊ တရားသူကြီး ဦးလှလှရဲ့ ဇနီးမဟုတ်လား'' ဟု မေးလိုက်ရာ ဒေါ်မေရီက –

''ဟုတ်ပါတယ်'' ဟု ပြန်၍ဖြေလေ၏။ ထိုအခါ နာရားက –

''အန်ကယ်ဦးလှလှရော အိမ်မှာလား'' ဟု မေးလေ၏။

''ဟုတ်ပါတယ် အိမ်မှာပါ၊ မနက်ကမှ ရိပ်သာက ပြန်လာတယ်...'' ဟု ဒေါ်မေရီက ပြန်၍ဖြေလျှင် နာရားက –

''မနက်ကျရင် ကျွန်တော် တစ်ခေါက်လာဦးမှာ၊ ပြီးတော့ အန်တီနဲ့အတူ အန်တီ့အိမ်ကို လိုက်ဦးမယ်၊ ပြီးတော့ အန်ကယ်ဦးလှလှကို တွေ့ချင်ပါတယ်'' ဟု ပြောလေ၏။

နောက်တစ်နေ့နံနက်တွင် နာရားရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ဒေါ်မေရီ၏အိမ်သို့ လိုက်ပါသွားလေ၏။ အိမ်သို့ရောက်လျှင် ဦးလူလှနှင့်တွေ့လေ၏။ နာရေးသည် ဦးလူလှကိုတွေ့လျှင် -

''အန်ကယ် နေကောင်းတယ်နော်'' ဟု နှုတ်ဆက်လိုက်လေ၏။

''ကောင်းပါတယ်၊ မင်းက ဘယ်သူလဲ'' ဟု မေးလေ၏။ ထိုအခါ နာရေးက -

''အန်ကယ် ဦးပါလုကိုတော့ မှတ်မိဦးမှာပေါ့နော် ...'' ဟု မေးလိုက်ရာ ဦးလူလှသည် မျက်နှာကွက်ကနဲ ပျက်၍သွားလေ၏။ ထို့နောက်မှ-

''မှတ်မိတာပေါ့ကွယ် ...၊ ဦးပါလုနဲ့ သူ့အစ်ကို ဦးအာလူးတို့ အမွေမှုဖြစ်ကြတာကွ၊ အဲဒီအမှုမှာ ငါက ဦးပါလုဘက်ကပါပြီး အမိန့်ချမိလို့ လာဘ်စားမှုနဲ့ အတိုင်ခံရပြီး အလုပ်ပြုတ်ပြီး ထောင်ကျသွားတာကွ'' ဟု ပြောလိုက်လျှင် နာရေးက -

''ကျွန်တော်က ဦးပါလုရဲ့ တူအရင်းပါ'' ဟု ပြောလေ၏။ ထို့နောက် နာရေးလည်း ပြန်သွားပြီးလျှင် ဦးလေးဖြစ်သူ ဦးပါလုအား သွားရောက်တွေ့ဆုံ၍





ဦးလူလှဆင်းရဲနေပုံ၊ ၎င်း၏မိန်းမ ဒေါ်မေရီကြီး စိတ်ကောင်းရှိပုံတို့ကို ပြောပြလေ၏။ ထိုအခါ ဦးပါလုက -

''တော်တော်သနားဖို့ကောင်းတဲ့လူပဲ၊ အခု ဘာလုပ်နေသလဲ'' ဟု မေးလေ၏။

''ဘာအလုပ်မှမရှိပါဘူး၊ စွန်းလွန်းတရားရိပ်သာသွားပြီး တရားထိုင်လိုက်၊ အိမ်ပြန်လာလိုက်လုပ်နေတာပဲ၊ သူ့မိန်းမ ဒေါ်မေရီကြီးကတော့ ဈေးထဲမှာ လက်ဖက်ရည်လေးဘာလေး ရောင်းတယ်၊ အလှူအိမ်တွေမှာလိုက်ပြီး ထမင်းဟင်းချက်ပြုတ်ပေးတယ်'' ဟု ပြောလိုက်ရာ ဦးပါလုက စိတ်မကောင်းဖြစ်၍ သွားလေ၏။ ထို့နောက် -

''အဲဒီအမွေမှုမှာ ငါနိုင်တယ်ကွ၊ အဲဒီအတွက် ဘိုးဘွားပိုင် မြေကွက်ကြီးတစ်ကွက် ငါရလိုက်တာပေါ့၊ အဲဒီမြေကွက်ကြီးရဖို့အတွက် တရားသူကြီးကိုလူလှဟာ ထောင်ကျခံသွားရရှာတယ်၊ အဲဒါကြောင့် အဲဒီမြေကွက်ကြီးကို ငါတစ်ယောက်တည်းယူထားရင် ဘုရားကြိုက်မှာ မဟုတ်ဘူး၊ ငါ့ကို အပြစ်ပေးလိမ့်မယ်၊ ဒါကြောင့် မြေကွက်ကြီး တစ်ဝက်ကိုခွဲပြီး ကိုလူလှကို



www.burmeseclassic.com

www.burmeseclassic.com

လက်ဆောင်ပေးရမယ်'' ဟု ပြောလေ၏။

ထို့နောက်တွင်ကား ဦးပါလုသည် မြေစာရင်းရုံးမှ လူများနှင့်ညှိနှိုင်းကာ မြေကွက်ကြီးကို တစ်ဝက်ပိုင်း၍ ရှေ့နေရှေ့ရပ်များ၏ အကူအညီဖြင့် စာချုပ်စာတမ်းပြုလုပ်ကာ ဦးလူလုနှင့် ဒေါ်မေရီအားခေါ်၍ လက်ဆောင်ပေးလိုက်လေတော့၏။ ရရှိသော မြေကွက်တစ်ဝက်မှာ လွန်စွာတန်ဖိုးရှိလေ၏။ ထို့ကြောင့် ဦးလူလုက -

''မေရီရေ . . .၊ ဘာပဲဖြစ်ဖြစ် နာရားဆိုတဲ့ ကောင်လေး ကူညီတာပဲကွ . . .'' ဟု ပြောလေ၏။ ထိုအခါ ဒေါ်မေရီက -

''ဟို အိမ်တက် ဒံပေါက်ကျွေးတဲ့ ကိစ္စမှာ စေတနာ့ဝန်ထမ်း ဒံပေါက်သွားပြီးချက်ပေးလို့ နာရားနဲ့ တွေ့ရတာပဲ၊ ဒါကြောင့် စေတနာအကျိုးပေးတယ်လို့လည်း ပြောနိုင်တာပေါ့ ကိုလူလုရယ် . . .''ဟု ပြောလိုက်ရာ ဦးလူလုက -

''မှန်ပါ့ဗျား . . .'' ဟု ရေရွတ်လိုက်လေ



တော့သတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com









## အခန်း (၁၃)
## ကံသာလိုက်ရတဲ့ ဓားပြမှု

တရားသူကြီးဟောင်း ဦးလူလုနှင့် ဒေါ်မေရီတို့ကို သစ်ကုန်သည်တစ်ဦးက သစ်များပေးလေ၏။ ထိုသစ်ကုန်သည်အမှုဖြစ်စဉ်က ဦးလူလုသည် ထိုအမှုကို မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးခဲ့သည်ဟု ဆို၏။ ထို့ကြောင့် ကျွန်းသစ်များ လှူဒါန်းခြင်းဖြစ်၏။ အလွန်တော်သော ဗိသုကာဆရာကြီးတစ်ဦးကလည်း ၎င်းသားလေး အမှုဖြစ်စဉ်က ဦးလူလုသည် မှန်မှန်ကန်ကန်ဆုံးဖြတ်၍ အမိန့်ချခဲ့ဖူးသည်ကို ကျေးဇူးဆပ်သောအားဖြင့် ဦးလူလုအိမ်ဆောက်သောအခါ၌ သူ၏



www.burmeseclassic.com

www.burmeseclassic.com





အဖွဲ့နှင့်အတူ လာရောက်၍ ကူညီလေ၏။

ထို့ကြောင့် 'နာရေး'ကျေးဇူးကြောင့် ရရှိခဲ့သော မြေကွက်ကြီးတွင် ဦးလှလှသည် ကျွန်းနှစ်ထပ်အိမ်ကြီးတစ်လုံး ဆောက်လုပ်ပြီးဖြစ်လေ၏။ အိမ်တက်မည်ပြုရာတွင် ဒံပေါက်ရောင်းသော ကုလားတစ်ဦးကလည်း ဒံပေါက်ကူညီသဖြင့် ဘုန်းကြီး(၉)ပါးကို ဒံပေါက်ဆွမ်းကပ်ကာ အိမ်တက်မင်္ဂလာကို ကောင်းစွာပြုလုပ်နိုင်လေ၏။

ဒေါ်မေရီသည် အလုံးစုံပြီးသောအခါ၌ မူလရောက်ရှိနေသော ရပ်ကွက်မှ ထိုအိမ်သစ်ဆီသို့ ပြောင်းရွှေ့ခဲ့လေ၏။ ထိုသို့ပြောင်းရွှေ့သောနေ့၌ပင် ဒေါ်မေရီတို့နေခဲ့သော ရပ်ကွက်အဟောင်းသည် မီးလောင်၍ ရပ်ကွက်တစ်ခုလုံး ပြာကျသွားလေ၏။ ထိုအဖြစ်ကိုကြည့်ကာ ဆရာဝန်ကြီး ဦးမြမွှေးက ကံသာအား –

"မောင်ကံသာရေ ...၊ မင်းဦးလေးမိန်းမ မေရီတစ်ယောက် ကံဇာတာကောင်းလာတာတော့ ထင်ရှားတယ်ကွ၊ သူပြောင်းပြီးမှပဲ သူနေခဲ့တဲ့ရပ်ကွက်ကလည်း မီးလောင်သတဲ့ကွာ ...၊ စိတ်ကောင်းမွေးလို့









ကံကောင်းသွားတာကွ၊ အဲဒါကို လူတွေသိစေချင်တယ်ကွာ ...၊

မေရီ့မှာ စိတ်ယုတ်မာတွေရှိတုန်းက ကံတွေဆိုးသွားလိုက်တာ ...၊ တစ်ခုပြီးတစ်ခုပဲ၊ အခုကြည့်စမ်း ကံတွေပြန်ကောင်းသွားလိုက်တာ သိသိသာသာကြီးပဲကွာ၊ မြေလှူတဲ့လူက လှူတယ်ကွာ၊ သစ်လှူတဲ့ လူက လှူတယ်ကွာ ...၊ ဆောက်ပေးမယ့် ဗိသုကာကလည်း အလကားကွာ ...၊ အိမ်တက်ဖို့ ဒံပေါက်တောင် ဒံပေါက်ကုလားကလှူတယ် မဟုတ်လား" ဟု ပြောလေတော့၏။

"အန်ကယ်မသိလို့ အန်တီမေရီအိမ်ပြောင်းတဲ့ရက်က ထီပွင့်တဲ့ရက်ပဲ၊ အဲဒီမှာလည်း ထီတစ်သိန်းဆုပေါက်သေးတယ်၊ အဲဒါကြောင့် ဘာဘူစောင်တွေဝယ်ပြီး မီးဘေးဒုက္ခသည်တွေကို ဒေါ်မေရီက သွားပြီးလှူလိုက်သေးတယ်၊

သီးစုံကုလားဟင်း ငံပြာရည်ချက်နဲ့ မီးဘေးဒုက္ခသည်တွေကို ထမင်း သုံးရက်ကျွေးသေးတယ်" ဟု ကံသာက ပြောလိုက်၏။ ဆရာဝန်ကြီးဦးမြမွှေးက





www.burmeseclassic.com

www.burmeseclassic.com



လေးလေးနက်နက်ကြီး သာမုခေါ်လေ၏။ ထို့နောက် ဦးမြဖူးက –

''ဘာပဲဖြစ်ဖြစ် စေတနာဟာ ကံကိုဖြစ်စေတယ်ကွယ့် . . .၊ မေရီရဲ့စေတနာဟာ မေရီကို အကျိုးပေးပါလိမ့်မယ်'' ဟု ပြောလေ၏။ ထိုအခါ ကံသာက –

''အန်ကယ်ဦးလူလုဟာ သူများရဲ့ဇရပ်မှာ ခွင့်တောင်းတည်းခိုပြီး တရားအားထုတ်ခဲ့ရတာ . . .၊ အခုတော့ ဇရပ်ရှင်က အန်ကယ့်ကိုကြည်ညိုပြီး ဇရပ်ပါ အပြီးလှူလိုက်ပြီ၊ ဒါကြောင့် အန်ကယ်ဟာ သူ့ရဲ့ဇရပ်မှာ သူနေပြီး တရားကို ကျကျနန အားထုတ်နေနိုင်ပြီ၊ သူ့ကို ကြည့်ရတာ အတော်လည်း ကျေနပ်နေပုံရတယ် . . .'' ဟု ပြောလိုက်လေ၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပျက်နေစဉ် အတောအတွင်း၌မှာပင် ဒေါ်မေရီ၏သား ဂျော်နီသည် ထောင်မှလွတ်လာပြီဖြစ်၏။ ဂျော်နီသည် မိခင်ဖြစ်သူ ဒေါ်မေရီ၏အိမ်မှာပင် တက်၍နေရလေ၏။ ကံသာမှာလည်း ဂါတ်မှနေ၍ C.I.D သို့ ပြောင်းရွှေ့သွားရပြီ





ဖြစ်၏။ နိုင်ငံခြားသို့သွားရောက်၍ ပညာသင်ကြားနေသော မြရည်မှာ ကျောင်းပြီးသွားပြီဖြစ်၏။ ကျောင်းပြီးသော်လည်း ပြန်မလာသေးဘဲ လန်ဒန်မြို့ရှိ 'ချက်ရင်ခရော့'ဆိုသော နာမည်ကြီးဆေးရုံကြီးတွင် တက်ရောက်၍ အလုပ်လုပ်နေပြီဖြစ်၏။

ထိုသို့အလုပ်လုပ်၍ ၎င်းနှင့်လုပ်ဖော်ကိုင်ဖက် ဗြိတိသျှလူမျိုး ဆရာဝန်လေးမိုက်ကယ်နှင့် ရည်ငံကာ လက်ထပ်လိုက်လေတော့၏။ ၎င်း၏ဖခင် ဆရာဝန်ကြီးဦးမြဖူးမှာ လူမျိုးခြားနှင့် လက်ထပ်ရပါမည်လောဟု ဆိုကာ အကြီးအကျယ် စိတ်ဆိုး၍နေလေတော့၏။

မြရည်တို့ဇနီးမောင်နှံသည် လန်ဒန်မြို့အပြင်ဘက်ရှိ ရေကန်ကြီးတစ်ကန်သို့ ပျော်ပွဲစားထွက်ကြလေ၏။ ထိုသို့ပျော်ပွဲစားထွက်သည့် ခရီးတွင် ကားချင်းတိုက်မိသဖြင့် မြရည်ရော ၎င်း၏ခင်ပွန်းပါ ပွဲချင်းပြီး သေဆုံးသွားလေတော့၏။ ဆရာဝန်ကြီးဦးမြဖူးသည် လန်ဒန်သို့လိုက်သွားလေတော့၏။ မြရည်သေဆုံးခြင်းအတွက် လျော်ကြေးငွေအမြောက်အမြားရရှိခဲ့လေ၏။ မြရည် အိမ်ထောင်ပြုသွားခြင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ သေဆုံးခြင်းအတွက်လည်းကောင်း ကံသာသည် စိတ်မကောင်းဖြစ်ရလေ၏။ ထို့ကြောင့် ၎င်း၏ မိတ်ဆွေ ဦးဘော်ဟွန်းက –

"မြရည်ယောကျ်ားယူသွားတာ မင်းနဲ့ ဘာမှ မဆိုင်ပါဘူး၊ မြရည်ဟာ မင်းရဲ့ချစ်သူလည်း မဟုတ်ဘူးလေကွာ ...၊ မင်းကို သူက သနားတာပဲရှိတာပဲ၊ ချစ်တယ်လို့မှ မပြောသေးဘဲ၊ အခုလို သေဆုံးသွားပြန်တော့လည်း စိတ်မကောင်းစရာပေါ့ကွာ ...၊ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ" ဟု ပြောလေ၏။

ဆရာဝန်ကြီးဦးမြဖူးက ကံသာအား –

"ဒီလိုကွ ...၊ ငါ့သမီးမြရည်ကို မင်းနဲ့ရည်ရွယ်ထားတာ ...၊ သူက ဟိုမှာယောကျ်ားယူလိုက်တော့ အန်ကယ့်အစီအစဉ်တွေ ပျက်သွားတာပေါ့ကွာ ...၊ အခုတော့လည်း ခမျာမှာ ဆုံးရှာပါပြီ" ဟု ကြေကွဲသံကြီးဖြင့် ပြောလေ၏။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် ကံသာတို့နေထိုင်သောမြို့ရှိ ပန်းထိမ်ဆရာကြီး ဦးပန်းစိန်၏ အိမ်သို့ ဓားပြတိုက်လေ၏။ ထိုပန်းထိမ်ဆရာကြီး





ဦးပန်းစိန်သည် ထိုမြို့ရှိဈေးထဲတွင် ရွှေဆိုင်ကြီးတစ်ဆိုင် ဖွင့်ထား၏။ ထိုရွှေဆိုင်ကြီးတွင် ၎င်း၏သမီး မြရည် ဆိုသော မိန်းကလေးက ရောင်းလေ၏။ ဓားပြတိုက်ခံရသောအခါ မြရည်၏ရွှေဆိုင်မှ ရွှေထည်ပစ္စည်းအမြောက်အမြား ပါ၍သွားလေ၏။ ထိုအမှုကို စီအိုင်ဒီမှ ကိုင်လေ၏။ ထိုအမှုလေး ပေါ်ပေါက်ရေးအတွက် လူကြီးများက ကံသာကို တာဝန်ပေးထားလေ၏။

ကံသာလည်း အခင်းဖြစ်ပွားသော ဦးပန်းစိန် အိမ်သို့သွား၍ ခြေရာလက်ရာများ၊ သဲလွန်စများ ရှာဖွေလေ၏။ အခင်းဖြစ်ပွားသော အိမ်တွင် ဓားပြကျတ်ကျသော သိုးမွေးခေါင်းစွပ်တစ်ထည် ကျန်ရစ်ခဲ့လေ၏။ ထိုခေါင်းစွပ်မှာ ခေါက်၍စွပ်လျှင် ဦးထုပ်ကဲ့သို့ဖြစ်ပြီး ဖြန့်၍ စွပ်ချလိုက်လျှင် မျက်လုံးသာကျန်ပြီး မျက်နှာတစ်ခုလုံး အုပ်ပြီးသားဖြစ်၏။

ကံသာသည် ထိုခေါင်းစွပ်ကိုယူခဲ့ပြီးနောက် အမျိုးမျိုးအဖုံဖုံ စဉ်းစားကြည့်၏။ သို့ရာတွင် စဉ်းစား၍ မရနိုင်အောင်ရှိလေ၏။ တစ်ခုသော နံနက်စောစောတွင် ဦးလေးဖြစ်သူ ဦးလှလှက တရားရိပ်သာသို့ပို့ပေးရန်



www.burmeseclassic.com

www.burmeseclassic.com



အကူအညီတောင်းထားသဖြင့် ကံသာလည်း ဌာနမှ ကားကိုယူ၍ ဦးလေးဖြစ်သူ ဦးလှုလှအား သွား၍ကြို လေ၏။ နံနက်စောလွန်းသောကြောင့် နှင်းများကျနေ၏။ ဦးလှုလှအား ကားဖြင့် တင်ဆောင်လာခဲ့လေ၏။ ဦးလှုလှ သည် အေးလွန်းသောကြောင့် တစ်လမ်းလုံး နှာမှုန်၍ လိုက်လာလေ၏။

''ဦးလေးကလည်း ဒီလိုဆောင်းရာသီမှာ သိုးမွေးခေါင်းစွပ်လေး ဘာလေး ဝယ်ပြီး ဆောင်းမှပေါ့''

ဟု ကံသာက ပြောလိုက်ရာ ဦးလှုလှက –

''ငါ့မှာ သိုးမွေးခေါင်းစွပ်တစ်ထည်ရှိတယ် ကွ၊ အဲဒါလေးအလွယ်ထားတာပဲ၊ ရှာမတွေ့လို့ မဆောင်းဘဲထွက်လာခဲ့တာ . . .'' ဟုပြောလျှင် ကံသာ သည် ၎င်း၏ဘောင်းဘီအိတ်ထဲတွင်ပါသော သိုးမွေး ခေါင်းစွပ်ကိုထုတ်၍ –

''ဒီခေါင်းစွပ်ကလေး စွပ်ကြည့်ပါလား'' ဟု ပြောလေ၏။ အမှန်စင်စစ် ထိုခေါင်းစွပ်မှာ ဦးပန်းစိန် အိမ်မှပုံသော မားပြဲကျူးဘ်ကျုံး...သည့် ခေါင်းစွပ်ဖြစ်၏။ ဦးလှုလှသည် ထိုခေါင်းစွပ်ကို စွပ်ပြီးနောက် –





''အတော်ပဲကွ . . .၊ ငါပျောက်သွားတဲ့ ခေါင်း စွပ်ကလည်း ဒီအရောင်ပဲ၊ ပြောရဦးမယ်ဟေ့၊ တို့မြို့ မှာ ဦးပန်းစိန်ရဲ့ ရွှေပန်းထိမ်နဲ့ ရွှေဆိုင်ရှိတယ်ကွ၊ အဲဒီလူကြီးဟာ ရောင်းမှားဝယ်မှားဖြစ်ပြီး ငါ့ရုံးကို နိုးရာပါပစ္စည်း လက်ခံဝယ်ယူမှုနဲ့ ရောက်လာတယ်ကွ၊

ငါကလည်း သဘောပေါက်ပါတယ်ကွာ . . .၊ ရွှေဆိုင်ဆိုတာ ဒီလိုပါပဲ၊ လာရောင်းတဲ့ရွှေကို ဝယ်မိ တာပေါ့၊ သူခိုးကိုမိတဲ့အခါမှာ သူခိုးက ဆိုင်ကို လက် ညှိုးထိုးပြတာပဲ၊ အဲဒီလိုနဲ့ ဦးပန်းစိန်ကြီးဟာ ငါ့ရုံးကို ရောက်လာတာကွ၊ ငါက သူခိုးကိုတော့ ထောင်ချ လိုက်တယ်၊ ဦးပန်းစိန်ကိုတော့ လွှတ်ပေးလိုက်တယ်။ အဲဒါကြောင့် ဦးပန်းစိန်ကြီးက ငါ့ကို ကျေးဇူးတင်တယ် ဆိုပြီး ဆေးတံသောက်ဆေး (၅)ပူးရယ်၊ ဒီလိုခေါင်း စွပ်မျိုးရယ်ကို လက်ဆောင်ပေးခဲ့တာကွ . . .'' ဟု ဦးလှုလှက ရှင်းပြလေ၏။

ကံသာသည် နှုတ်ခမ်းကလေးတစ်ချက်တွန့် ရုံ ပြုံးလိုက်လေ၏။ ထို့နောက် ဦးလှုလှအား ရိုပ်သာသို့ ပို့ပြီးလျှင် ဂါတ်၏အကူအညီဖြင့် ဦးလှုလှ၏သား



www.burmeseclassic.com

www.burmeseclassic.com





ဂျော်နီကို ဖမ်းဆီးလိုက်လေတော့၏။

ထို့နောက် ဂျော်နီအား စစ်ဆေးရာ ၎င်းနှင့် အပေါင်းအဖော် ဓားပြ(၄)ယောက်ကို ထပ်၍ရလေ၏။ တိုက်ရာပါပစ္စည်းများကိုလည်း ၎င်းတို့ မထုခွဲရသေးသောကြောင့် ဦးလူလု၏ခြံဝန်းအတွင်းရှိ ရေတွင်းအတွင်းမှ ပြန်၍ရလေတော့၏။ ဒေါ်မေရီသည် ရဲများနှင့် အိမ်ကိုရှာသောအခါ လွန်စွာမှရှက်၍ လွန်စွာမှလည်း ဝမ်းနည်းလေ၏။

''အောင်မယ်လေး ဂျော်နီရဲ့၊ ငါတို့ဘဝဟာ အခုမှ နာလန်ထူမလို့ရှိသေးတယ်၊ နင့်ကြောင့် အိမ်ကို ရဲတွေ ဝိုင်းလားဘာလားဖြစ်ကုန်ပြီ၊ နင်က ဓားပြကြီးပေါ့၊ ရွှေပန်းထိမ်ဦးပန်းစိန်အိမ်ကိုတိုက်တဲ့ ဓားပြကြီးပေါ့'' ဟု အော်၍ငိုလေ၏။ ထိုအခါ ဂါတ်မှ စခန်းမှူးက –

''ဟုတ်ပါတယ် အဒေါ်၊ ဦးပန်းစိန်အိမ်ကို တိုက်တဲ့ ဓားပြဟာ အဒေါ့်သား ဂျော်နီခေါင်းဆောင်တဲ့ အဖွဲ့ပါပဲ ...'' ဟု ပြောလိုက်လျှင် ဒေါ်မေရီသည် ရင်ဘတ်ကိုထု၍ ထု၍ ငိုလေ၏။







''အောင်မယ်လေး ဂျော်နီရဲ့၊ နင်က ဦးပန်းစိန်ရဲ့အိမ်ကို ဓားပြတိုက်တယ်ဟုတ်လား၊ ဦးပန်းစိန်ဆိုတာ တခြားလူမဟုတ်ဘူးဟဲ့၊ နင့်ဘကြီးတော်တယ်၊ ငါ့အစ်ကိုအရင်း၊ နင့်အဖေကိုလူလုနဲ့ယူတာကို သဘောမကျလို့ စကားမပြောတာ ...၊ နင့်တစ်သက်ပဲ၊ ဦးပန်းစိန်နဲ့ငါနဲ့ မောင်နှမတော်တာ နင့်အဖေကိုလူလုတောင်မသိဘူး'' ဟု ပြောလိုက်လျှင် စခန်းမှူးက –

''အခု အဒေါ်ပြောတဲ့ ဦးလူလုဆောင်းတဲ့ သိုးမွေးခေါင်းစွပ်ကလေးကစပြီး သဲလွန်စပေါ်လို့ ဒီအမှုကြီးတစ်ခုလုံးကို မိတာပါ၊ ကျွန်တော်ဟိုဆရာ ကိုကံသာကလည်း ကံကိုကောင်းပါတယ်ဗျာ ...'' ဟု ပြောလိုက်လျှင် ဒေါ်မေရီက –

''ဒီအမှုကို မောင်ကံသာကိုင်တာဟုတ်လား'' ဟု မေးလိုက်လေ၏။

''ဟုတ်ပါတယ်အဒေါ် ဆရာကိုကံသာက အခင်းဖြစ်ပွားတဲ့နေရာမှာ ဒီခေါင်းစွပ်ကလေးကိုတွေ့လို့ သူ့ရဲ့ဘောင်းဘီအိတ်ထဲကို ထည့်ထားတာ ...၊



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ဦးလှုလှုကို ရိုပ်သာလိုက်ပြီးပို့တော့ အန်ကယ် နာမွန်နေတာနဲ့ အဲဒီခေါင်းစွပ်ကလေးစွပ်ထားဖို့ ထုတ်ပြီးပေးလိုက်တယ်၊ အန်ကယ်ဦးလှုလှုကစွပ်ကြည့်ပြီး သူပျောက်သွားတဲ့ ခေါင်းစွပ်နဲ့တူတဲ့အကြောင်း ပြောတယ်၊ အဲဒါကြောင့် ကျွန်တော်တို့ကို ဒီကိုလွှတ်ပြီး ဂျော်နီကို ဖမ်းခိုင်းလိုက်တာပါ ...၊ ဂျော်နီတို့ကလည်း ဖြောင့်ချက်ပေးပါပြီ ...'' ဟု ပြောလိုက်လျှင် ဒေါ်မေရီက –

''အောင်မယ်လေး ဂျော်နီရဲ့၊ နင့်အမှုကို ကိုင်တာ ကံ့သာတဲ့၊ နင်နဲ့ ညီအစ်ကိုဝမ်းကွဲလေ၊ နင့်အဖေ ကိုလှုလှုရဲ့ နှမကမွေးတာ ...၊ တို့အိမ်မှာ နေသွားတာပဲ၊ အခု သူက နင့်ကိုဖမ်းရပြီ၊ ကောင်းကြသေးရဲ့လား၊ တစ်မျိုးလုံးကို အရှက်ခွဲမယ့်ဂျော်နီရဲ့ ...''ဟု ပြောဆို၍ အော်ဟစ်ငိုကြွေးလေ၏။

ကံ့သာလည်း ညနေပိုင်းသို့ရောက်လျှင် ဦးပန်းစိန်အိမ်သို့ သွားလေ၏။ အဖြစ်အပျက်အလုံးစုံကို ပြောပြလေ၏။ မြရည်က ကော်ဖီများ၊ မုန့်များဖြင့် ဧည့်ခံလေ၏။ ဦးပန်းစိန်ကမူ –





''အံ့ရောကွာ ...၊ တရားသူကြီးကိုလှုလှုဟာ ငါ့ယောက်ဖမှန်း ငါမသိဘူးကွ၊ ငါ့နှမမေရီနဲ့ ယူတုန်းက သူကရှေ့နေကွ၊ ငါက သဘောမတူလို့ တားတဲ့အထဲက မေရီကယူသွားလို့ ငါက စကားမပြောဘဲ မေရီကို သေခန်းပြတ်လုပ်ထားတာ ...၊ ဒီခေါင်းစွပ်ကလေးကလည်း ကိုလှုလှုကို ငါက လက်ဆောင်ပေးခဲ့တဲ့ ခေါင်းစွပ်ကလေးကွ၊ ဒီခေါင်းစွပ်ကလေးကို အကြောင်းပြုပြီး သူ့သားဂျော်နီကို မင်းက ဖမ်းရတာကို၊ ပြီးတော့လည်း မောင်ကံ့သာ မင်းက ဂျော်နီ့အစ်ကို တစ်ဝမ်းကွဲဆိုကွ၊ ဆက်စပ်နေလိုက်တာကွာ ...၊ တသိတတန်းကြီးပဲ၊ ပဋ္ဌာန်းဆက်ပေါ့ကွာ၊ ဒီအဖြစ်ကိုသိရတော့ ငါဖြင့် တော်တော်တရားကျသွားတယ်၊ ဒါနဲ့နေပါဦး၊ တိုက်ရာပါပစ္စည်းတွေ အကုန်ပြန်ရပြီလား ...'' ဟု ဦးပန်းစိန်က မေးလေ၏။

''ပြန်ရပါပြီ ဦးလေး၊ ဒါပေမဲ့ အခုချက်ချင်းပေးလို့မရသေးဘူး၊ တရားခံတွေကို ရုံးတင်တဲ့အခါ ဒီပစ္စည်းတွေကို သက်သေခံပစ္စည်းအဖြစ် ရုံးမှာ တင်ပြရဦးမယ်၊ အမိန့်ချပြီးမှ ဒီပစ္စည်းတွေကို ဦးလေးအနေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပြန်ပြီးလျှောက်ယူရမယ်'' ဟု ကံသာက ပြောလိုက်လျှင် ဦးပန်းစိန်က –

''ဓားပြလက်ထဲကတောင် ရပြီပဲကွာ ...၊ မင်းတို့က ဘာလို့ယူထားမှာလဲ၊ ပိုင်ရှင်လက်ထဲ ပြန်အပ်လိုက်တာမကောင်းဘူးလား ...'' ဟု အားမရသော လေသံဖြင့် ပြောလေ၏။

''ဒါက လုပ်ထုံးလုပ်နည်းအတိုင်းလုပ်တာပါ ဦးလေး၊ ကျွန်တော်တို့ ထွင်ပြီးလုပ်တာမဟုတ်ပါဘူး'' ဟု ပြောလိုက်ရာ ဦးပန်းစိန်က –

''အဲဒီလုပ်ထုံးလုပ်နည်းတွေကိုပဲ ငါက စိတ်ညစ်တာကွ၊ တို့ပစ္စည်းမှန်း မင်းလည်းသိနေပြီပဲ၊ မင်းပြောရင် မရဘူးလား၊ တရားခံဆိုတာကလည်း တခြားလူ မဟုတ်ဘူး၊ မင်းရဲ့ညီတစ်ဝမ်းကွဲပဲ၊ မင်းပြောရင် ရမှာပါ ကွာ၊ ပြောကြည့်စမ်းပါ'' ဟု ဖွတ်အတင်းပြောလေ၏၊

''မရပါဘူး ဦးလေး၊ ကျွန်တော်က ရဲတပ်ဖွဲ့ယန္တရားကြီးမှာတော့ပါတယ်၊ ဒါပေမဲ့ အဲဒီလိုလုပ်လို့တော့မရပါဘူး၊ အဲဒါတွေကို သွားယူရင်လည်း သက်





သေခံပစ္စည်းပျောက်ဖျက်မှုနဲ့ ကျွန်တော်ပါ ထောင်ကျသွားလိမ့်မယ်'' ဟု ပြောလိုက်ရာ သမီးဖြစ်သူမြရည်က –

''အဖေကလည်း ကိုယ်မဖြစ်ချင်တာတွေ ဖွတ်မပြောနဲ့လေ ...၊ အခု အစ်ကိုကံသာက နည်းလမ်းကို ရှင်းပြပြီးပြီပဲ'' ဟု ဝင်၍ဟန့်လိုက်ရာ ဦးပန်းစိန်က –

''အဲဒီနည်းလမ်းကို ငါက သဘောမကျလို့ပြောတာပေါ့ ...၊ နင်က ဘာကြားကဝင်ပြီး ထောက်ခံရတာတုံး ...'' ဟု ဆူလိုက်လေ၏။ ထိုအခါ မြရည်က

''အစ်ကိုကံသာ သောရီး ...'' ဟု ဆိုကာ နေရာမှ ထွက်သွား လေတော့သတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com









## အခန်း (၁၄)
## ညာဏလီနှင့် တွေ့ဆုံခြင်း

ကံသာသည် ဓားပြမှုကြီးပြီး၍ တရားခံများ အပြစ်ဒဏ်ရရှိ သွားသောအခါ၌ သက်သေခံပစ္စည်းများ ပြန်လည်ရရှိရန်အတွက် ကြိုးပမ်းပေးရလေ၏။ လှျောက်လွှာများရေး၍ ရုံးသို့ တင်ရ၏။ ရုံးမှ ခေါ်ယူထုတ်ပေးသောအခါ၌ မြရည်ကို ရုံးသို့ခေါ်သွားရ၏။

ဤသို့နှင့်ပင် ကံသာနှင့် မြရည်သည် တပူးတွဲတွဲ သွားလာနေရ၏။ တစ်နေ့တွင် ရုံးသို့အသွား၌ မိုးရွာသဖြင့် မြရည်က ထီးကိုဖွင့်၍ဆောင်း၏။ ကံသာမှာမူ ထီးအမိုးအောက်သို့မဝင်ဘဲ မိုးရေထဲမှ လျှောက်



www.burmeseclassic.com

www.burmeseclassic.com





၍လိုက်နေရ၏။ ထို့ကြောင့် မြရည်က –

``အစ်ကိုကံသာ မိုးတွေစိုနေပြီ၊ ထီးအောက်ကို ဝင်ပါ ...`` ဟု ဆိုလေ၏။ ထို့ကြောင့် ကံသာက –

``ထီးလေးသေးသေးလေးအောက်မှာ နှစ်ယောက်အတူဝင်ပြီးသွားလို့ ဘယ်သင့်တော်ပါ့မလဲ`` ဟု ငြင်းဆိုလိုက်ရာ မြရည်က –

``အစ်ကိုကံသာက မြရည်နဲ့တွဲပြီးသွားရမှာ ရှက်လို့လား ...`` ဟု မေးလေ၏။

``အခုပြောတဲ့စကားက ကျုပ်အတွက်မဟုတ်ပါဘူး၊ မြရည်ကို ထိခိုက်မှာစိုးလို့ပြောတာပါ ...`` ဟု ပြန်၍ပြောလိုက်လျှင် မြရည်က –

``အစ်ကိုကံသာ့မှာ အခုလို ထောက်ထားတတ်တဲ့စိတ်တွေရှိတာကို မြရည်က သိပ်ပြီးလေးစားတာပဲ၊ ယောကျ်ားတော်တော်များများဟာ မိန်းမတွေအပေါ်မှာ ထောက်ထားညှာတာမှုတွေ နည်းလာပြီ ...`` ဟု ညည်းသံကလေးဖြင့် ပြောလိုက်လေ၏။

``မြရည်ကိုတော့ အစ်ကိုကံသာက ထောက်







ထားညှာတာရမှာပေါ့ ...`` ဟု ပြန်၍ဖြေလျှင် မြရည်က –

``ဘာဖြစ်လို့လဲ`` ဟု မေးလေ၏။

``ဘာဖြစ်လို့လဲဆိုတာဖြေရရင် အခွင့်အရေးယူသလို ဖြစ်သွားမှာပေါ့၊ အဲဒီလိုဖြစ်သွားရင် အစ်ကိုကံသာတစ်ယောက်တည်း ထိခိုက်မှာမဟုတ်ဘူး၊ ရဲတပ်ဖွဲ့တစ်ခုလုံးကို မြရည်အနေနဲ့ အထင်သေးသွားလိမ့်မယ်`` ဟု ကံသာက ပြန်၍ပြောလေ၏။

``အထင်မသေးပါဘူး အစ်ကိုကံသာရယ် ...၊ ပြောမှာသာ ပြောစမ်းပါ ...`` ဟု မြရည်က ပြောလေ၏။ ထိုအခါ ကံသာက –

``ဘာဖြစ်လို့လဲဆိုတော့ မြရည်ကို ကျုပ်ကချစ်လို့ပဲ ...`` ဟု တည့်တိုးကြီး ပြောလိုက်လေ၏။ ထိုအခါ မြရည်က –

``ချစ်တယ်လည်း ပြောသေးတယ်၊ အဝေးကြီးကနေ လျှောက်နေတယ်၊ အနားကိုမကပ်ဘူး ...`` ဟု ပြောလိုက်လျှင် ကံသာသည် မြရည်လက်အတွင်းမှ ထီးကို လှမ်းယူလိုက်ပြီး မြရည်နှင့်အတူ ထီးဆောင်း၍



www.burmeseclassic.com

www.burmeseclassic.com



လာလေ၏။ ထို့ပြင် ထီးမကိုင်သော လက်တစ်ဖက်ဖြင့် မြရည်၏ ပုခုံးကလေးကိုလည်းဆွဲ၍ ဖက်ထားလိုက်လေ၏။ မြရည်သည် ကံသာ၏အပြုအမူကို ငြင်းဆန်ခြင်းလည်းမပြု၊ ရုန်းကန်ခြင်းလည်းမပြုဘဲ လိုက်၍ လာလေ၏။ တရားရုံးအနီးသို့ရောက်သောအခါ လူတစ်ယောက်သည် အမိုးတစ်ခုအောက်မှ ထွက်လာပြီးလျှင် –

‘‘အလို မြရည်နဲ့ ကိုကံသာပါလား၊ ဟီ . . . ဟိ နေရာကျတယ်၊ လုပ်ပေါ့ဗျာ . . .၊ ခင်ဗျားတို့က ရဲပဲ၊ ရကောက်နောက်ပစ်၊ ရတာကိုကောက်ပြီး နောက်ကိုပစ်ရတာလေ . . .’’ ဟု ပြောကာ တဟားဟား ရယ်လေ၏။ ကံသာသည် စိတ်ဆိုး၍ ထိုသူအား –

‘‘ဟေ့လူ ဘာပြောတာလဲ’’ ဟု ခပ်ငေါက်ငေါက် မေးလိုက်ရာ မြရည်က –

‘‘အစ်ကိုကံသာရယ် . . . စိတ်မဆိုးပါနဲ့၊ သူကစိတ်မနှံ့ဘူး . . .’’ ဟု ဝင်၍ ဟန့်တားလိုက်လျှင် ထိုလူက





‘‘မြရည်ရယ် . . .၊ စိတ်မနှံ့ဘူးလို့မပြောပါနဲ့၊ ရူးတယ်လို့ပြောလိုက်စမ်းပါ၊ စိတ်က ဘာလို့မနှံ့ရမှာလဲ၊ နှံ့လွန်းလို့ ဟိုဘက်တောင်လွန်နေတယ်၊ စိတ်မနှံ့တာက နင်တို့နှစ်ယောက်၊ ကိုကံသာ့စိတ်က နင့်ဆီရောက်နေတယ်၊ နင့်စိတ်က ကိုကံသာ့ဆီရောက်တယ်၊ ငါ့စိတ်က နေရာတိုင်းကိုရောက်နေတယ်၊ ဒါ့ကြောင့် စိတ်နှံ့တယ်၊ ဒါပေမဲ့ ရူးနေတယ်၊ ဘာကြောင့် ရူးသလဲဆိုတော့ လူကောင်းမဖြစ်ချင်လို့ ရူးနေတာ . . .၊ ငါလူကောင်းဖြစ်ရမှာ သိပ်ကြောက်တယ်၊ ငါ့ကို လူကောင်းလို့ပြောရင် စိတ်ဆိုးတယ်၊ အရူးလို့ပြောရင် စိတ်မဆိုးဘူး။

ငါနဲ့တွေ့ရင် ငါ့ကို အရူးကိုညာကလီကြီးလို့ ခေါ်စမ်းပါ . . .၊ ငါက ကျေးဖူးတင်မှာ . . .၊ ညာကလီဆိုတဲ့ကောင်ဟာ ရူးနေတာ . . .၊ အဲဒါဘာဖြစ်လဲ၊ ညာကလီဟာအရူးပဲ၊ ဒါပေမဲ့ သစ္စာရှိတယ်၊ ဘယ်သူ့ကိုမှ မတရားမလုပ်ဘူး၊ တစ်ဦးချင်းအပေါ်မှာလည်း သစ္စာရှိတယ်၊ ကိုယ်နေတဲ့ လမ်းအပေါ်မှာလည်း သစ္စာရှိတယ်၊ ကိုယ်နေတဲ့ရပ်ကွက်အပေါ်မှာလည်း သစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ် . . . ၊ ကိုယ်နေတဲ့မြို့အပေါ်မှာလည်း သစ္စာရှိတယ်၊ ကိုယ်နေတဲ့ တိုင်းပြည်အပေါ်မှာလည်း သစ္စာရှိတယ်၊

ဒါကြောင့် `သစ္စာရှိရှိ ညာကလိ'တဲ့၊ မှတ်ထား၊ ဒီမှာမြရည် . . . နင့်ကို ငါချစ်တယ်၊ နင်က ကိုကံသာကို ချစ်တယ်၊ ဒါပေမဲ့ ငါ့စိတ်မပြောင်းဘူး၊ ချစ်နေတုန်းပဲ၊ နင့်ကိုချစ်ပြီးရင် ဘာကိုချစ်မလဲ သိလား၊ အုန်းသီးကို ချစ်မယ်၊ ဈေးထဲကိုသွားမယ်၊ ငါ့အဒေါ် အုန်းသီးရောင်းတယ်၊ အုန်းသီးတစ်လုံးတောင်းပြီး ခြစ်ပစ်မယ်၊ ခြစ်ပြီးရင် မြရည်ကို မပေါင်းရပေမဲ့ ကောက်ညှင်းကိုပေါင်းမယ်၊ အဲဒီ ကောက်ညှင်းကို အုန်းသီးနဲ့စားမယ် . . . ၊

ဘယ်လိုလဲ ရကောက်နောက်ပစ်ကြီး၊ ကျုပ်နဲ့ အတူ လိုက်စားမလား၊ မစားပါဘူးလို့တော့ မငြင်းနဲ့နော်'' ဟု ပြောလိုက်ရာ ကံသာက –

``ဟော့ကောင် ရှေ့ကဖယ်စမ်း၊ တို့သွားမယ်'' ဟု ဆိုကာ ထွက်လာလေတော့၏။

``အစ်ကိုကံသာ စိတ်တွေသိပ်ပြီးတိုနေတယ်







ထင်တယ်၊ မြရည် ကြားကနေ တောင်းပန်ပါတယ်၊ သူက အရူးပဲဥစ္စာ . . . ၊ စိတ်မတိုပါနဲ့ . . .'' ဟု ဖြေသိမ့်လိုက်ရာ ကံသာက –

``သူရူးတာက အနှောင့်မလွတ် အသွားမလွတ်ဘဲ၊ အချုပ်ထဲ ရောက်သွားလိမ့်မယ် . . .'' ဟု ပြောလိုက်လေ၏။

``အစ်ကိုကံသာရေ . . . ၊ ကိုညာကလိကြီးက ရူးပေမဲ့ မြရည်တို့ရပ်ကွက်မှာ အချစ်တော်ရှင့်၊ လမ်းပြင်မယ်ဆိုလည်း သူက ရှေ့ဆုံးကဝင်လုပ်တယ်၊ လမ်းထဲက ကလေးတွေ ကျောင်းသွားရင်လည်း ကားတွေ ဘာတွေ မတိုက်မိအောင် သူက ကျောင်းကို လိုက်ပို့တယ်၊ အလှူတွေဘာတွေရှိရင်လည်း ထင်းခွဲရေခပ်ကအစ မနားတမ်း လုပ်ပေးတယ် . . . ၊

ရပ်ကွက်မှာ ကင်းစောင့်ဖို့လိုရင်လည်း သူက စောင့်ပေးတယ်၊ ဒါကြောင့်မို့လို့ တစ်ရပ်ကွက်လုံးက ကျွေးကြမွေးကြနဲ့ပါ၊ ဆွေမရှိမျိုးမရှိ တစ်ကောင်ကြွက်ပါ၊ မြရည်တို့ရပ်ကွက် မီးလောင်တုန်းက ပျဉ်ထောင်အိမ်တစ်လုံးထဲမှာ ကိုယ်ဝန်ဆောင်မိန်းမ[illegible]





www.burmeseclassic.com

www.burmeseclassic.com



ယောက် ပိတ်မိနေတယ်၊ ဘယ်သူမှ ဝင်ပြီးမကယ်ရဲဘူး၊ ကိုညာကလိကြီးက အသက်စွန့်ပြီး အဲဒီမိန်းမကိုပွေ့ပြီး ထုတ်လာခဲ့တယ်. . .၊ အဲဒီမိန်းမဟာ လစေ့တော့ ယောကျ်ားလေးမွေးတယ်၊ အဲဒီကောင်လေးကို 'ဘယ်ကလိ' လို့နာမည်ပေးကြတယ်၊ ဘယ်ကလိလေးတောင် ကျောင်းနေတဲ့အရွယ် ရောက်သွားပြီ. . .'' ဟု ပြောကာ မြရည်က ရယ်လေ၏။

''မြရည်ပြောတော့လည်း ညာကလိဆိုတဲ့ အရူးဟာ လေးစားဖို့ကောင်းသားပဲ . . .'' ဟု ကံသာက ပြောလိုက်လေတော့သတည်း။

* * *







www.burmeseclassic.com

www.burmeseclassic.com









အခန်း (၁၅)

## ကံသာ၏ဒုက္ခကိုသာကလိတ ကူညီလိုက်ခြင်း

တစ်ညတွင် တရားရိပ်သာတွင် တရားအား ထုတ်နေသော ဦးလူလှ ရုတ်တရက်နေမကောင်း၍ အသည်းအသန်ဖြစ်သဖြင့် ကံသာအား လာရောက်၍ အကြောင်းကြားလေ၏။ ကံသာလည်း တရားရိပ်သာ သွားရမည်ဖြစ်သောကြောင့် ဌာနမှထုတ်ပေးထား သော ခြောက်လုံးပြူးသေနတ်ကို ခါးအုံးအောက်တွင် ထား၍ တရားရိပ်သာသို့ ထွက်လာခဲ့လေ၏။ ဆရာဝန် ကိုပါခေါ်၍ ရိပ်သာသို့သွားရောက်ကာ ဦးလေးဖြစ်သူ အား ကြည့်ရှုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက အိမ်တွင်ကျန်ခဲ့သော ဦးဘော်ဟွန်းကလည်း ချောင်းဆိုးသောကြောင့် ချောင်းဆိုးပျောက်ဆေးသောက်၍ အိပ်လေ၏။ ချောင်းဆိုးပျောက်ဆေးထဲတွင် အိပ်ဆေးအနည်းငယ်ပါ၏။ မိုးလင်းခါနီးတွင် ဦးဘော်ဟွန်းသည် ကံသာရှိရာ တရားရိပ်သာသို့ လိုက်လာပြီးလျှင် ကံသာအား –

"ကံသာရေ...၊ ဒုက္ခတော့တွေ့ပြီဟော့...၊ ငါလည်း ချောင်းဆိုးဆေးသောက်ပြီး အိပ်လိုက်တာကွာ၊ အိပ်မောကျသွားတယ်၊ အိမ်ကို သူခိုးဖောက်တယ်ကွ၊ ငွေတွေရော ပစ္စည်းတွေရော ပါသွားတယ်၊ ဒီထက်ဆိုးတာက မင်းရဲ့ခေါင်းအုံးအောက်မှာထားခဲ့တဲ့ ခြောက်လုံးပြူးသေနတ်ပါ ပါသွားတယ် ..." ဟု ပြောလိုက်လျှင် ကံသာသည် ယောင်ယမ်း၍ 'ဟိုက်' ကနဲ အော်လိုက်လေ၏။

ထိုအခါ ဦးဘော်ဟွန်းက –

"သေနတ်ပျောက်မှုနဲ့ မင်းအလုပ်ပြုတ်နိုင်တယ်" ဟု ပြောလိုက်ရာ ဦးလူလုက –

"အလုပ်ပြုတ်ရုံတာယ်ကလိမ့်မလဲ၊ ထောင်ပါ





ကျနိုင်တယ် ..."ဟု ဝင်၍ထောက်လိုက်လေ၏။ ကံသာလည်း ငယ်ထိပ်ကို မြွေပေါက်သကဲ့သို့ ခံစားလိုက်ရလေ၏။

ထို့နောက် ကံသာသည် ဦးလေးအား နှုတ်ဆက်၍ ပြန်ခဲ့လေ၏။ ထိုသို့ပြန်ခဲ့ရာတွင် မြရည် အိမ်သို့ဝင်၍ မြရည်ကိုနှိုးပြီးလျှင် အကျိုးအကြောင်း ပြောလိုက်ရာ မြရည်လည်း ကြုံကြုံပါအောင် ငိုကြွေးလေတော့၏။

ကံသာလည်း အိမ်သို့ပြန်လာပြီးလျှင် သူခိုး၏ ခြေရာလက်ရာများကို ကြည့်ရှုလေ၏။

ဦးဘော်ဟွန်း၏ သေတ္တာအတွင်းမှ ငွေ(၈)သိန်း ပါသွားကြောင်းကိုလည်း သိရလေ၏။ ကံသာသည် ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်ကာ မအိပ်တော့ဘဲ အကျပ်အတည်းမှ ထွက်ပေါက်ကို စဉ်းစား လေတော့၏။

ဤသို့နှင့်ပင် မိုးထိန်ထိန်လင်းသွားလေတော့၏။ မိုးလင်းသောအခါ၌ ဦးဘော်ဟွန်းသည် ထုံးစံအတိုင်း ထမင်းကြော်ရောင်းရန် ထွက်သွားလေရာ



www.burmeseclassic.com

www.burmeseclassic.com





ကံသာတစ်ယောက်တည်း အိမ်မှာကျန်ခဲ့လေတော့၏။

ကံသာ၏စိတ်ကူးအာရုံထဲတွင် သေနတ်ပျောက်မှုနှင့် ထောင်ကျသွားပုံ၊ မြရည်နှင့်လွဲသွားပုံ၊ ထောင်မှလွတ်သောအခါ၌လည်း မည်သည့်အလုပ်မျှ လုပ်၍မဖြစ်ဘဲ စုတ်ပြတ်သတ်သွားပုံတို့သာ ပေါ်လေတော့၏။ ထို့ကြောင့် စိတ်အညစ်ကြီးညစ်လျက်ရှိလေတော့၏။

မိုးထိန်ထိန်လင်းသွားသောအခါ၌ စောလွန်းသောကြောင့် လက်ဖက်ရည်တစ်ခွက်ကို ဖျော်၍သောက်လေတော့၏။ သို့ရာတွင် စိတ်မှာ မချမ်းသာလှပေ။

ထိုအချိန်၌ ကံသာတို့၏ တဲရှေ့သို့ အရှုးညာကလိ ရောက်လာလေ၏။ အရူးညာကလိသည် ကံသာကို လှမ်း၍ကြည့်လိုက်ပြီးလျှင် လက်ညှိုးကလေးကွေးချည်ဆန့်ချည်လုပ်ကာ –

"စုံထောက်ကလေးညှိုတိုတို သေနတ်ပျောက်လို့ငိုု၊ နင်ငိုပေမယ့် အလကား ထောင်ကျဖို့ပင် ပြင်ကာထား"ဟု ဆိုလေတော့၏။ ထို့ကြောင့် ကံသာက–









"သွားစမ်းပါ ညာကလိရယ် ...၊ စိတ်ညစ်ရတဲ့အထဲ ဒေါသဖြစ်အောင် လာမလုပ်စမ်းပါနဲ့" ဟု ပြောလိုက်ရာ ညာကလိက –

"ကံသာ ...၊ မင်းက ဒေါသဖြစ်တော့ ငါ့ကို ဘယ်လိုလုပ်မှာတုံး ..." ဟု မေးလေတော့၏။

"မင်းရဲ့နံကြားထဲကို ငါ့ရဲ့ညာလက်သီးနဲ့ တအားထိုးထည့်လိုက်မယ်၊ မင်းရဲ့နံရိုးတွေ ကျိုးသွားလိမ့်မယ်၊ အကောင်းဆုံးကတော့ ညာကလိ မင်းသွားတော့" ဟု ပြောလိုက်လျှင် ညာကလိက ရယ်လေ၏။ ကျေနပ်အောင်ရယ်ပြီးနောက် –

"ယော့စုံထောက်စုတ်ကံသာ ...၊ မင်းလက်သီးက ငါ့ကို ထိုးရမှာမဟုတ်ဘူး၊ ဘူတာနားက 'ဟန်စိန်'ကိုထိုးရမှာ ...၊ ညက မင်းတို့အိမ်ကို ဖောက်တာ ဟန်စိန်တို့လူစုကွ ...၊ ညက ဘူတာနားက ကာကာလက်ဖက်ရည်ဆိုင်မှာ နံပြားတစ်ချပ်နဲ့ လက်ဖက်ရည်ဝယ်ပြီး ငါကသောက်နေတယ် ...၊

ဟန်စိန်ရယ်၊ ကုလားကာဆင်(ခေါ်) သစ်လွင်ရယ် မင်းတို့အိမ်ကိုဖောက်ပြီး ပြန်လာကြတာ ...၊





www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ လက်ဖက်ရည်ဝင်ပြီးသောက်နေကြတာ ...၊ ငါက သူတို့နဲ့ကပ်လျက်စားပွဲမှာရှိတယ်၊ မင်းတို့အိမ်ကို ဖောက်ခဲ့ပုံကို ဟန်စိန်နဲ့ ကာဆင်က အင်္ဂလိပ်လို ပြောပြီး စားမြုံ့ပြန်နေကြတယ်၊

ကာဆင်က ဟန်စိန်ကို ငါ့ကိုပြပြီး သတိပေးလိုက်တယ်၊ အဲဒီအခါမှာ ဟန်စိန်က 'ဒီအရူး အင်္ဂလိပ်လို မတတ်ပါဘူး' လို့ ပြောလိုက်တယ်၊ တကယ်က ငါဟာ မြန်မာစကားတစ်ခွန်းပြောရင် တစ်ပဲ ဒဏ်ငွေ ဆောင်ရတဲ့ စိန့်ပေါလ်ဆိုတဲ့ နာမည်ကြီးကျောင်းမှာ (၇)တန်း အောင်ခဲ့တာကွ၊ ဒါကို ဒီကောင်တွေ မသိဘူးကွ၊ မြိန်ရည်ယှက်ရည် စားမြုံ့ပြန်နေကြတယ် ...၊

ခိုးရာပါငွေတွေကိုတော့ ဟန်စိန်က သိမ်းတယ်၊ ကာဆင်ကတော့ မင်းရဲ့ခြောက်လုံးပြူးသေနတ်ကို သိမ်းရတယ်၊ အခုနေ အချိန်မီဖမ်းလိုက်ရင် ငွေတွေလည်း ပြန်ရမယ်၊ မင်းသေနတ်လည်း ပြန်ရမယ်၊ မင်းလည်း ထောင်မကျတော့ဘူး၊ ညာကလိုဆိုတဲ့ ငါက မင်းကို ကျေးဇူးဆပ်တာပဲဟေ့ ...၊ ငါ့ရည်းစား မြရည်ကို လာလုတဲ့အတွက် ကျေးဇူးဆပ်တာကွ ...၊





ငါက မြရည်ကို ချစ်တော့ချစ်တယ်၊ မယူနိုင်ဘူးကွ၊ မင်းက ယူမယ့်ကောင်ဆိုတော့ အတော်ပေါ့ကွ၊ အဲဒီကျေးဇူး ငါ့အပေါ်မှာရှိတယ်ကွ၊ ဒါကြောင့် ကျေးဇူးဆပ်တာဟေ့ ...” ဟု ရယ်ကာမောကာ ပြောလေ၏။

ထို့ကြောင့် ကံသာလည်း နီးရာတယ်လီဖုန်းမှနေ၍ ရဲစခန်းကိုအကြောင်းကြားပြီးလျှင် ဟန်စိန်၏အိမ်နှင့် ကာဆင်၏အိမ်ကို ဝိုင်းရန်ခိုင်းလိုက်လေ၏။

ထိုသို့ခိုင်းပြီး များမကြာမီ၌ပင် တရားခံနှစ်ဦးစလုံးကို ဖမ်းမိပြီး ငွေ (၈)သိန်းနှင့် ခြောက်လုံးပြူးသေနတ်ကို ပြန်၍ရလေ၏။ ကံသာသည် အလွန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။ ထို့ကြောင့် ညာကလိကိုဖက်၍–

“ဟေ့ ညာကလိ၊ မင်းက မြရည်ကို ဘာဖြစ်လို့ မလိုချင်ရတာတုံး ...” ဟု အားမလို အားမရ မေးလိုက်ရာ ညာကလိက –

“မိန်းမယူတယ်ဆိုတာ လူကောင်းတွေအလုပ်ကွ၊ အဲဒါကို ငါက လိုက်ပြီးလုပ်ရင် ငါဟာ



www.burmeseclassic.com

www.burmeseclassic.com



လူကောင်းဖြစ်သွားမှာပေါ့ကွ ...၊ ငါက လူကောင်း မဖြစ်ချင်ဘူး၊ အရူးပဲဖြစ်ချင်တာ ...၊

ငါ့ကို လွှတ်လွှတ်လပ်လပ် ရူးခွင့်ပေးထားတဲ့ ဟောဒီလောကကြီးကို ငါက ကျေးဇူးတင်နေတာကွ၊ ငါလူကောင်းမလုပ်ပါရစေနဲ့ သူငယ်ချင်းကံသာရယ် ...၊ မြရည်ကို မင်းယူပါကွာ ...၊ ဒါမှ ငါရူးခွင့်ရမှာကွ၊ မင်းနဲ့ယူလိုက်ပြီဆိုရင် သူ့အပေါ်မှာရောက်နေတဲ့ ငါ့ရဲ့သံယောဇဉ်ကြိုးကို 'ထောင်း'ကနဲ ဖြတ်လိုက်မယ်'' ဟု ဆိုကာ တဟားဟား ရယ်လေတော့၏။ ကံသာလည်း ရယ်မိလေတော့၏။ ထို့နောက် ကံသာသည် ရဲစခန်းမှ ကားကိုတောင်း၍ ဦးဘော်ဟွန်း ထမင်းကြော်ရောင်းသောနေရာသို့ လိုက်သွားပြီးလျှင် အကျိုးအကြောင်းရှင်းပြ၍ ငွေ (၈)သိန်းကို ပြန်၍အပ်လေ၏။ ထို့ပြင် ပြန်လည်ရရှိလာသော ခြောက်လုံးပြူးသေနတ်ကိုလည်း လက်ထဲတွင်ထည့်၍ လှည့်ပြလိုက်လေ၏။

ထိုအခါ ဦးဘော်ဟွန်းက –

''အရူးကယ်လို့ ကံသာရေ ...၊ အရူး





မကယ်ရင် မင်းဘဝဟာ တွေးဝံ့စရာတောင် မရှိတော့ဘူး ...၊ အဲဒီတော့ မင်းဟာ အရူးရဲ့ကျေးဇူးကိုတော့ သိတတ်ရမယ်နော်၊ အရူးပြောတဲ့ မိန်းမ မယူချင်ဘူး မိန်းမယူလိုက်ရင် လူကောင်းဖြစ်သွားမယ်၊ သူဟာ လူကောင်းမဖြစ်ချင်ဘူးတဲ့ ...၊ အဲဒီစကားတွေဟာ အရူးပြောတဲ့ စကားပေမဲ့ စကားနောက်ကွယ်မှာ တွေးစရာတွေ ပါနေတယ်ဟေ့၊ မင်းပြောတာနဲ့ကို ငါက ညာကလီလို့ဆိုတဲ့ အရူးကို ကြည်ညိုနေပြီကွ ...၊ အိမ်ကိုချော့ပြီးခေါ်ခဲ့စမ်းပါကွာ ...၊ ဝက်သားနှပ်နဲ့ ထမင်းလေးတစ်နပ်လောက် ကျွေးချင်လို့ပါ ...'' ဟု ပြောလိုက်လျှင် ကံသာက –

''ကောင်းပြီ ...'' ဟု ပြောလိုက်လေ၏။ ထို့နောက် ကံသာသည် မြရည်၏အိမ်သို့သွား၏။ မြရည်ကို အကျိုးအကြောင်း ပြောပြလိုက်ရာ မြရည်လည်း လွန်စွာဝမ်းသာသွား၏။ ထို့နောက် မြရည်က –

''ဟိုတစ်နေ့က ညာကလီနဲ့တွေ့လို့ မြရည်က နောက်လိုက်တယ်၊ ညာကလီရယ် ငါ့ကိုယူပါ



www.burmeseclassic.com

www.burmeseclassic.com





ဟယ်လို့ နောက်လိုက်တာပါ၊ အဲဒီမှာ ညာကလိဟာ ဘယ်လိုဖြစ်သွားတယ်မသိဘူး၊ ချုံးပွဲချပြီး ငိုတော့တာပဲ၊ ငိုရုံတောင်မကဘူး၊ ရှိုက်တောင်နေသေးတယ် . . .၊ သူရှိုက်နေတာကို ကြည့်ပြီး မြရည်တော့ သနားမိတယ်၊ အဲဒါကြောင့် မနည်းချော့ပြီး ပြန်လွှတ်လိုက်ရတယ် . . .'' ဟု ပြောကာ ရယ်လေတော့၏။ ထို့နောက် ကံသာနှင့် မြရည်သည် တရားရိပ်သာသို့သွား၍ ဦးလူလှအား အကျိုးအကြောင်းပြောပြလေ၏။ ဦးလူလှကလည်း –

''ကြားရတာ ဝမ်းသာဖို့ကောင်းလိုက်တာ ကံသာရေ . . .'' ဟု ပြော၍ ကံသာနှင့် မြရည်အား ကော်ဖီကို ကိုယ်တိုင်ဖျော်၍ တိုက်လေတော့၏။ ကံသာနှင့် မြရည်လည်း နံနက်(၈)နာရီလောက်တွင် တရားရိပ် သာမှ ပျော်ရွှင်ဝမ်းမြောက်စွာ ပြန်ခဲ့ကြလေတော့သတည်း။

* * *









www.burmeseclassic.com

www.burmeseclassic.com









အခန်း (၁၆)

## စိန့်နားတယ် ပျောက်ဆုံးမှု

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး တစ်ပတ်ခန့်ကြာသော အချိန်တွင် ကံသာသည် မြရည်၏ ရွှေဆိုင်သို့ ရောက်ရှိခဲ့လေ၏။ မြရည်ကိုမြင်လျှင် ကံသာသည် အံ့အားသင့်နေလေ၏။ မြရည်၏ မျက်လုံးများသည် နေ့ရာညပါ ငိုရှိုထားရသောကြောင့် အစ်မို့ ရှိနေလေ၏။

"မြရည်ရဲ့မျက်လုံးတွေ အစ်မို့နေပါလား. . .၊ ငိုထားတဲ့အတိုင်းပဲ၊ ဘယ်လိုဖြစ်တာလဲ" ဟု ကံသာက မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်ကိုကံသာရေ၊ နေ့ရော ညရော မြရည်ငိုနေရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မြရည်က ရွှေရောင်းရင်းနဲ့ စိန်ပွဲစားလေးဘာလေး လုပ်တယ်၊ ပြီးခဲ့တဲ့ အပတ်က (၄)သိန်းတန် စိန်နားကပ်ကိုရောင်းပေးဖို့ မြရည်ဆီကို မိန်းမတစ်ယောက်က လာပြီးအပ်တယ်၊ အဲဒီ မိန်းမဆီက စိန်နားကပ်ကိုလက်ခံပြီး နောက်တစ်နေ့မှာပဲ စိန်ပွဲစားမိန်းမနှစ်ယောက် ရောက်လာပြီး အဲဒီစိန်နားကပ်ကို မြရည်လိုချင်တဲ့ဈေးနဲ့ ရောင်းပေးမယ် ဆိုလို့ မြရည်လည်း အပ်လိုက်တယ်၊ အဲဒီမိန်းမနှစ်ယောက်က ရောင်းလည်းမပေးဘူး၊ စိန်နားကပ်လည်း ပြန်မပေးဘူး၊ မျက်နှာပြောင်တိုက်ပြီး လိမ်ယူထားလိုက်တယ် . . .၊

သူတို့ကို စိန်နားကပ်မပေးပါဘူးလို့ ပြောင်ငြင်းလိုက်တယ်၊ မြရည်ဘက်က သက်သေမရှိဘူး၊ စိန်နားကပ်ပိုင်ရှင်ကလည်း မြရည်ဆီကိုလာပြီး ပြန်တောင်းတာ သုံးခေါက်ရှိပြီ၊ ဒီတစ်ခေါက်တော့ ရဲပါခေါ်လာလိမ့်မယ်ထင်တယ်၊ မြရည်ကတော့ လိမ်လည်မှုနဲ့ အဖမ်းခံရတော့မယ်၊ အဲဒါကြောင့် မြရည်လည်း ငိုနေရတာ အစ်ကိုကံသာရေ . . .၊

ငွေက (၄)သိန်းကြီးတောင်ဆိုတော့ မြရည်မှာ လျော်ဖို့မရှိဘူး၊ အမေ့ကို ပြောပြရင်လည်း အမေက မလျော်နိုင်ပါဘူး၊ မြရည်အဖြစ်ကတော့ အတော့်ကိုကံဆိုးပါတယ် အစ်ကိုကံသာရယ် . . ." ဟု ပြောရင်း မျက်ရည်များကျလာလေ၏။ ကံသာလည်း အကြံမပေးတတ်အောင် ရှိလေတော့၏။ ထိုအချိန်၌ ဆိုင်ရှေ့သို့ အရှုးညာကလိ ရောက်လာပြီးလျှင် –

"မြရည်လေးညှိုတိုတို စိန်နားကပ်ပါသွားလို့ ငို . . .၊ နင်ငိုပေမဲ့ အလကား ထောင်ကျဖို့သာပြင်လို့ထား . . ." ဟု ပါးစပ်ကဆိုရင်း လက်ညှိုးကလေးကို ကွေးချည်ဆန့်ချည် လုပ်ရှုပြလေ၏။ ထိုအခါ ကံသာက

"သွားစမ်းပါ ညာကလိရာ . . .၊ သူ့ခမျာ စိတ်ညစ်လို့ငိုနေရတဲ့အထဲ ဘာဖြစ်လို့ လာပြီးလှောင်နေရတာလဲ" ဟု ပြောလိုက်ရာ ညာကလိက–

"စိတ်ညစ်မနေနဲ့၊ စိန်နားကပ်ပိုင်ရှင်မိန်းမကို ဈေးဝမှာတွေ့ခဲ့တယ်၊ သူနဲ့အတူ ရဲလည်းပါလာတယ်၊





www.burmeseclassic.com

www.burmeseclassic.com



အမှုတာန်းပြီး ဖွင့်လိမ့်မယ်ထင်တယ်'' ဟု ပြောလေ၏။ ထိုအခါ မြရည်က –

''အစ်ကိုကံသာ ...၊ မြရည့်ရဲ့လက်တွေ အေးစက်လာပြီ မြရည်ကြောက်လိုက်တာ ...၊ မြရည်ကို ဂါတ်ကို ခေါ်သွားလိမ့်မယ်ထင်တယ် ...''ဟု ပြော၍ ငိုလေ၏။

''ဒီလောက်တောင်လည်း ကြောက်မနေပါနဲ့ မြရည်ရယ်၊ အစ်ကို ကံသာတစ်ယောက်လုံးရှိတာပဲ၊ ပိုးစိုးပက်စက်တော့ မဖြစ်နိုင်ပါဘူး'' ဟု ပြောဆိုနေကြချိန်မှာပင် စိန်နားကပ်ပိုင်ရှင်မိန်းမနှင့် ရဲအုပ်တစ်ယောက်သည် မြရည်၏ရွှေဆိုင်အတွင်းသို့ ဝင်လာလေ၏။ ထိုမိန်းမသည် မျက်နှာကြောတင်းတင်းဖြင့် –

''ဟော့ကောင်မ ငါရောင်းဖို့အပ်ထားတဲ့ စိန်နားကပ်ပြန်ပေး၊ မပေးရင် ဟောဒီရဲနဲ့ ရှင်းပေတော့'' ဟု ပြောလိုက်ရာ မြရည်သည် ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။ ကံသာလည်း မည်သို့မျှကြားဝင်၍ မဖြစ်ဘဲ ရှိနေလေ၏။ ထိုရဲအုပ်သည် ကံသာအား –







''ဆရာရေ ...၊ ခွင့်လွှတ်ပါနော်၊ အမှုကတော့ (၄၀၆) ကို ကျူးလွန်ထားပြီ၊ ယုံကြည်စွာ အပ်နှံထားတဲ့ပစ္စည်းကို အလွဲသုံးစားလုပ်လိုက်တဲ့ ကိစ္စပဲ၊ အာမခံတောင် ပေးလို့မရဘူး၊ ဒါတွေ ဆရာကိုကံသာ သိပါတယ်''ဟု ပြောလိုက်ရာ ကံသာက –

''ဟုတ်ပါတယ်ခင်ဗျာ၊ ဥပဒေအတိုင်း ဆောင်ရွက်ရမှာပေါ့၊ ဥပဒေမှာ အားနာတာတို့ ရင်းနှီးတာတို့ မရှိဘူးလေ၊ ဥပဒေအထက်မှာလည်း ဘယ်သူမှမရှိဘူးလေ၊ **No Man Above The Law**'' ဟု အင်္ဂလိပ်လိုပါပြောလိုက်လေတော့၏။ ထိုအခါ အရှုးညာကလိက –

''ဒီကိစ္စမှာ ကျွန်တော် နည်းနည်းဝင်ပြောချင်ပါတယ်'' ဟု ပြောလိုက်ရာ ရဲအုပ်က –

''ကိုယ့်လူက ဘာလဲ'' ဟု မေးလေ၏။ ထိုအခါ ညာကလိက –

''ကျုပ်က အရူးပါဗျာ၊ ညာကလိဆိုရင် ဒီနယ်မှာ အားလုံးသိကြပါတယ်၊ ရဲအုပ်ကြီးလည်း မှတ်ထားပါ၊ မိုးပေါ်မှာ မာတာလီတဲ့ ...၊ လူ့ပြည်မှာ





www.burmeseclassic.com

www.burmeseclassic.com



ညာကာလိတဲ့'' ဟု ပြောလိုက်ရာ လိုက်ပါလာသော ရဲအုပ်သည် စိတ်ညစ်၍ သွားလေ၏။

''ဒီမှာ ကိုယ့်လူရေ၊ အခုကိစ္စက အာမခံ တောင်မပေးနိုင်တဲ့ (၄၀၆)ကို ကျူးလွန်တဲ့ကိစ္စကွ၊ ကိုယ့်လူဝင်မရှုပ်နဲ့နော်၊ အရှုံးသောဘာသော နား မလည်ဘူး . . .၊ ဝတ္တရားနှောင့်ယှက်မှုနဲ့ ဖမ်းပြီးချုပ် လိုက်မယ်'' ဟု ပြောလိုက်ရာ ညာကာလိက –

''မြရည် ဒီမှာကြည့်စမ်း၊ နင်သူ့ဆီက ရောင်းဖို့ယူထားတဲ့ စိန်နားကပ်ဟာ ဒါလား'' ဟု ဆိုကာ အိတ်အတွင်းမှ စက္ကူဖြင့်ထုပ်ထားသော စိန်နားကပ် တစ်ရံကို ထုတ်၍ပြလေ၏။ ထိုအခါ မြရည်က –

''ဟုတ်တယ် . . .၊ ဟုတ်တယ်'' ဟု အားရ ဝမ်းသာ ပြောလေ၏။ စိန်နားကပ်ပိုင်ရှင် မိန်းမက လည်း

''ဟုတ်ပါ့တော်၊ ကျွန်မနားကပ်အစစ်ပါပဲ'' ဟုပြောရာ ညာကာလိက–

''ကောင်းပြီ၊ ဒီလိုဆိုရင် ဟောဒီစိန်နား ကပ်ကို ခင်ဗျားလက်ထဲပြန်ပြီးအပ်လိုက်မယ်၊ အမှု





မဖြစ်တော့ဘူးမဟုတ်လား'' ဟု မေးလိုက်လေ၏။ ထိုအခါ စိန်နားကပ်ပိုင်ရှင်မိန်းမက –

''ကိုယ့်ပစ္စည်း ကိုယ်ပြန်ပြီးရရင် အမှုမလုပ်ပါ ဘူး'' ဟု ဆိုသဖြင့် ညာကာလိလည်း စိန်နားကပ်ကို မြရည်၏လက်အတွင်းသို့ ထည့်ပေးလိုက်လေ၏။ မြရည်လည်း စိန်နားကပ်ကို ပိုင်ရှင်အမျိုးသမီး၏ လက်တွင်းသို့ ထည့်ပေးလိုက်လေ၏။ ထိုအခါ ညာ ကာလိက –

''ရဲအုပ်ကြီးခင်ဗျာ၊ စိန်နားကပ်ဟာ ပိုင်ရှင် လက်ထဲကို ပြန်ရောက်သွားပြီဆိုတဲ့အကြောင်း စာလေး တစ်စောင်ရေးပြီး လက်မှတ်ထိုးခဲ့ပါ၊ 'နှုတ်တစ်ရာ စာတစ်လုံး'တဲ့၊ ကျုပ်က ဒီလိုပြောလို့ ဝတ္တရားနှောင့် ယှက်မှု တော့ မဖြစ်ပါဘူး'' ဟု ပြောလိုက်ရာ ရဲအုပ် က –

''ကျုပ်လက်မှတ်ထိုးဖို့မလိုဘူး၊ ပိုင်ရှင် လက် မှတ်ထိုးရင် ပြီးတာပဲ'' ဟု ပြောလေ၏။ ထိုအခါ ညာကာလိက –

''ခင်ဗျားကလည်း သက်သေအဖြစ်ထိုးရ



www.burmeseclassic.com

www.burmeseclassic.com





ဦးမယ်၊ ဖြစ်နိုင်ရင် ကိုကံသာပါ ထိုးရမယ်'' ဟု ပြောရာ ရဲအုပ်လည်း မငြင်းသာတော့ဘဲ သက်သေအဖြစ် လက်မှတ်ထိုးရလေတော့၏။ ထိုအခါ ညာကလိက -

''မြရည် ပြဿနာအားလုံးပြီးသွားပြီ၊ ညှော်သည်တွေကို လက်ဖက်ရည်လေးဘာလေး တိုက်ဦးလေ'' ဟု ဆိုလိုက်သဖြင့် မြရည်က -

''ဟုတ်ပါရဲ့၊ မြရည်လည်း ထူပူပြီးမေ့နေတာ၊ ကိုညာကလိကြီးပဲ ဟောဟိုလက်ဖက်ရည်ဆိုင်က လက်ဖက်ရည်သွားယူပြီး ညှော်သည်တွေကို တိုက်စမ်းပါတော်'' ဟု ပြောသဖြင့် ညာကလိလည်း မလှမ်းမကမ်း၌ရှိသော လက်ဖက်ရည်ဆိုင်သို့သွားကာ လက်ဖက်ရည်များမှာပြီးလျှင် ယူလာ၍ ရဲအုပ်ကြီးကိုလည်းကောင်း၊ စိန်နားကပ်ပိုင်ရှင်ကိုလည်းကောင်း ပေးလေ၏။ မြရည်ကလည်း -

''သောက်ပါရှင် သောက်ကြပါ၊ ကျွန်မလည်း အခုမှ စိတ်အေးရတော့တယ်'' ဟု ပြောလေ၏။ ရဲအုပ်နှင့် စိန်နားကပ်ပိုင်ရှင် အမျိုးသမီးလည်း လက်ဖက်ရည်ကို သောက်ကြလေ၏။ ထိုအခါ ရဲအုပ်က -







''အမှုက မပြတ်သေးဘူး၊ ဒီစိန်နားကပ်တစ်ရံကို ဒီကိုညာကလိက ဘယ်ကရသလဲဆိုတာ ဂါတ်ကိုခေါ်ပြီး စစ်ရဦးမယ်'' ဟု ပြောလိုက်ရာ ညာကလိက ရယ်လေ၏။

''ဟောဒီလမ်းက လျှောက်သွားရင်း လက်ကိုင်ပုဝါခေါက်ကလေး တစ်ထည်ကို ကောက်ရလို့ ဖြည်ကြည့်တော့ အဲဒီနားကပ်ကိုတွေ့တယ်ဗျာ၊ ဂါတ်လည်း ခေါ်မနေနဲ့တော့ အခုဖြေပြီးပြီ'' ဟု ပြောလိုက်ရာ ရဲအုပ်က-

''ကောက်ရတယ်ဆိုလို့မပြီးဘူး'' ဟု ပြောလိုက်လျှင် ညာကလိက-

''ကောက်ရတယ်ပြောလို့ မပြီးဘူးဆိုတာ ကျုပ်ခိုးတယ်လို့ပြောမှ ပြီးမှာလား ရဲအုပ်ကြီးရဲ့'' ဟု ပြောလိုက်လျှင် ရဲအုပ်ကြီးက -

''ကျုပ်ပြောတာက ဒီလိုမဟုတ်ဘူး၊ ကျုပ်တို့ရဲအရာရှိတွေမှာက ဆင်ခြင်တုံတရားဆိုတာ ရှိတယ်ဗျ၊ လွယ်လွယ်ဖြေတာကို လက်ခံလို့မရဘူး၊ သဘာဝယုတ္တိနဲ့ ကြည့်ရဦးမယ်'' ဟု ပြောလိုက်လျှင် ညာကလိက -



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဟာ ခိုးတဲ့လူဆိုရင် ပြန်ပေးပါ့မလား ဗျာ၊ လိုချင်လို့ခိုးတဲ့ ဥစ္စာပဲ၊ ဘယ်လူပဲဒုက္ခရောက်ရောက် ဘယ်ပြန်ပေးပါ့မတုံး။ မိတ်ဆွေကြီးရဲ့ ဆင်ခြင်တုံတရားမှာ ဒီလိုရော အဖြေမထွက်ဘူးလား" ဟု ပြောလိုက်လေ၏။ ထိုအခါ ကံသာသည် မနေသာ တော့ဘဲ ထိုရဲအုပ်အား –

"သူ့ကို ခေါ်မသွားပါနဲ့၊ လိုချင်လို့ခေါ်ရင် ကျုပ်လာပို့ပါ့မယ်လို့ ကျုပ်တာဝန်ယူပါတယ်၊ သူက ဘယ်မှမပြေးပါဘူး၊ ဒီရပ်ကွက်မှာပဲနေတာပါ၊ ကျုပ် သူ့အတွက်အာမခံပါတယ်" ဟု ပြောလိုက်လျှင် ရဲအုပ်က –

"ဆရာကိုကံသာ တာဝန်ယူတယ်ဆိုရင် လည်း ပြီးတာပါပဲ"ဟု ဆိုကာ ထိုင်ရာမှထလေ၏။ ထိုသို့ ထပြီးနောက် –

"အမယ်လေး ဝမ်းသွားချင်လိုက်တာ၊ အိမ် သာဘယ်ဘက်မှာတုံး" ဟု မြရည်အား မေးလေ၏။ မြရည်က လက်ဖြင့်ညွှန်ပြပြီး –

"ဟောဟိုတည့်တည့်မှာ . . . "ဟု ပြောလိုက်





လေ၏။ ရဲအုပ်လည်း မြရည်ညွှန်ပြသောဘက်သို့ ပြေးသွားလေတော့၏။ ထို့နောက် စိန်နားကပ် ပိုင်ရှင်မိန်းမကလည်း –

"ကျွန်မလည်း အိမ်သာတက်ချင်တယ်၊ အဲဒီမှာ အမျိုးသမီး အိမ်သာရှိတယ်မဟုတ်လား" ဟု မေးလေ၏။ မြရည်ကလည်း –

"ရှိပါတယ်ရှင် . . .၊ ရှိပါတယ်" ဟု ဖြေလျှင် ထိုမိန်းမလည်း လွယ်ထားသောပိုက်ဆံအိတ်ကိုဖြုတ်၍ ညာကလိလက်သို့အပ်လေ၏။ ထိုအခါ ညာကလိ က –

"ယူသွားပါဗျာ၊ အမှုထပ်မတွဲစမ်းပါနဲ့၊ ဟိုဟာ ပျောက်တယ်၊ ဒီဟာ ပျောက်တယ်ဖြစ်ဦးမယ်၊ ဟို ရဲအုပ်ကြီးကလည်း ကျုပ်ကို ဖမ်းမယ်ဆီးမယ် တကဲ ကဲလုပ်နေတာ၊ ပိုက်ဆံအိတ်လွယ်ပြီး အိမ်သာမတက် ရဘူးလို့ အမိန့်ထုတ်မထားပါဘူးဗျာ၊ သွားမှာသာ သွားစမ်းပါ" ဟု ဆိုသဖြင့် ထိုမိန်းမလည်း ပိုက်ဆံ အိတ်ကိုလွယ်၍ အိမ်သာဆီသို့ ပြေးလေ၏။ ၎င်းတို့မရှိလျှင် ကံသာက –



www.burmeseclassic.com

www.burmeseclassic.com



''ကိုညာကလိရေ ...၊ ဟိုနွစ်ယောက် မနေနိုင်မထိုင်နိုင် အိမ်သာတက်ချင်ပုံဟာ ဆန်းတယ်ဗျ။ ခင်ဗျားလက်ချက်တော့မဟုတ်ပါဘူးနော် ...'' ဟု ပြောလိုက်လျှင် ညာကလိက –

''ဘိုးတော်သိကြားကယ်ပါဦး၊ ညာကလိကို ဒုက္ခပေးဖို့ ကြံစည်နေကြပြီ၊ သူတို့ဟာသူတို့ အိမ်သာတက်ချင်တာ၊ ညာကလိ ဘာမှမသိပါဘူး'' ဟု မိုးပေါ်ကို လက်အုပ်ချီ၍ တိုင်တည်လိုက်လေ၏။ ထို့နောက်တွင်ကား ရဲအုပ်နှင့် စိန်နားကပ်ပိုင်ရှင်မိန်းမသည် အိမ်သာမှပြန်လာပြီးလျှင် ကံသာကိုလည်းကောင်း၊ မြရည်ကိုလည်းကောင်း နှုတ်ဆက်၍ ပြန်သွားကြလေတော့၏။ ထိုအခါ၌ ညာကလိက –

''မြရည် ...၊ နင်တော့ ကံကောင်းတာပဲ၊ ဒီကိစ္စမှာ ငါမဝင်ရင်နင်တော့ အချုပ်ထဲရောက်နေပြီ'' ဟု ပြောလေ၏။ ထိုအခါ ကံသာက မနေသာတော့ဘဲ

''ကိုညာကလိ၊ ဒီစိန်နားကပ်ဟာ မြရည်က စိန်ပွဲစားနွစ်ယောက်ကို ပေးလိုက်တဲ့နားကပ်ပဲ၊ ခင်ဗျားလက်ထဲဘယ်လိုရောက်နေတာလဲ၊ အဲဒါကို





တော့ ဖြေပါ၊ ဟိုရဲအုပ်ကိုတော့ ခင်ဗျားကကောက်ရတယ်လို့ ဖြေလိုက်တယ်၊ ကျုပ်ကိုတော့ ဒီလိုဖြေလို့မရဘူးနော် ...'' ဟု ပြောလိုက်လျှင် ညာကလိက–

''မြရည်က အဲဒီစိန်ပွဲစားမိန်းမနွစ်ယောက်ကို စိန်နားကပ်ပြနေတုန်းက ကျုပ်က ဟောဟိုက မုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါးစားနေတာဗျ၊ အဲဒီမိန်းမနွစ်ယောက်ဟာ စိန်နားကပ်ကို နေရောင်မှာထောင်ပြီး ကြည့်နေကြတယ်၊ ကျုပ်က အဲဒီမိန်းမတွေကို သေသေချာချာလှမ်းပြီး ကြည့်လိုက်တယ်၊ ဦးစီးခေါင်းဆောင်လုပ်တဲ့ မိန်းမဟာ လက်သန်းလေး နည်းနည်းကောက်နေတယ်ဗျ။

အဲဒီလို လက်သန်းကောက်ကလေးတွေဟာ သူ့ဘက်ကပိုင်ရင် လိမ်တတ်တယ်ဗျ၊ အဲဒါကြောင့် မြရည်အတွက်စိတ်ပူပြီး ဒီမိန်းမနွစ်ယောက်နောက်က အသာကပ်ပြီးလိုက်သွားတာ၊ သင်္ကန်းကျွန်းဘက်ကို သွားတဲ့ ဘတ်စ်ကားပေါ်လည်းတက်ရော ကျုပ်လည်း လိုက်ပြီးတက်တယ်၊ ပြီးတော့ အနားကပ်ပြီး လွယ်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ပိုက်ဆံအိတ်ကို အသာနှိုက်ပြီး စိန်နားကပ်ကို ယူထားလိုက်တာ၊ မြရည်အတွက်ပါ၊ ကျုပ်ခိုးချင်လို့ မဟုတ်ပါဘူး'' ဟု ပြောလိုက်လျှင် ကံသာက –

''ခိုးချင်လို့ပဲ ခိုးခိုး၊ အပျင်းပြေပဲ ခိုးခိုး၊ အမှုဟာအမှုပဲ ကိုယ့်လူရေ့ ...၊ နောက်နောင် အဲဒီလို မလုပ်နဲ့'' ဟု ပြောလိုက်ရာ ညာကလိက–

''တော်တော်တော်တဲ့ စုံထောက်ကိုကံသာပဲ၊ ဟိုမိန်းမနှစ်ယောက်က လိမ်သွားရင် ခင်ဗျား မြရည်အတွက် ဘယ်လိုရှင်းပေးမှာလဲ၊ မြရည်ကို ကြည့်စမ်း ...၊ ငိုထားတာ မျက်ရည်နဲ့မျက်ခွက်၊ ခင်ဗျား မသနားဘူးလား၊ ခင်ဗျားကတော့ မြရည်ထက် ဥပဒေကိုချစ်မယ့်လူပါ၊ ကျုပ်ကတော့ ခင်ဗျားလို ရဲ မဟုတ်ဘူးလေ၊ အရူးပဲဗျာ၊ ဥပဒေတွေဘာတွေမသိဘူး၊ မြရည်ကိုသနားလို့ အသာလေးကစ်ထားလိုက်တာ၊ အဲဒီအတွက် အမှုကျူးလွန်တယ်ဆိုရင်လည်း ထောင်သာချလိုက်ပါဗျာ၊ မြရည်အတွက်ဆိုရင် ကျုပ်က ထောင်ကျခံဝံ့ပါတယ်၊ မြရည် နင်မြင်ပြီနော်၊ နင့်အစ်ကိုကံသာနဲ့ ငါနဲ့ သဘောထားအမှန်ကို နင်သိ







ပြီ မဟုတ်လား'' ဟု ပြောလိုက်ရာ ကံသာက ပြုံးလေ၏။ ထို့နောက် ကံသာက –

''ဒါတွေထားလိုက်ပါတော့ ကိုညာကလိရယ်၊ မြရည်က ခင်ဗျားအပေါ်မှာ မေတ္တာမှမထားဘဲ၊ ခင်ဗျားက ဘာကြောင့် စေတနာတွေ ပိုနေရတာတုံး'' ဟု မေးလိုက်လေ၏။ ထိုအခါ ညာကလိက –

''ဒီမှာ ကိုကံသာ၊ သေသေချာချာမှတ်ထား၊ ကျုပ်က မြရည်ကိုချစ်တယ်၊ မြရည်က ကျုပ်ကို ပြန်မချစ်ဘူး၊ ဒါကြောင့် ကျုပ်က သူ့ကိုတန်ဖိုးထားတာ၊ တကယ်လို့ သူက ကျုပ်ကို ပြန်ချစ်ရင် ကျုပ်က သူ့ကို ယူနေရဦးမယ်၊ ကျုပ်က သူ့ကိုမယူချင်ဘူး၊ ခင်ဗျားပဲ ယူလိုက်၊ ကျုပ်က အရူးပဲ၊ အိမ်ထောင်ပြုလို့မဖြစ်ဘူး၊ အိမ်ထောင်ပြုလိုက်ရင် လူကောင်းဖြစ်သွားမယ်၊ ကျုပ်က လူကောင်းမဖြစ်ချင်ဘူး၊ ငြိမ်းငြိမ်းချမ်းချမ်းလေး ရူးနေချင်တာ ...၊

အခုလိုရူးခွင့်ရတဲ့အတွက် မြရည်ကို တန်ဖိုးထားတာ ...၊ ခင်ဗျားနားလည်ပြီလား၊ အခု ကျုပ်ပြောတဲ့စကားကို ခင်ဗျားနားလည်ဖို့ ခင်ဗျားခေါင်း





www.burmeseclassic.com

www.burmeseclassic.com



ထဲမှာရှိတဲ့ ဆင်ခြင်တုံတရားနဲ့ မလုံလောက်ဘူး၊ အရှူးဆိုတာဘာလဲဆိုတဲ့ ဒက်ဖနေးရှင်းကိုဖွင့်ဖို့ ဂမ္ဘီရပညာကို နက်နက်ရှိုင်းရှိုင်းတတ်ရလိမ့်မယ်၊ ခင်ဗျားနဲ့ကဝေးပါတယ်ဗျာ'' ဟု ပြောလိုက်လေ၏။ ထိုအခါ မြရည်က –

''ကဲပါ ကိုညာကလိရယ်၊ ဘာစားမလဲပြောပါ'' ဟု မေးလိုက်လေ၏။

''ဘာစားမလဲမမေးနဲ့ဟ၊ မနက်စာကို မစားရသေးဘူး။ အဲဒီတော့ ငါ့ကို ထမင်းမှာပြီးကျွေးဟယ်၊ ကျွေးတဲ့အခါမှာလည်း ငါက အရှူးပဲဟယ်၊ ဖွယ်ဖွယ်ရာရာလည်း မစားတတ်ပါဘူး၊ ဟောဟို ဒေါ်မြထမင်းဆိုင်ကနေ ငါးမြင်းဗိုက်သားဆီပြန်တစ်ခွက်၊ ငါးရံ့ခေါင်းချဉ်ရည်တစ်ခွက်၊ ငါးဖယ်သုပ်ချဉ်စပ်လေးသုပ်ထားတာတစ်ပွဲ၊ ရွှေပဲသီးနဲ့ ပုစွန်နဲ့ကြော်ထားတာတစ်ပန်းကန်၊ ထမင်းစားပြီးရင်သောက်ဖို့ သံပုရာရည်ကောင်းကောင်းတစ်ခွက်၊ ငှက်ပျောသီးဖီးကြမ်းပျော်ပျော်နှစ်လုံး၊ အဲဒီလောက်ရရင်ပဲ အရှူးဘ၀စိုပြည်ပြီး အိုကေဖြစ်သွားပါပြီ'' ဟု ပြောလိုက်လျှင်





ကံသာက–

''ကိုညာကလိ ခင်ဗျားမှာတာ မစုံသေးဘူးဗျ၊ မှာပါဦးဗျာ . . .'' ဟု ပြောလိုက်လျှင် ညာကလိက –

''ကိုကံသာပြောတဲ့စကားဟာ စကားကောင်းမဟုတ်ဘူးဗျ၊ ကျုပ်ကိုငေါ့ပြီးပြောတာ . . .'' ဟု ပြောလိုက်လျှင် ကံသာက –

''စိတ်မဆိုးပါနဲ့ ကိုညာကလိရယ်၊ ခင်လို့ကျီစားတာပါ၊ ကျုပ်တောင်းပန်ပါတယ်'' ဟု ပြောလိုက်လေ၏။ ထိုအချိန်၌မှာပင် စောစောက ပြန်သွားသော ရဲအုပ်နှင့် စိန်နားကပ်ပိုင်ရှင်မိန်းမလည်း ဆိုင်တွင်းသို့ဝင်လာလေ၏။ ဆိုင်တွင်းသို့ရောက်လျှင် ထိုမိန်းမသည် ဘာမပြော ညာမပြောနဲ့ ချုံးပွဲချ၍ ငိုလိုက်လေတော့သတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၇)

## ညာကလိပ်ဖမ်းပေးသော စားရှူ

တစ်နေ့တွင် မြရည်တို့၏အိမ်ရှေ့၌ လူများ စုရုံးစုရုံးဖြစ်နေလေ၏။ အိမ်ပေါ်တွင်လည်း ရဲအရာရှိနှင့် ရဲသားများအလုပ်ရှုပ်လျက်ရှိနေ၏။ မြရည်သည် ဖင်ချထိုင်ကာ ခြေထောက်နှစ်ချောင်းဆင်း၍ ငိုကြွေးနေလေ၏။ ရဲအရာရှိမှာ မြရည်ကို လိုအပ်သည်များ မေးမြန်းနေလေ၏။ အချိန်မှာ ညနေ (၆)နာရီခန့်သာ ရှိသေးသော်လည်း ဆောင်းတွင်းကာလဖြစ်သောကြောင့် မှိုးချုပ်နေပြီဖြစ်၏။ ရဲအရာရှိသည် မြရည်အား မေးမြန်းပြီးနောက် ငုငုကြီးထိုင်၍နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ အရှုးညာကလိရောက်လာပြီး လျှင် အိမ်ရှေ့တွင်ရှိသော လူများကို 'ဘာဖြစ်တာလဲ' ဟု မေးလိုက်လေ၏။ ထိုအခါ ပရိသတ်အတွင်းမှ တစ်ယောက်သောသူက –

''ဓားပြတိုက်သွားလို့တဲ့ဗျို့ ...'' ဟု ဖြေလေ၏။ ထိုအခါ ညာကလိက –

''ဓားပြတိုက်တာကလည်း စောလှချေလား'' ဟု ပြောလိုက်ရာ ထိုလူက –

''ဟုတ်တယ်ဗျ ...၊ အခုမှ (၆)နာရီရှိ သေးတာ ...၊ ဆောင်းတွင်းမို့လို့ အစောကြီး မိုးချုပ် နေတာပဲ'' ဟု ပြန်၍ဖြေလေ၏။ ထို့နောက် ညာကလိသည် အိမ်ပေါ်သို့ပြေးတက်သွားရာ လှေကား ထိပ်တွင်စောင့်သောရဲက တက်ခွင့်မပေးပေ။ ထို့ကြောင့် ညာကလိက –

''ရဲဘော်ကြီးရယ် ...၊ ကျုပ်က ဒီအိမ်က ဓားပြတိုက်ခံရတဲ့ အဘိုးကြီးရဲ့ တူအရင်းပါ၊ ကျုပ်ကို တက်ခွင့်မပေးလို့ ဘယ်ဖြစ်မလဲ၊ ရဲဘော်ကြီးသိပါတယ်၊ မနက်ကျရင် မြင်းပွဲရှိတယ်၊ ကျုပ်က မြင်းတစ်ကောင်





ရထားတယ်၊ သုံးရောင်ခြယ်ဆိုတဲ့မြင်းကို ထိုးပေတော့၊ ထိုးတဲ့အခါလည်း 'ပလေး' မလုပ်နဲ့၊ 'ဝင်း'ပဲထိုး ...'' ဟု ပြောကာ အိမ်ပေါ်သို့ တက်သွားလေတော့၏။ ထို့နောက် မြရည်အနီးသို့သွားကာ –

''ဘယ်လိုဖြစ်တာလဲ မြရည်'' ဟု မေးလေ၏။ ထိုအခါ မြရည်က–

''ဪ ... ကိုညာကလိကြီးပါလား။ ဓားပြ တိုက်သွားလို့ ...၊ မြရည် ဈေးက ပြန်ရောက်ရောက် ချင်းပဲ ဓားပြတွေရောက်လာပြီး အဖေ့ကို ကြိုးနဲ့တုပ် တယ်၊ ပါးစပ်ကို အဝတ်စည်းတယ်၊ ပြီးတော့ မီးခံ သေတ္တာသော့ကို တောင်းတယ်၊ မြရည်ကိုလည်း ပါးစပ် ကို အဝတ်စည်းတယ်၊ ပြီးတော့ ဈေးကပြန်ယူခဲ့တဲ့ သားရေသေတ္တာကို ဆွဲပြီးယူလိုက်တယ် ...၊

အဲဒီအထဲမှာ ဈေးဆိုင်တင်တဲ့ ပစ္စည်းတွေ အကုန်ပဲ၊ ဓားပြတွေထွက် သွားတော့မှ မြရည်က အဖေ့နားကိုသွားပြီး နောက်ပြန်အနေအထားနဲ့ ချည် ထားတဲ့ ကြိုးထုံးကိုစမ်းပြီး ဖြည်ပေးလိုက်တာ ...၊ အဖေ ကြိုးပြတ်သွားတော့ အဖေက မြရည်ကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြီးဖြည်ပေးတယ်၊ အဲဒီကျတော့မှ မြရည်က ‘ဓားပြ . . . ဓားပြ . . .’လို့ အိမ်ရှေ့ထွက်ပြီးအော်တာ . . .၊ အိမ်နီးနားချင်းတွေ ပြေးလာကြတယ်၊ ဒါပေမဲ့ ဓားပြတွေက မရှိတော့ဘူး” ဟု ပြောလိုက်လျှင် ညာကလိက –

“အဲဒီအချိန်လောက်ဆိုရင် ဓားပြတွေဟာ လမ်းမှာ အမောပြေ လက်ဖက်ရည်ဝင်သောက်ပြီး အိမ်ကို ရောက်ကုန်ကြပြီပေါ့. . .” ဟု ပြောလိုက်လေ၏။ ထိုအခါ မြရည်က –

“အဲဒီကျတော့မှ အိမ်နီးနားချင်းတစ်ယောက်က ရဲစခန်းကို အကြောင်းကြားလိုက်တာ . . .” ဟု ပြောလျှင် ညာကလိက –

“အဲဒီအချိန်လောက်ဆိုရင် ဓားပြတွေ အိမ်ပြန်ရောက်လို့ စိတ်ချမ်းသာလက်ချမ်းသာနဲ့ အိပ်ကုန်ကြပြီပေါ့ . . .” ဟု ပြောပြီးလျှင် ထိုင်ရာမှထ၍ မီးခံသေတ္တာကိုသွား၍ကြည့်လေ၏။ မီးခံသေတ္တာနှင့် မလှမ်းမကမ်းနေရာတွင် စာတိုက်မှလာသောစာအိတ်များနှင့် စာများကို သံကလစ်ကြီးတစ်ခုဖြင့် ညှပ်၍တွဲထား





သည်ကို ညာကလိသတိပြုမိလေ၏။ မီးခံသေတ္တာနှင့် တည့်တည့်လောက်တွင်ရှိသော နံရံတွင် သံကလစ်တစ်ခုဖြင့်ညှပ်၍ ချိတ်ထားသော စာတစ်စောင်ကိုလည်း တွေ့ရလေ၏။ ညာကလိသည် ထိုစာကို ဖြုတ်ယူပြီးနောက် ဖတ်ကြည့်လေ၏။ ပြီးလျှင် မြရည် အနီးသို့လာကာ –

“ဒီမှာ မြရည်၊ ဟောဒီခဲတံနဲ့ ရေးထားတဲ့စာဟာ စာအိတ်မပါဘူး၊ ဒီနေ့နေ့စွဲနဲ့ ရေးထားတဲ့စာပဲ၊ စာထဲမှာက ဦးလေးကိုပေးထားတဲ့ဆေးတွေ ဒီည သောက်ဖြစ်အောင်သောက်ဖို့ မှာထားတာကို တွေ့ရတယ်၊ စာရေးတဲ့ လူကတော့ ဒီနေ့ညနေမှာ သူမလာနိုင်ဘူးတဲ့ . . .၊ အညာပြန်မယ့် မိခင်ကြီးကို ဘူတာလိုက်ပြီးပို့ရမယ်တဲ့” ဟု ပြောလိုက်ရာ မြရည်က –

“ဒီစာက အဖေ့ကို ဆေးကုနေတဲ့ မြန်မာဆရာက ပေးလိုက်တဲ့စာပါ၊ အဖေက ငှက်ဖျားရောဂါ အကင်းမသေသေးလို့ ဦးဟိန်စိန်ဆိုတဲ့ မြန်မာဆရာနဲ့ ကုနေတာ တစ်လလောက်ရှိပြီ၊ သူက ညနေတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး အဖေ့ကို ဆေးတိုက်နေကျပါ ...''
ဟု ပြောလေ၏။

''အဲဒါ ဟုတ်ပါပြီ ...၊ ဒီစာကို ဘယ်သူ
လာပေးသလဲ၊ ပြီးတော့ ဒီစာကို ဘယ်သူလက်ခံ
လိုက်သလဲ'' ဟု ညာကလိက မေးလေ၏။ ထိုအခါ
မြရည်က –

''မြရည်က ဈေးထွက်နေတာပဲ၊ မြရည်
လက်ခံတာမဟုတ်ဘူး၊ အဖေလက်ခံတာဖြစ်မှာ
ပေါ့ ...'' ဟု ပြန်၍ဖြေလေ၏။ ထိုအခါ ညာကလိ
က မြရည်၏အဖေ အား –

''ဒီမှာ ဦးလေး၊ ဦးလေးကို ဆေးကုတဲ့ ဆေး
ဆရာကပေးတဲ့စာ၊ ဦးလေး လက်ခံလိုက်သလား'' ဟု
မေးလိုက်ရာ မြရည်၏ ဖခင်ကြီးက –

''ဘာစာမှ လက်မခံဘူးကွ ...'' ဟု ပြန်၍
ဖြေလေ၏။ ထို့နောက် ညာကလိသည် ဟိုဒီလှျောက်
၍ ကြည့်ပြန်၏။ ထိုအခါ ရဲအရာရှိသည် မျက်စိ
နောက်၍ လာလေ၏။ ထို့ကြောင့် –

''ဟိုလူက ဘယ်ကလူလဲ ...၊ ဟိုလျှောက်





ဒီလျှောက်နဲ့ ...'' ဟု အော်လိုက်ရာ ညာကလိ
က –

''ကျွန်တော် အရှုံးညာကလိပါဗျာ၊ ဟောဒီ
မြရည်ဆိုတဲ့ မိန်းကလေးကို တစ်ဖက်သတ်ချစ်နေတဲ့
မြရည်ရဲ့ရည်းစား နှစ်ပိုင်းတစ်ပိုင်းပါ ...'' ဟု ဖြေ
လိုက်လျှင် ရဲအရာရှိသည် လေ့ကားထိပ်တွင် စောင့်
နေသော သူ၏ ရဲသားအား –

''ဟေ့ကောင် ...၊ ဒီအရူးကို ဘာဖြစ်လို့
တက်ခွင့်ပေးလိုက်တာလဲ၊ မောင်းချလိုက် ...'' ဟု
ပြောလေ၏။ ထိုအခါ ထိုရဲသားလေးလည်း–

''သူက ဒီဦးလေးကြီးရဲ့တူပါဆိုလို့ တက်ခွင့်
ပေးလိုက်တာပါ ...'' ဟု ပြန်၍ဖြေပြီးလျှင် ညာ
ကလိအားဆွဲ၍ အိမ်အောက်သို့ မောင်းထုတ်လိုက်
လေတော့၏။ ညာကလိသည် အောက်သို့ရောက်လျှင်
ဆိုက်ကားတစ်စီးငှား၍ ကံသာ၏အိမ်သို့ သွားလေ
တော့၏။

ကံသာနှင့်တွေ့လျှင် မြရည်တို့အိမ် စားပြ
တိုက်ခံရကြောင်းပြောရာ ကံသာလည်း ထိတ်ထိတ်ပျာ



www.burmeseclassic.com

www.burmeseclassic.com



ပျာဖြစ်၍ သွားလေတော့၏။ ထို့နောက် ညာကလိက နံ့ရံတွင်တွေ့ခဲ့ရသော ဆေးဆရာ၏ စာအကြောင်းကို ပါ ကံ့သာအား ပြောပြလေ၏။ ကံ့သာက–

''နေစမ်းပါဦး ကိုညာကလိရဲ့ . . . ၊ အဲဒီစာ ကို ခင်ဗျားက ဘယ်လိုထင်လို့တုံး . . . '' ဟု ပြန်၍ မေးလေ၏။

''ဒီလိုလေ ကိုရင်ကံ့သာရဲ့ . . . ၊ ဒီအိမ်ကို လာတဲ့ စာတွေအားလုံး စာအိတ်နဲ့တကွ သံကလစ်ကြီးမှာ သပ်သပ်ညှပ်ထားတယ်ဗျ . . . ၊ ဒီစာကတော့ အဲဒီကလစ်မှာတွေ့တာမဟုတ်ဘူး။ သံကလစ်တစ်ခုနဲ့ သပ်သပ်ချိတ်ထားတာ . . . ၊ ချိပ်ထားတဲ့နေရာက လည်း မီးခံသေတ္တာနဲ့ တည့်တည့်လောက်မှာရှိတဲ့ နံရံမှာဗျ . . . ၊ ဒါက ဘာသဘောလဲဆိုတော့ ဒီစာကို မြင်စေတွေ့စေချင်တဲ့ သဘောပဲ . . . ၊

စာထဲမှာပါတဲ့ အကြောင်းအရာက အဘိုးကြီးကို ဆေးကုနေတဲ့ ဆေးဆရာက သူ့အမေကို ဘူတာကိုပို့ဖို့ရှိလို့တဲ့ . . . ၊ ဒီညနေ သူမလာနိုင်ဘူးတဲ့ . . . ၊ ဒီစာရဲ့ ရည်ရွယ်ချက်က အခင်းဖြစ်ပွားတဲ့အချိန်မှာ







သူမရှိပါဘူးလို့ အလီဘိုင်ပေးချင်တဲ့သဘောပဲ၊ ဒါ ကြောင့် ဒီဆေးဆရာဟာ ဓားပြမှုနဲ့ ဆက်နွယ်နေတယ် ဆိုတာ ထင်ရှားတယ်ဗျာ . . . ၊ ပြီးတော့ စာထဲမှာက သူ့အမေဟာ အညာကို ပြန်မှာတဲ့ . . . ၊ အဲဒီတော့ ဆေးဆရာဟာ အညာသားဗျ၊ ကျုပ်တို့ ဟောဒီမြို့မှာ က အညာသားတွေရောက်လာရင် ဘယ်နေရာမှ မနေဘူးဗျ၊ အညာစုဆိုတဲ့ နေရာမှာပဲ စုပြီးနေကြ တာ . . . ၊

နောက်တစ်ခုက ဒီစာဟာ အဲဒီလိုသာ ချိတ်ထားတာ . . . ၊ မြရည်လက်ခံတာလည်း မဟုတ်ဘူး၊ သူ့အဖေလက်ခံတာလည်း မဟုတ်ဘူး၊ စာက အလိုလိုရောက်နေတဲ့ သဘောဖြစ်နေတယ်၊ ဘာပဲဖြစ်ဖြစ် ဓားပြတွေချိတ် သွားတာပါဗျာ . . . ၊ ဆေးဆရာက အဲဒီလိုချိတ်ခဲ့ရမယ်လို့ မှာလို့ ချိတ်သွားတာပါဗျာ . . . ၊ အကောင်းဆုံး အကြံပေးချင်တာကတော့ ကျောင်းက သင်ပေးတာတွေ ပြန်ပြီးစဉ်းစားမနေနဲ့၊

အညာစုကိုသွားပြီး ဒီဆေးဆရာကို ဖမ်းလိုက်ဗျာ . . . ၊ ဒီဆေးဆရာမှာတဲ့အတိုင်း ဓားပြတွေက





www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးလုပ်ရတယ်ဆိုတာ ထင်ရှားနေပြီပဲ၊ အဲဒီတော့ ဆေးဆရာက အဲဒီအဖွဲ့ရဲ့ခေါင်းဆောင်ပဲ၊ သူပဲ လက်ထောက်ချ၊ သူပဲ အကွက်ဆင်တာဖြစ်မှာ . . .၊ အချိန်ရွေးထားတာကလည်း မြရည်ရွှေဆိုင်ကအပြန်အချိန်ကို ရွေးထားတာဗျ . . .၊ ခတ်သိပေ့ါဗျာ . . .'' ဟု ညာကလိက ပြောလေ၏။ ထို့ကြောင့် ကံသာလည်း ခြောက်လုံးပြူး သေနတ်ကိုယူ၍ ထိုမြို့၏ရဲစခန်းမှ ရဲသားငါးဦးကို တယ်လီဖုန်းဖြင့် အညာစုထိပ်ရှိ ခေါက်ဆွဲကြော်ဆိုင်သို့လာရန် ခေါ်ယူလိုက်လေ၏။ ပြီးလျှင် ထိုဆိုင်သို့ ညာကလိကိုလည်း ခေါ်၍သွားလေ၏။

ထိုဆိုင်သို့ရောက်လျှင် မှာထားသောရဲသားများ ရောက်ရှိနေပြီဖြစ်၏။ ကံသာသည် ထိုရဲသားများကို ခေါ်၍ အညာသားဆေးဆရာဟန်စိန်၏အိမ်သို့ ဝိုင်းလေတော့၏။ ဟန်စိန်၏အိမ်တွင် ဓားပြတိုက်စဉ်က ပါဝင်ခဲ့သော အခြားဓားပြလေးဦးကိုပါ အသင့်တွေ့ရသဖြင့် ဖမ်းဆီးလိုက်လေ၏။

ထိုဓားပြများသည် လူစုမခွဲသေး။ အရက်သောက်၍ အောင်ပွဲခံ နေကြခြင်းဖြစ်၏။ ဂါတ်သို့ခေါ်





သွားပြီးစစ်ဆေးရာ ဓားပြမှုကြီးပေါ်သွားလေတော့၏။ တိုက်ရာပါပစ္စည်းများနှင့် ငွေများကိုလည်း တစ်ခုမကျန် သိမ်းဆည်းရမိလေ၏။ အမှုပေါ်သောအခါ၌ ကံသာသည် ညာကလိကိုခေါ်၍ မြရည်၏အိမ်သို့ သွားလေ၏။ လမ်းတွင် ကံသာက –

''ဆေးဆရာရဲ့ ဓာလေးကိုကြည့်ပြီး ဓားပြမှုကြီးတစ်မှုလုံးပေါ်အောင် စဉ်းစားနိုင်တာကတော့ ကိုညာကလိရဲ့ အရည်အချင်းပါပဲ၊ တော်ပါပေ့ဗျာ . . .'' ဟု ပြောလိုက်ရာ ညာကလိက –

''တော်မှာပေ့ါ . . .၊ ကိုယ်က အရှုးပဲဥစ္စာ'' ဟု ပြန်၍ပြောလေ၏။

''ကိုညာကလိ . . .၊ ရဲထဲဝင်ပါလားဗျာ၊ ကျုပ်ကူညီပါ့မယ် . . .'' ဟု ပြောလိုက်ရာ ညာကလိက–

''အမယ် . . . မ . . . မ . . . မလုပ်ပါနဲ့၊ ရဲထဲရောက်သွားရင် ဝတ္တရားတွေက အများကြီးဗျ၊ ကျုပ်အနေနဲ့ ရူးခွင့်မရဘဲ ဖြစ်နေဦးမယ် . . .'' ဟု ပျာပျာသလဲ တောင်းပန်လိုက်လေတော့သတည်း။ ။

* * *



www.burmeseclassic.com

www.burmeseclassic.com











## အခန်း (၁၈)

## ညာထလိုရသော လက်ဆောင်

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး များမကြာမီအဖြစ်မှာပင် ကံသာနှင့် မြရည်တို့သည် လက်ထပ်ရန် စီစဉ်ကြရလေတော့၏။ မြရည်၏ဖခင်ကြီးကလည်း မြရည်ကို ကံသာနှင့် သဘောတူ၏။

"မြရည်ရေ . . .၊ မင်္ဂလာမဆောင်ဘူးကွား၊ ရုံးတက်ပြီး လက်မှတ် ထိုးကြရအောင်၊ ပြီးတော့ မိတ်ဆွေတွေကိုဖိတ်ပြီး အစ်ကိုကံသာတို့ နှစ်ယောက် အကြင်လင်မယားဖြစ်သွားကြပြီဆိုတာ အသိအမှတ်ပြုတဲ့ ညစာစားပွဲလေးလုပ်ကြရအောင် . . ." ဟု ကံသာက





www.burmeseclassic.com

www.burmeseclassic.com



ပြောရာ မြရည်က သဘောတူလေ၏။ ထို့ကြောင့် မြရည်က –

"အစ်ကိုကံသာ ကြိုက်သလိုစီစဉ်ပါ၊ မြရည် လက်ခံပါတယ်၊ ရုံးတက်ပြီး လက်မှတ်ထိုးတဲ့နေ့မှာ တော့ လူကြီးတွေဖိတ်ပြီး ရုံးကိုခေါ်သွားမယ် အစ်ကို ကံသာ၊ အဲဒီနေ့မှာပဲ အိမ်မှာ မင်္ဂလာဆွမ်းကျွေးလိုက် တာပေါ့၊ ခေါ်သွားမယ့် ဧည့်သည်တွေကိုလည်း ကျွေး ရမှာပဲမဟုတ် လား ..." ဟု ပြောလိုက်ရာ ကံသာ က –

"ကောင်းပါတယ်၊ အဲဒီအတိုင်း စီစဉ်လုပ် လိုက်တာပေါ့ ..."ဟု ပြောလေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် ၎င်းတို့နှင့် ရင်းနှီးသော 'ဆရာ မင်းသိခ်' ဆိုသည့် ဗေဒင်ဆရာကြီးထံသို့ သွားရောက် ကာ မင်္ဂလာရက်ကို ရွေးကြလေ၏။

၎င်းဆရာကြီးက ထိုနှစ်၏ ဖေဖော်ဝါရီလ (၇) ရက်နေ့ကို လက်ထပ်ရန်ရက်အဖြစ် ရွေးချယ်ပေး လိုက်လေ၏။ ကံသာသည် လက်ထပ်မည့်နေ့တွင် ၎င်း၏ဆရာ ဦးဘော်ဟွန်းအားလည်းကောင်း၊ ၎င်း၏





ဦးလေး ဦးလှလှနှင့် ဦးလှလှ၏ဇနီး ဒေါ်မေရီအား လည်းကောင်း၊ အစဉ်သဖြင့် ၎င်းတို့ကို ကူညီရန် အသင့်ရှိခဲ့သော ဆရာဝန်ကြီးဦးမြဖူးအားလည်း ကောင်း ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဖိတ်ကြားခဲ့ လေ၏။

ထိုလူကြီးလူကောင်းများသည် ဖိတ်ကြားထား သော နေ့ရက်သို့ ရောက်သောအခါ အသီးသီးအလျှိုလျှို မြရည်၏အိမ်သို့ ရောက်ရှိလာကြကုန်၏။ ဖိတ်ကြား ထားခြင်းမရှိဘဲ ရောက်ရှိလာသူမှာ အရှုးညာကာလီပင် ဖြစ်၏။ အရှုးညာကာလီသည် လည်ကတုံးရှပ်အင်္ကျီ၊ လီနင်သားအဖြူဖြင့် ချုပ်ထားသော တိုက်ပုံအင်္ကျီ၊ ခဲရောင်ဘန်ကောက်လုံချည်၊ ကြက်သွေးရောင် ကတ္တီပါဖိနပ်တို့ကို အချိုးကျကျ ဝတ်ဆင်ထား၏။ ထို့ ပြင် ခေါင်းကိုလည်း သေသပ်ကျနစွာ ဖြီးလိမ်းထား လေ၏။ ကံသာက ညာကာလီအား –

"ကဲ ဆိုစမ်းပါဦး ကိုညာကာလီ၊ ဘာကိစ္စလဲ" ဟု မေးလိုက်ရာ ညာကာလီက အိတ်တွင်းမှ စီးကရက် ဘူးကိုထုတ်၍ စီးကရက်တစ်လိပ်ကို နှိုက်ယူကာ နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ခမ်းဖျားတွင် တော့ပြီးလျှင် အကောင်းစား ရွှန်ဆင် မီးခြစ်ကို ထောက်ခနဲခြစ်၍ မီးတို့လိုက်ပြီးလျှင် –

“ဘာကိစ္စလဲဆိုတော့ အာဝံဂါဟာဝိဝါဟာကိစ္စပေါ့၊ ကိုရင်ကံ့သာနဲ့ မြရည်တို့ ဒီနေ့ ရုံးမှာ လက်မှတ်ထိုးကြမယ်မဟုတ်လား။ ပြီးတော့ ဒီအိမ်မှာ မင်္ဂလာဆွမ်းကျွေးကြမယ်လေ ...၊ အဲဒီတော့ ကျုပ်က မလာလို့တယ်ဖြစ်မလဲ၊ ဒါကြောင့် လာခဲ့ရတာဗျို့ ...၊ လာတော့လည်း ကိုရင်တို့ ဂုဏ်သိက္ခာကိုမထိခိုက်အောင် ကောင်းကောင်းမွန်မွန် ဝတ်စားလာရတာပေါ့၊ ဟောဒီ တိုက်ပုံအင်္ကျီက ရေကျော် မောင်ဆောင်းမှာချုပ်တာ ...၊ ဟောဒီ ရုပ်အင်္ကျီက ‘ဝင်းကြည်ဘရားသား’မှာ ချုပ်တာ ...၊ ဟောဒီ ဘန်ကောက် လုံချည်က မြပိုးထည်တိုက်ကဝယ်တာ ...၊ စီးထားတဲ့ ကတ္တီပါဖိနပ်က မန္တလေးစောင်းကောက်ဖိနပ်၊ ဟောဒီ မီးခြစ်က ရှိုးလ်တိုက်က ဝယ်ထားတာ၊ ဆွတ်လာတဲ့ ရေမွှေးက ပြင်သစ်ကထုတ်တဲ့ ပါရီမြို့ရဲ့ ညနေခင်းဆိုတဲ့ ရေမွှေး” ဟု ပြောလိုက်ရာ ကံ့သာက ရယ်လေ၏။ ရယ်ပြီးနောက် –







“မင်္ဂလာဆောင်ကို လာတယ်ဆိုရင်တော့ ထုံးစံအတိုင်း လက်ဖွဲ့ပစ္စည်းပါမှ ကောင်းလိမ့်မယ်ထင်တယ်” ဟု ပြောလိုက်ရာ အရှုးညာကလိက –

“အစ်ကိုကံ့သာရယ် ...၊ အများဆိုင်ရာကျင့်သုံးတဲ့ ယဉ်ကျေးမှုကို ကျုပ်လည်း နားလည်ပါတယ်ဗျ၊ ဘာကြောင့် နားလည်သလဲဆိုတော့ ကျုပ်က အရှုးပဲဥစ္စာ၊ ဒါတွေကို လေ့လာထားရတာပေါ့ ...၊ အဲဒီယဉ်ကျေးမှုတွေကို ကိုကံ့သာဘက်က လိုက်နာဖို့ လိုပါတယ်ဗျာ၊

ကိုယ့်အိမ်ကိုလာတဲ့လူဟာ ကိုယ့်ရဲ့ညီသည်ပဲ၊ ဘယ်လိုညီသည်ပဲဖြစ်ဖြစ် အရှုးကို ဆက်ဆံသလို မဆက်ဆံမိဖို့ အရေးကြီးပါတယ် ...၊ ဥပမာဗျာ ... ညာကလိဟာ အရှုးပဲ၊ ဒါပေမဲ့ အခုလာတာ အရှုးအဖြစ်နဲ့ လာတာမဟုတ်ဘူးနော်၊ ကိုကံ့သာ၊ မမြရည်တို့ မင်္ဂလာဆောင်ကိုလာတဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်းဆိုတဲ့ ခေါင်းစဉ်အောက်က လာတာနော်၊ ဒါကြောင့် ကျုပ်ကို ဆက်ဆံတဲ့အခါမှာ အရှုးကိုဆက်ဆံတာမျိုး မဆက်ဆံမိဖို့ပါပဲ၊ ဘာကြောင့်မှ





www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ အံ့ချော်သွားမှာစိုးလို့ပါ'' ဟု ပြောလိုက်လေ၏။ ထိုအခါ ကံသာက –

''ကောင်းပါပြီ ကိုညာကာလီရယ်. . '' ဟု ဝန်ခံကတိ ပေးလိုက်ရလေ၏။ ၉ နာရီထိုးသောအခါ တရားရုံးသို့သွားကြလေ၏။ တရားရုံးတွင် တရားသူကြီးမင်း ဦးသောင်းမြင့်က လက်ထပ်ပေးမည်ဖြစ်၏။ ထိုရုံးမှ ရှေ့ဖတ်စာရေး ကိုဝင်းတင်က လက်ထပ်စာချုပ်နှစ်စောင်ကို ဝယ်ယူ၍ ပြင်ဆင်ထားပြီးဖြစ်၏။ တရားသူကြီးမင်း ရောက်လာသောအခါ မြရည်ကို တရားသူကြီးမင်းက မိမိသဘောဆန္ဒဖြင့် မိမိလက်ထပ်ကြောင်း။ တစ်စုံတစ်ယောက်၏ ဖြားယောင်းသွေးဆောင်မှု၊ ခြိမ်းခြောက်မှုမပါဘဲ လက်ထပ်ခြင်း ဟုတ်မဟုတ် မေးမြန်းပြီးလျှင်လက်မှတ်ထိုး၍ပေးလိုက်လေ၏။

ကံသာကလည်း ရုံးမှလူများကို လက်ဖက်ရည်မှာ၍ တိုက်လေ၏။ တရားသူကြီး ဦးသောင်းမြင့်သည် ဆရာဝန်ကြီး ဦးမြဖူးအားလည်းကောင်း၊ ဦးလူလုတို့ ဇနီးမောင်နှံအားလည်းကောင်း ရင်းနှီးစွာ



BURMESE CLASSIC .com



နှုတ်ဆက်လေ၏။

လက်ထပ်လက်မှတ်ထိုးပြီးသောအခါ၌ ကံသာတို့လူစုသည် အိမ်သို့ပြန်လာခဲ့ကြလေ၏။ အိမ်သို့ရောက်သည့်အခါ၌ ဘုန်းကြီးများကြွလာပြီဖြစ်သဖြင့် ဆွမ်းကပ်ကြလေ၏။ ညာကာလီသည် ဆွမ်းပွဲများလာရောက်၍ ချပေးပြီးလျှင် ယပ်ခတ်ပေး၏။ ဘုန်းကြီးများ ဆွမ်းစားပြီး၍ပြန်ကြသောအခါ၌ အခြားသောဧည့်သည်များ တပွဲပွဲရောက်ရှိလာလေတော့၏။ ဦးမြဖူးသည် ကွယ်လွန်သွားသော သမီးလေးမြရည်အား သတိရသဖြင့် မျက်လုံး၏ ထောင့်စွန်းတွင် မျက်ရည်များစို့၍လာလေ၏။

ထိုအချိန်၌ မြရည်၏ဖခင်ကြီးက မြရည်တို့ဇနီးမောင်နှံအား လက်ဖွဲ့အနေဖြင့် မြရည်ထွက်နေသော ရွှေဆိုင်ကို ရှေ့နေကြီးတစ်ဦး၏ အကူအညီဖြင့် စာချုပ်စာတမ်းပြုလုပ်ပြီး အပြီးအပိုင် လွှဲလိုက်လေတော့၏။ ဆရာဝန်ကြီး ဦးမြဖူးကလည်း ဒေါ်မေရီထံမှ ဝယ်ယူခဲ့သော ခြံနှင့်အိမ်ကို လက်ဖွဲ့အဖြစ်ဖြင့် ကံသာတို့ဇနီးမောင်နှံအား စာချုပ်စာတမ်းများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လွှဲအပ်ပေးလိုက်လေ၏။

ထိုခြံနှင့်အိမ်မှာ ကံသာငယ်စဉ်က နေခဲ့ရသော နေရာပင်ဖြစ်၏။ ဆရာဝန်ကြီးသည် ထိုသို့ လက်ဖွဲ့ပြီးလျှင် –

''ကံသာ လက်ထပ်ရမယ့် မိန်းကလေးက မြရည်ပါပဲ၊ ဒါပေမဲ့ ဒီမြရည်တော့မဟုတ်ဘူး၊ ကျုပ်သမီး မြရည်၊ ဒါပေမဲ့ သူတို့နှစ်ယောက်က ဖူးစာမပါလာတော့ မဆုံဆည်းကြဘူးလေ၊ သူတို့နှစ်ယောက် လက်ထပ်ဖြစ်ရင်လည်း ဒီခြံနဲ့အိမ်ကို လက်ဖွဲ့မယ်လို့ ရည်စူးပြီးသားပါ၊ ဒါပေမဲ့ ကျုပ်သမီးမြရည်က လောကကြီးမှာ မရှိတော့ပါဘူး၊

လန်ဒန်မြို့တစ်နေရာမှာပဲ ကားချင်းတိုက်လို့ အနိစ္စရောက်သွားပါပြီ ...၊ အဲဒီကိစ္စအတွက် မြရည်အတွက်ရတဲ့ လျော်ကြေးငွေထဲက ငွေ (၇)သိန်းကို မောင်ကံသာနဲ့ ဟောဒီ သမီးမြရည်တို့ လက်ထပ်တဲ့ ကိစ္စမှာ ကျုပ်က လက်ဖွဲ့ပါတယ်'' ဟု ဆိုကာ ချက်လက်မှတ်တစ်စောင်ကို လက်ဖွဲ့လိုက်လေ၏။ ထို့နောက် ဒေါ်မေရီကလည်း ဂျင်းဘောင်းဘီအရှည်







နှင့် စပို့ရှပ် အဝါရောင် အသစ်တစ်စုံကို လက်ဖွဲ့လိုက်လေတော့၏။ ထို့နောက် ဦးဘော်ဟွန်းကလည်း ကျောင်းကားအဖြစ် ကံသာမောင်းခဲ့သော မော်တော်ကားကို လက်ဖွဲ့လိုက်လေ၏။ ထိုအခါ ကံသာက အရူးညာကလီအား လှမ်းကြည့်ပြီးလျှင် –

''လူကြီးမင်း ညာကလီ ....၊ ခင်ဗျား လက်ဖွဲ့ဖို့ အလှည့်ပဲကျန်တော့တယ် ...'' ဟု ပြောလိုက်ရာ ညာကလီက –

''လာမယ်လေ ...'' ဟုဆိုကာ ၎င်း၏ အင်္ကျီအိတ်အတွင်းမှ ကတ္တီပါဘူးအနီလေးကို ဖွင့်ပြီးလျှင် စိန်နားကပ်တစ်ရန်ကို နှိုက်ယူ၍ မြရည်ဘက်သို့ လှည့်၍ –

''မြရည်ရယ် ပန်ထားတဲ့ နားကပ်ကိုဖြုတ်ပြီး ဒီနားကပ်ကိုပဲ ပန်လိုက်ပါ'' ဟု ပြောလိုက်လေ၏။ မြရည်လည်း ပန်ထားသော နားကပ်ကို ဖြုတ်ကာ ညာကလီလက်ဖွဲ့သော စိန်နားကပ်ကို ပန်လိုက်လေ၏။ ကံသာသည် ထိုစိန်နားကပ်ကို ကြည့်ပြီးနောက် စားပွဲပေါ်တွင်တင်ထားသော လက်ထိပ်ကိုလှမ်း၍ယူကာ–





BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





"ဒီမှာ လူကြီးမင်း ကိုညာကလီ၊ ဒီနားကပ်ကို ကျုပ်ကောင်းကောင်းမှတ်မိတယ်၊ မြရည်ဆိုင်က အပြန်မှာ ပျောက်သွားတယ်ဆိုတဲ့ ဟိုမိန်းမကြီးရဲ့နားကပ်ဗျ၊ ဒါကြောင့် စိန်နားကပ်ခိုးမှုနဲ့ ခင်ဗျားကို ဖမ်းမယ်ဗျာ" ဟု ဆိုကာ 'ချောက်'ခနဲ လက်ထိပ်ခတ်လိုက်လေတော့၏။ ညာကလီက လက်ထိပ်ကို ငုံ့၍ ကြည့်ပြီးနောက် –

"ကိုရင်ကံသာရေ . . .၊ ခင်ဗျားတို့ မင်္ဂလာဆောင်ကို လာရောက် ချီးမြှင့်တဲ့အတွက် ကျုပ်ကိုပေးတဲ့ လက်ဆောင်ဟာ ဒါပဲလား . . ." ဟု မေးကာ အသံနက်ကြီးဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေတော့သတည်း။

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား . . ."

" ပြီးပါပြီ "





BURMESE CLASSIC .com

www.burmeseclassic.com